www.burmeseclassic.com

# တောင်လှမျိုး

ချင်းချောင်းခြို ၂

ကန္တာရဆောင်း

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

ငါ့ကို ပူလောင်စေတဲ့
မင်းရဲ့မျက်နှာလေးကို
အိုအေစစ်...လို့ ထင်မိတယ်။

www.burmeseclassic.com

ကောဇ္ဇူ

တေးမြိုမြိုသွေး

အမုန်းပေးလည်း

ဆေးတစ်ခွက်လို သောက်ပါမယ် ။

www.burmeseclassic.com

ထိုမနက်က...

နှင်းတွေဝေနေလေသည်...။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

၁။

မမကို စတင်တွေ့မြင်သည့်မနက်က ဘောလုံးကွင်းပြင်၌သည်းကောင်း၊ ကျွန်တော်ရပ်နေရာ ဂိုးတိုင်၏အနောက်ဘက်(မူလတန်းစာသင်ကျောင်းနှင့် ဂိုးတိုင်၏အကြား) လူသွားလမ်းကလေးပေါ်၌သည်းကောင်း၊ နှင်းတွေဝေနေသည်။

●

အလုံလမ်း (ယခင်မစ်ရှစ်လမ်း)ဘူတာ၏ ရထားသံလမ်းများဘေးတွင် ဘုရားရှိခိုးကျောင်းဝင်းရှိသည်။ ထို ဘုရားရှိခိုးကျောင်း

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အတွင်းရှိ ဘုရားရှိခိုးကျောင်းနံဘေးတွင် ဘောလုံးကွင်းရှိသည်။ ထိုဘောလုံးကွင်းတွင် မနက်တိုင်း ကျွန်တော်ဘောလုံးကစားသည်။ ကျွန်တော်က အပျော်တမ်းဘောလုံးဂိုးသမား။

ထိုဘောလုံးကွင်းတွင် နိုင်ငံ့လက်ရွေးစင်ဘောလုံးသမားတချို့၊ ပထမတန်း၊ ဒုတိယတန်းမှ ဘောလုံးသမားတချို့ လာရောက်လေ့ကျင့်ကစားလေ့ရှိ၏။ ထိုသမ္မာရင့် ဘောလုံးပညာရှင်များအကြားတွင် ကျွန်တော်က အပျော်တမ်းဂိုးဖမ်းသမား။

အပျော်တမ်းဘောလုံးသမားဟု ကိုယ့်ကိုကိုယ် သတ်မှတ်ထားရခြင်းအတွက် ကျွန်တော်စိတ်မကောင်းပါ။ ထိုသို့ အပျော်တမ်းကစားနေရသူဟု ကိုယ့်ကိုကိုယ် သတ်မှတ်စိတ်လျှော့ထားရသည့်အကြောင်းကတော့ (နှလုံးရောဂါသည်) ကျွန်တော့်မေမေကြောင့်ပင်ဖြစ်၏။

•

ကျွန်တော့်ဖေဖေ(ဦးကျော်ခန့်)က ငွာနတစ်ခုမှ ဘောလုံးသမားဟောင်းတစ်ဦးဖြစ်၏။ ဘောလုံးကန်ရင်း ဖေဖေ့ဘယ်ဘက်ခြေခုံရိုး ကျိုးခဲ့ရရှာသည်။ ထို့ကြောင့် ဘောလုံးကစားခြင်းကို ဖေဖေ





ရပ်တန့်ခဲ့ရ၏။

ဘောလုံးကို ကိုယ်တိုင်မကန်တော့သော်လည်း ဖေဖေကနီးစပ်ရာဘောလုံးသမားများကို သင်ပြပေးလေ့ရှိခဲ့သည်။ ကျွန်တော်လည်း ဖေဖေ့သင်တန်းဆင်းပေါ့။

ဖေဖေ့၏သွေး ကျွန်တော့်တွင် ကိန်းအောင်းခဲ့ခြင်း ဖြစ်ပါလိမ့်မည်။ ခုန်ပေါက်ပြေးလွှားကာစလူမှန်းသိတတ်စအရွယ်ကတည်းကဘောလုံးကို ကျွန်တော်ချစ်တတ်ခဲ့သည်။

ဆယ့်ခြောက်အောင်စ အလေးချိန်ရှိသော ဘောလုံးကို မနိုင့်တနိုင် ကန်ကြောက်ကစားခဲ့ရာမှ နိုင်နင်းစွာကစားနိုင်သည့် အရွယ်မှာတော့ ကျွန်တော်ချစ်သော တိုက်စစ်မှူးဖေဖေက သူချစ်သော ဘောလုံးကစားခြင်းကို ရပ်တန့်လိုက်ရလေသည်။

ဒါပေမယ့် ဖေဖေသည် ကျွန်တော်၏ ပထမဆုံးနည်းပြဆရာဖြစ်ခဲ့၏။ ဖေဖေကန်သည့် ဘောလုံးပွဲများကို ဟိုး…ငယ်ငယ်တုန်းကသာ ကြည့်ဖူးခဲ့ရသည်။

ဖေဖေနှင့်အတူ ဖေဖေ့သူငယ်ချင်းများရှိရာ ဘောလုံးကွင်းများသို့ ကျွန်တော်ရောက်ဖူးခဲ့သည်။ ဖေဖေနှင့်အတူ ဘောလုံးပွဲပေါင်းများစွာ ကျွန်တော်ကြည့်ဖြစ်ခဲ့သည်။ ဘောလုံးပွဲကြည့်စင်သည်လည်း ကျွန်တော်၏ သင်တန်းကျောင်း။ နံဘေးရှိ ဖေဖေက ကျွန်တော့်၏



www.burmeseclassic.com

www.burmeseclassic.com



နည်းပြ။

"ဟာကွာ၊ ဂိုးရမယ့်...အလုံး။ အဲဒါ ဘာကြောင့် မဂိုးတာလဲ။ သား...သတိပြုမိလား"

"လူ မပေးလို့လား ဖေဖေ"

ဖေဖေ ခေါင်းခါသည်။

"လူပေးရင် Man Out ဖြစ်မယ်လေ။ လူပေးစရာမလိုတော့ဘူး။ သူကိုယ်တိုင် သွင်းရတော့မှာပဲ...။ ဂိုးတိုင်တည့်တည့်က ကန်တဲ့အလုံး၊ ဂိုးပေါက်ဘက်ကို ခါးမချွဲဘဲ တောင့်တောင့်ကြီးကန်လိုက်တော့ ဂိုးတိုင်အပြင်ဘက်ကို လျှံထွက်သွားတာပေါ့။

ဘောလုံးသမားကောင်းဆိုတာ တောင့်တောင့်တင်းတင်း ကစားနိုင်ဖို့လိုသလို နွဲ့နွဲ့နှောင်းနှောင်း၊ ပျော့ပျော့ပျောင်းပျောင်း ကစားတတ်ဖို့လည်း လိုတယ်"

"ပျော့ပျော့နေရင် သူများခြေထောက်ထဲ ကိုယ့်ဘောလုံးပါသွားမှာပေါ့ ဖေဖေရ"

"ဘောလုံးကို ယှဉ်လုတဲ့အခါမှာ Body ချင်း ယှဉ်တိုက်ရမယ့်အခါဆို အားထည့်ရမှာ အမှန်ပဲ။ ဒါပေမယ့် တစ်ဖက်အသင်းရဲ့ ဂိုးဧရိယာထဲကို ဘောလုံးဆွဲဝင်လာပြီး၊ ကစားရတာကျဉ်းနေပြီဆိုရင် ယှဉ်လုနေတဲ့သူကို ကိုယ့် Body နဲ့ပြီး ဘောလုံးကို ခြေထောက်နဲ့ပဲ





ပျော့ပျော့လေး ကစားရတယ်။

ခြေထောက်တွေနဲ့ လွတ်သွားပြီဆိုတော့မှ ကိုယ့်ဘက်က လူကို ထုတ်ပေးရင်ထုတ်ပေးလိုက်၊ ပေးလို့မဖြစ်ရင် ကိုယ့်ဘာသာ ထုတ်ပြီး ကိုယ့်ဘာသာဂိုးသွင်းလိုက်တော့။

ဂိုးသွင်းတဲ့အခါ အားပါရမှာ မှန်ပေမယ့်၊ ခြေထောက်အချိန်အဆမှန်ဖို့ ခါးက ယိမ်းယိမ်းနွဲ့နွဲ့နေရတယ်။ ဂိုးသွင်းလိုက်တဲ့အချိန်မှာ ခါးအနေအထားဟာ အဲဒီဂိုးသွင်းမယ့်ဘောသမားရဲ့ တက်မပဲ။

ခါးကို ဘယ်ဘက်နွဲ့ပြီး ညာခြေနဲ့ကန်လိုက်ရင် ကန်ချက်မှန်တယ်ဆိုတာနဲ့ ဘောလုံးက ဂိုးတိုင်ရဲ့ ဘယ်ဘက်ထောင့်ထဲ ကျိန်းသေဝင်ရမယ်။ ခါးကိုညာဘက်နွဲ့ပြီး ဘယ်ခြေနဲ့ကန်ရင် ဘောလုံးက ညာဘက်ထောင့်ပဲ သွားရမယ်။ အဲဒါ...ပုံသေနည်းပဲ"

"အဲဒါဆိုရင် ဂိုးသမားက အဲဒီ ဂိုးသွင်းမယ့်သူရဲ့ ခါးကို ကြည့်ရမှာလား၊ ခြေထောက်ကို ကြည့်ရမှာလား"

ကျွန်တော့် မေးခွန်းကြောင့် ဖေဖေရယ်၏။

"ဂိုးသမားက ခါးကိုလည်းကြည့်ရမယ်၊ ခြေထောက်ကိုလည်း ကြည့်ရမယ်၊ မျက်လုံးကိုလည်း ကြည့်ရမယ်။ တခြား ဂိုးသွင်းနိုင်ချေရှိတဲ့သူကိုလည်း ကြည့်ရမယ်။ ကိုယ့်နောက်တန်းကလူ မီနိုင်သလား၊ ကျန်ခဲ့သလားလည်း ကြည့်ရမယ်။ အကုန်ကြည့်ရမယ်"



www.burmeseclassic.com

ဖေဖေက အဖြေစကားကြောင့် ကျွန်တော်သဘောကျစွာ ရယ်မောခဲ့ဖူးသည်။

●

ဖေဖေက ရှေ့တန်းကစားသမားတစ်ဦးဖြစ်သည်။ ဒါပေမယ့် ဖေဖေ့သား (ကျွန်တော်)ကတော့ ဂိုးသွင်းတာကို ဝါသနာမထုံခဲ့။ သူတစ်ပါးခြေထောက်နှင့် အားကုန်ကန်ထည့်လိုက်သည့် ဘောလုံးကို လက်နှစ်ဘက်ဖြင့် မိုက်မိုက်ကန်းကန်း၊ ဖမ်းဆီးဟန့်တားရသည့် ဂိုးသမားအလုပ်ကို ပို၍ဝါသနာထုံခဲ့သည်။ လှိုက်လှိုက်လှဲလှဲ စိတ်ဝင်စားခဲ့သည်။

ဒါကို ဖေဖေက "ရှေ့တန်းဖြစ်ဖြစ်၊ အလယ်တန်းဖြစ်ဖြစ် ကစားပါကွာ၊ ဂိုးဖမ်းတာ အရသာမရှိပါဘူး"ဟု မဟန့်တားခဲ့ချေ။ သူကဲ့သို့ ဘောလုံးကိုချစ်သော သားဖြစ်သူ (ကျွန်တော့်)ကိုကြည့်ပြီး ဖေဖေကြည်နူးနေမှာ သေချာပါသည်။

"ဂိုးသမားဆိုတာ Jump ကောင်းရမယ်။ Angle ဖိတ်တတ်ရမယ်။ မျက်စေ့ရော၊ လူရော လျှင်မြန်ဖြတ်လတ်ရမယ်။ ဆုံးဖြတ်ချက် ခိုင်မာရမယ်။ စိတ်တည်ငြိမ်ရမယ်။





ရှေ့တက်ဖမ်းဖို့ ဆုံးဖြတ်ပြီးရင် ရှေ့ကိုသာ တက်ပစ်လိုက်တော့။ ရှေ့တက်ရမလိုလို၊ နောက်ပြန်ဆုတ်ရမလိုလိုဖြစ်နေလို့ကတော့ အဲဒီစက္ကန့်ပိုင်းအတွင်းမှာပဲ ဂိုးသွင်းခံလိုက်ရလိမ့်မယ်"

"ရှေ့တန်းသမားရော၊ ဂိုးသမားရော၊ ဘောလုံးသမားအားလုံးရဲ့ ဘောလုံးကစားနေချိန်တစ်လျှောက်လုံး သွားလာပြေးလွှားမှုတွေဟာ ခြေထောက်ရှေ့အဖျားပေါ်မှာပဲ ရှိရမယ်။

ရှေ့ပြေးလည်း ခြေဖျား၊ နောက်ဆုတ်လည်း ခြေဖျား၊ ခြေဖျားလေးနဲ့ပဲ ပြေးလွှားနေရမယ်။

အထူးသဖြင့် ဂိုးသမားက ခြေဖျားလေးထောက်ဖနောင့်လေးကြွပြီး အမြဲတမ်း အဆင်သင့်ဖြစ်နေရမယ်။ တစ်တောင်လောက်ပဲခုန်ခုန်၊ တစ်လန်လောက်ပဲပစ်ပစ်၊ ခြေဖျားနဲ့ ဖနောင့်အားပဲ ရှိတယ်။ အဲဒီ ခြေဖျားတစ်ထောက်၊ ဖနောင့်တစ်ကြွလေးကိုပဲ အရှိန်ယူပြီး အသုံးချရတာ"

စသဖြင့်သော ဖေဖေ့သွန်သင်ချက်များကို ကျွန်တော် အလေးထား လိုက်နာခဲ့သည်။

အလျား ဆယ့်ခြောက်ပေကျယ်၍ အမြင့်ရှစ်ပေရှိသော ဂိုးပေါက်ကို ဂိုးသွင်းမည့်သူ၏အမြင်၌ ကျဉ်းမြောင်းသွားစေသည့် Angle ဖိတ်ခြင်း အတတ်ပညာကို စာရွက်ပေါ်တွင် မျဉ်းကြောင်းများ



www.burmeseclassic.com

www.burmeseclassic.com



တားကာ မေမေ့ သင်ပြဖူးသည်။

ဘောလုံးကွင်းရှိ ဂိုးတိုင်ရှေ့တွင် တုတ်ချောင်းတစ်ချောင်းဖြင့် စည်းတားပြီး၊ ကျွန်တော့်ကို အတက်အဆင်းလုပ်ခိုင်းသည်။ မေမေ ကိုယ်တိုင် တက်ပြ၊ ဆုပ်ပြ၊ ရွှေ့ပြသည်။

ဘောလုံးဘယ်နေရာကို ရောက်လာလျှင် ဘယ်နေရာမှာ နေရာယူ၊ ဘယ်နေရာကိုပေးနိုင်သလဲ ကြိုတင်ကြည့်၊ ဘယ်သူ့ကို ဘယ်လိုကပ်ထားဖို့ မိမိအသင်းနောက်ခံလူကို ဘယ်လိုညွှန်ပြထား… စသည်ဖြင့် ကျောင်းပညာသင်ကြားသလိုပဲသို့ မေမေသင်ကြားပေးဖူး၏။

●●●



၂။

အလယ်တန်းကျောင်းသားဘဝတွင် ဘောလုံးကွင်းအတွင်းရှိ ရွယ်တူကစားဖော်များအကြား၌ နည်းစနစ်မှန်ကန်ကျွမ်းကျင်စွာ ဂိုးဖမ်း ကတ်သူတစ်ဦးအဖြစ်၊ ကျွန်တော့်ကို လူသိများခဲ့သည်။

ထိုအရွယ်၌ပင် ကျွန်တော်ချစ်သော ဘောလုံးကစားခွင့်ကို ကျွန်တော်ချစ်သောမေမေ(ဒေါ်လှလှဇော်)က ပိတ်ပင်တားဆီးခဲ့လေ သည်။ သားတစ်ယောက်ကိုချစ်သော မိခင်တစ်ယောက်၏ စိုးရိမ်ခြင်း ဖြင့် မေမေတားဆီးခဲ့ခြင်းဖြစ်ကြောင်း ကျွန်တော်သိပါသည်။ ထို့ကြောင့် မေမေ့ကိုဆန့်ကျင်ဖို့ ကျွန်တော့်မှာ ခက်ခဲခဲ့ရ၏။

●

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် (အလယ်တန်းကျောင်းသား)အရွယ်ရောက်ကတည်းက ဘောလုံးပြိုင်ပွဲများမှာ ဖေဖေဝင်ရောက်ကစားခြင်း မရှိတော့ချေ။

ကိုယ်တိုင်မကစားတော့သော်လည်း ကစားဖြစ်ကာစ ကျွန်တော့်ကို ဖေဖေ လိုက်လံပြသသည်။ ကျွန်တော်ကစားသည်ကို နံဘေးမှ ရပ်ကြည့်နေစမြဲဖြစ်၏။

ဖေဖေ့သူငယ်ချင်း ကိုးသမားဟောင်း (ဦးကျော်စိန်ထွန်း)က လည်း ကျွန်တော့်ကို သင်ကြားပေးခဲ့သည်။

ထိုနေ့က ဖေဖေ့သူငယ်ချင်းများ Training ဆင်းသော ဘောလုံးကွင်းမှာ ကျွန်တော် ဝင်ကစားသည်။ ပီ-တီ ကစားပြီးသည့်နောက် နှစ်သင်းခွဲကစားရန် ဂိုးဧရိယာတစ်ခုတွင် ကျွန်တော်နေရာယူသည်။ ဖေဖေက ဘောသမားတစ်ယောက်နှင့် စကားပြောနေ၏။

အသင်းခွဲ၍ မကစားမီ ကျွန်တော့်ထံသို့ ဘောလုံးများ ကန်သွင်းပေးကြသည်။ ကျွန်တော်က တစ်လုံးပြီးတစ်လုံး ဖမ်းယူသည်။

ဖေဖေ့သူငယ်ချင်း ဘောလုံးသမားတစ်ယောက် ပြင်းထန်စွာ ကန်လိုက်သောဘောလုံးကို ကျွန်တော်လက်အနေအထား မှားယွင်းစွာ ဖမ်းယူလိုက်မိသည်။ ခါးလည်ခန့် ဦးတည်လာသောဘောလုံးသည်





ကျွန်တော့်ရှေ့တစ်ကိုက်လောက်အကွာရောက်မှ ရင်ညွန့်လောက်သို့ ထပ်မံမြင့်တက်လာပြီး အရှိန်ပို၍ ပြင်းစွာရောက်လာ၏။

ဝမ်းဗိုက်ကို အလိုက်သင့်ရှိုက်ကာ ပိုက်ဘောဖမ်းမည်ပြင်ပြီးမှ ကျွန်တော် ကမန်းကတမ်း ကိုယ်အနေအထားပြောင်းပြီး လက်အထုတ်ဘွင် ကျွန်တော့်လက်ဝဲဘက် လက်ညှိုးတစ်ချောင်း "ဒုတ်ခနဲ"မြည်သွား၏။ ဘောလုံးသည် ထွင်ခနဲ မြည်သွား၏။

လက်ညှိုး၏ ပထမ၊ ဒုတိယအဆစ်များသည် တတိယအဆစ်ပေါ်သို့ ထပ်လျက်သားဖြစ်နေသည်။ လက်ကောက်ဝတ်နေရာသည်လည်း လွန်စွာနာကျင်သွားရ၏။ ဖေဖေက ပြေးလာပြီး၊ ကျွန်တော့် လက်ညှိုးကို ခပ်ဆတ်ဆတ်လေး ဆွဲလိုက်သည်။

"ဖျောက်"

"အ"

ဘောလုံးကန်လိုက်သော ဦးလေးကြီးနှင့် အခြားဘောလုံးသမားသုံးလေးဦး ကျွန်တော့်အနီးသို့ ရောက်လာကြ၏။ ဝိုင်းဝန်း၍ နှိပ်နယ်ပေးကြသည်။ လက်ဝဲဘက်တစ်ဘက်လုံး နာကျင်လာသည်။

ဖေဖေက ကျွန်တော့်လက်ကို ဆုပ်နယ်ပေးရင်း ကျွန်တော့်ကို ရယ်လျက်ကြည့်နေသည်။ ကျွန်တော်က မျက်နှာကိုရှုံ့မဲ့လိုက် "အ"ခနဲ အော်လိုက် ဖေဖေ့ကိုပြန်ရယ်ပြလိုက်ဖြင့် လွန်စွာနာကျင်လျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်း ကလေးဖမ်းနေတာ နည်းနည်းပါပါး လျှော့လျှော့ပေါ့ပေါ့ ကန်ရောပေါ့"

အခြားဘောလုံးသမားတစ်ဦး၏ အချင်းချင်းအပြစ်ဖို့သံ။

"ငါလည်း သတိမထားမိဘူး၊ သူ...ဖမ်းနိုင်မယ်ထင်လို့"

ကျွန်တော့်လက်ချောင်းများကို ဖွဖွဆုတ်ရင်း ပြော၏။

ကျွန်တော်က...

"ကျွန်တော်မှားတာပါ၊ ဘောလုံးက အနားရောက်မှ လမ်းကြောင်းပြောင်းလာတာ"

ဖေဖေက...

"ဘောလုံးအရှိန်ပြင်းမယ်ထင်ရင် လက်ဖနောင့်နဲ့ ဘောလုံးကို ပင့်တင်လိုက်ရတယ် သား‌ရဲ့။ လက်ရော၊ လူရော ဟန်ချက်ပျက်နေရက်နဲ့ အမိဖမ်းဖို့ ကြိုးစားတော့၊ အခုလိုဖြစ်တာပေါ့"

'အဆစ်လွဲသွားပြီလား မသိဘူး' ဟု လက်ကောက်ဝတ်ကိုကိုင်မကာ ကျွန်တော်ပြောသည်။ ဖေဖေက လက်ကောက်ဝတ်နေရာကို ဟယ်ညာလှုပ်ခါနိုင်းသည်။ ကျွန်တော်နည်းနည်းလေးမျှ လှုပ်၍မရတော့ချေ။ လှုပ်မိသမျှ၊ မျက်ရည်ဝဲမတတ်နာကျင်သည်။

ဂျိုင်းအောက်အထိ နာကျင်လာပြီဟု ကိုယ့်ကိုကိုယ်သိ၏။

●





လက်ညှိုးနှင့် လက်ကောက်ဝတ်နေရာကို ဘစ်လကျော်လောက် ဆေးကုခဲ့ရသည်။

ကျွန်တော့်လက်ကိုကြည့်ကာ မေမေ ငိုမဲ့မဲ့ဖြစ်သည်။

"ဟယ်...လက်က ယောင်ကိုင်းနေပြီ၊ ကျိုးများကျိုးသွားပြီလား"

ရင်ဘတ်ကိုဖိလျက် ပြော၏။ ဖေဖေက...

"မကျိုးပါဘူးကွာ၊ အကျောတွေ နာသွားတာပါ"

"ဒီမှာ လှုပ်လို့မှ မရဘဲ၊ သား...လှုပ်ကြည့်စမ်း"

လှုပ်ရှား၍ မရမှန်းသိလျှင် မေမေပို၍ စိုးရိမ်ပေမည်။ ထို့ကြောင့် မနာဟန်ဆောင်ကာ လက်ကောက်ဝတ်ကို ဘယ်,ညာလှုပ်ပြလိုက်မိ၏။

"အ"

"တွေ့လား၊ နာနေပြီမဟုတ်လား၊ ပြန်မှကောင်းပါ့မလား မသိပါဘူး"

မေမေ မျက်ရည်စမ်းစမ်း၊ စမ်းစမ်း ဖြစ်လာသည်။

မေမေ့အသက်ရှူသံ ပြင်းလာသည်။ ရင်ဘတ်သည် နိမ့်ချည်မြင့်ချည်ဖြစ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



“မေမေ...မေမေ”

မေမေ သတိလစ်တော့မည်ဟု သိ၏။

“မေမေ”

“လှလှ...! လှလှ”

ဖေဖေက မေမေ့ပုခုံးကို ကိုင်လှုပ်ပြီးခေါ်၏။

“လူမိုက်တွေ သားအဖနှစ်ယောက်စလုံး၊ ယူမိုက်အလုပ်ကို လုပ်တယ်။ ဖအေက ခြေထောက်ကျိုးပြီးပြီ၊ သားကလက်ကျိုးပြီ၊ ငါ့ကိုသတ်လိုက်ကြပါတော့လား၊ သတ်လိုက်ကြ”

မေမေငိုသည်။ ဒါဆို သတိမလစ်နိုင်တော့ဘူးဟု တွေးပြီး ကျွန်တော်ရင်အေးရ၏။

“လှလှ၊ မင်းက ကလေးကို အားပေးမယ်မရှိဘူး”

“မေမေ၊ သားအရမ်းမနာပါဘူး။ လေးငါးရက်ဆို ကောင်းသွားမှာပါ”

ကျွန်တော်နှင့်ဖေဖေ ဆေးခန်းသွားသောအခါ မေမေပါ လိုက်ခဲ့သည်။ ကျွန်တော့်လက်ကို ဆရာဝန်က ကိုင်တွယ်သောအခါ ကျွန်တော့်မှာ အသည်းခိုက်အောင် နာကျင်သည်။ မျက်ရည်လည် မတတ် ခံစားရသည်။

သို့သော် အနားမှာ မေမေရှိနေသဖြင့် အောက်နှုတ်ခမ်းအတွင်း





သားကို ဘယ်သူမှမသိအောင် ဖိကိုက်ထားရ၏။

တစ်လအတွင်း ကျွန်တော့် ဘယ်ဘက်လက်သည် ပတ်တီး စည်းထားခြင်း ခံရသဖြင့် ပတ်တီးဖြည်ပြီးသည့်နေ့မှစ၍ ထိုလက် အတွင်း စက္ကူရွက်များထည့်ကာ နေ့စဉ်ရက်ဆက် (ထိုစက္ကူများ ကြေမွသွားသည်အထိ)ကျွန်တော် လုံးချေနေခဲ့သည်။ လက်ချောင်းများ ကို ကြမ်းပြင်တွင် ထောက်ကာ ဒိုက်ထိုးသည်။

●

ဘယ်ဘက်လက်တစ်ဘက်လုံး မည်သည့်နေရာကမျှ နာကျင် ခြင်း မရှိတော့သောအခါ ကျွန်တော်ဖိနပ်အိတ်ကိုလွယ်သည်။

“မေမေ ခွင့်မပြုနိုင်ဘူး သား”

“ဒီနေ့မနက် သား နည်းနည်းပဲကစားမှာပါ မေမေ”

“ဒီနေ့အဖို့ ပြောနေတာ မဟုတ်ဘူး၊ တစ်သက်လုံးအတွက် ပြောနေတာ၊ သား...ဘယ်တော့မှ ဘောလုံးမကန်နဲ့တော့”

အခန်းထဲမှထွက်လာသော ဖေဖေ့ကို ကျွန်တော်လှမ်းကြည့် မိသည်။ ဖိနပ်အိတ်ကို လက်ထဲမှ မချဖြစ်သေး။

“လှလှရယ်... ယောက်ျားလေးပဲ၊ ဘောလုံးကန်တာ

www.burmeseclassic.com



ဘာဖြစ်သလဲ၊ တခြား မဟုတ်မဟာတ်လုပ်တာမှ မဟုတ်ဘဲ၊ မင်း တစ်ကိုယ်ကောင်း မဆန်ပါနဲ့ကွာ၊ သားသမီး စိတ်မညစ်ပါစေနဲ့"

"ကျွန်မ တစ်ကိုယ်ကောင်းဆန်တာ မဟုတ်ဘူး ကိုကျော်ခန့်၊ ကျွန်မ မခံစားနိုင်လို့ ပြောနေတာ၊ ရှင်ဘောလုံးကန်နေတုန်းကလည်း ဘယ်နေ့ ထိမလဲ၊ ဘယ်နေ့ နာမလဲနဲ့ ရင်တထိတ်ထိတ်ဖြစ်ခဲ့ရတာ၊ အခု သားကပါ အဲဒီလို တထိတ်ထိတ်ဖြစ်အောင် လုပ်အုံးမလို့လား"

မေမေ့စကား ငိုသံပါလာသည်။

ဘောလုံးကန်ဖိနပ်အိတ်ကို ဖိနပ်စင်အထက်ရှိ သံချိတ်တွင် ကျွန်တော်ချိတ်လိုက်ရ၏။ ရင်ထဲမှာ ငိုချင်သည်။

●●●



၃။

"ကျောင်းသားအားကစားပွဲတော်ရှိတယ်တဲ့၊ မနက်ဖြန် လူရွေးပွဲကို မင်းလာမှာလား ကျော်ခန့်ဇော်"

သန်းဦးကို ကျွန်တော်ခေါင်းခါပြမိသည်။

"ဟာ ဘာဖြစ်လို့လဲ၊ မင်း..ပါနိုင်တယ်နော်၊ ငါက သိပ် မသေချာဘူး၊ ငါက အရပ်ရှည်တာပဲရှိတာ၊ မင်းလောက်မတော်ဘူး"

"ဒီတစ်သက် ငါဘောလုံးသမားဖြစ်တော့မှ မဟုတ်ပါဘူး၊ သန်းဦးရာ"

သန်းဦးကို မေမေ့အကြောင်း ပြောပြဖြစ်သည်။

"လူရွေးပွဲဝင်ကန်ဖို့ နေနေသာသာ၊ အပျော်ကန်တာတောင်

www.burmeseclassic.com

www.burmeseclassic.com



ကန်ခွင့်မပေးဘူးကွ"

"မင်း မရွေးရင်၊ ငါလည်း ဝင်မရွေးတော့ပါဘူးကွာ"

"ဘာဆိုင်လို့လဲ သန်းဦးရာ၊ မင်းဘာသာ ဝင်ကန်ပါ၊ ငါ မပါပေမယ့် မင်းအရွေးခံရတော့ ငါပါ ပျော်ရတာပေါ့"

သန်းဦး ခေါင်းခါသည်။

"မင်းမပါဘဲနဲ့တော့ ငါ..ဝင်မရွေးဘူး၊ ငါတို့ ငယ်ပါသေးတယ်ကွာ၊ အခုဝင်မရွေးဖြစ်လည်း တက္ကသိုလ်ရောက်ရင် ဝင်ရွေးမှာပေါ့။ ဒါပေမယ့်... မင်း ဘောလုံးမကန်ဘဲနဲ့တော့ မနေနဲ့နော် ကျော်ခန့်ဇော်"

"မေမေ့ကို ငါ...မဆန့်ကျင်ချင်ဘူးကွာ"

"မင်း...မေမေ ကန်ခွင့်ပြုအောင် ဒီလိုလုပ်ပါလား" ဟု ပြောပြီး သန်းဦးစဉ်းစားသည်။ ပြီးမှ....

"မင်း မေမေရှေ့မှာ မင်း ဆေးလိပ်သောက်ပြလိုက်"

"ဆေးလိပ်သောက်ရင် မေမေတင်မကဘူး၊ ဖေဖေပါ ငါ့ကို ရိုက်မှာကွ"

"ရိုက်ပေစေပေါ့၊ ဘောလုံးကန်ခွင့်မပေးလို့ ဘောလုံးသမားတွေ ရှောင်ရမယ့်အလုပ်ကို လုပ်တာလို့ပြောပြီး ဆန္ဒပြပေါ့"

ကျွန်တော် ခေါင်းရမ်း၏။





"ငါ...မိဘကို အနိုင်မကျင့်ချင်ဘူး၊ အထူးသဖြင့် မေမေ့ကို အနိုင်မကျင့်ရက်ဘူး"

သန်းဦး ခေါင်းကုတ်သည်။

"မိဘကို အနိုင်မကျင့်ရက်ဖူးဆိုရင်လည်း နည်းနည်းပါးပါးတော့ လိမ်ပြောပါလားကွာ၊ ဒါဆိုရင် လူရွေးပွဲတို့ ပြိုင်ပွဲတို့ ဝင်မကန်ဖြစ်ခဲ့ရင်တောင် ဘောလုံးနဲ့တော့ အဆက်ပြတ်မှာ မဟုတ်ဘူး"

"ဘယ်လိုလိမ်ရမှာလဲ" ဟု ကျွန်တော်မေးသည်။

"ဘောကန်ဖိနပ်ရော၊ ခြေအိတ်တွေရော၊ ခြင်းကာဒ်ရော၊ ဘောင်းဘီအင်္ကျီတွေရော သူငယ်ချင်းတစ်ယောက်ကို ပေးလိုက်ပြီဆိုပြီး ငါ့ဆီမှာလာထား။ ဘောလုံးကန်မယ့်အခါ ငါ့ဆီမှာ အဝတ်အစားလဲပြီး သွားကန်ကြမယ်၊ ပြီးရင် ရေချိုးပြီးမှ အိမ်ပြန်၊ မကောင်းဘူးလား"

"ကောင်းတယ်၊ ဒါပေမယ့် နေ့တိုင်းကန်လို့တော့ ရမှာမဟုတ်ဘူးနော်၊ ကျောင်းစောစောသွားမယ်ဆိုတဲ့အခါ ကန်လို့ရမယ်။ အချိန်ပိုရှိတယ်ဆိုတဲ့အခါ ကန်လို့ရမယ်"

"အဲဒီလောက် ကန်လို့ရရင် တော်ရောပေါ့ကွ၊ နောက်ကျရင်း မင်းမေမေ ခွင့်ပြုလာမှာပါကွာ"

ထိုနေ့မှစ၍ မေမေနှင့်ဖေဖေ့ကို ကျွန်တော်လိမ်ပြောတော်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ တစ်ပတ်လျှင် နှစ်ရက်လောက် ကျွန်တော် ကျောင်းစောစော သွားသည်။ နှစ်ရက်လောက် ကျောင်းပြန်နောက်ကျသည်။

မေမေ မရိပ်စားမိသော်လည်း ဖေဖေရိပ်စားမိလိမ့်မည် ထင်၏။ ဘောလုံးကစားသည့်အခါတိုင်း ခိုးချောင်ခိုးဝှက်ကန်နေရသူ ဖြစ်သဖြင့် မထိမခိုက်မိအောင် ကျွန်တော်အထူးဂရုစိုက်ခဲ့ရသည်။

●

အထက်တန်းကျောင်းသားဘဝရောက်သည်အထိ ကျွန်တော် ရော သန်းဦးပါ မည်သည့်ပြိုင်ပွဲမျှ ဝင်မပြိုင်ကြ၊ ဘောလုံးကစားဖို့ လိုအပ်သောပစ္စည်းများကို မုန့်ဖိုးမှချွေတာပြီး ဝယ်ယူသည်။

ဘောလုံးပညာနှင့်ပတ်သက်၍ မေးမြန်းစရာရှိလျှင် မေမေ့ ကွယ်ရာ၌ ဖေဖေ့ကိုမေးမြန်းသည်။ မိဘ၏မျက်မှောက်၌ ဘောလုံး ကန်ခြင်း မပြုသော်လည်း မေးမြန်းမှတ်ယူနေသည်ကို ထောက်ရှုလျက် မျက်ကွယ်တစ်နေရာမှာ ကန်နေလိမ့်မည်ဟု ဖေဖေရိပ်မိနေမှာ သေချာ ပါသည်။

"ဂိုးရှေ့မှာ ကိုယ့်လူရော၊ သူ့လူရော ရှုပ်နေတဲ့အချိန်၊ ဘောလုံးကို ကိုယ်ကထွက်ဆွဲတဲ့အခါ နောက်တန်းလူကလည်း





ဘောလုံးကိုပြေးဖျက်၊ ဂိုးသမားကလည်း ထွက်ဖမ်း။ နားလည်မှုလွဲပြီး ကိုယ့်ဘက်ကလူနဲ့ ကိုယ်နဲ့ ပြန်ထိတာတာတယ်။ အဲဒီလို မထိမိမခိုက် မိအောင် ဂိုးသမားက ကိုယ်ထွက်ဖမ်းပြီဆိုတာ ကိုယ့်ဘက်ကလူတွေ သိအောင် အသံပေးပြီး ထွက်ရတယ်။

'လွှတ်ထား' လို့ အသံကုန်အော်ပြီး မိအောင်သာဖမ်းပေတော့၊ ဂိုးသမားက အဲဒီလိုအော်လိုက်ပြီဆိုတာနဲ့ ကိုယ့်နောက်တန်းလူက အဲဒီဘောလုံးလမ်းကြောင်းပေါ် ပြေးဝင်လာတော့မှာ မဟုတ်ဘူး။ ဂိုးသမားအတွက် နေရာဖယ်ပေးပြီး ဂိုးသမားခြေချော်လက်ချော်ဖြစ် ရင် ဝင်ကူဖို့ စောင့်နေရုံပဲ"

"ပိုင်နယ်တီ ဖမ်းရင် တစ်ဖက်ပိတ်ဖမ်းတာ ကောင်းလား၊ ဘောလုံးတက်လာတဲ့ဘက် ပစ်ဖမ်းရင်ကောင်းလား၊ ဘယ်ဟာ ပိုကောင်းလဲ ဖေဖေ"

"နှစ်ခုစလုံးကောင်းတယ်၊ ဒါပေမယ့် တစ်ဖက်ပိတ်ဖမ်းတဲ့ သူ ပိုများတယ်လို့ထင်တယ်။ သားလည်း မြင်ဖူးမှာပေါ့။ ဘောလုံးက ညာဘက်က ဝင်သွားတယ်။ ဂိုးသမားက ဘယ်ဘက်ကိုပစ်တယ်၊ အဲဒါ တစ်ဖက်ပိတ်ဖမ်းလို့ပေါ့။ ဘောလုံးတက်လာတဲ့ဘက် ပစ်ဖို့ ကတော့ နံပါတ်တစ် အဲဒီဂိုးသမားက သမာဓိအားကောင်းရမယ်၊ လျှင်မြန်မှုအားကြီးရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"သမာဓိအားဆိုတာ ဘာလဲ ဖေဖေ"

"ဘောလုံးဘယ်ဘက်ကို တက်လာနိုင်သလဲဆိုတာ စက္ကန့်ပိုင်းအတွင်း တွက်ဆနိုင်တဲ့ စိတ်စွမ်းအားပေါ့၊ အဲဒါကို သမာဓိအားလို့ ခေါ်တယ်။ ကိုယ်တွက်ဆတဲ့ဘက်ကို ဘောလုံးကတက်အလာ၊ လက်ကထုတ်ပြီးသား ခြေကပျံပြီးသားဖြစ်နေတာက လျှင်မြန်မှုအားပေါ့"

"သမာဓိအားကောင်းအောင် ဘာလုပ်ထားရမလဲ ဖေဖေ"

"စိတ်တည်ငြိမ်မည့်အလုပ်တွေ လုပ်ရမယ်၊ စိတ်ကိုတစ်နေရာတည်းမှာပဲထားတဲ့ အလုပ်ပေါ့။ ဥပမာ-ပုတီးစိပ်တာမျိုး၊ တရားမှတ်တာမျိုးပေါ့၊ လျှင်မြန်မှုအားကတော့ အလေ့အကျင့်နဲ့ပဲ ဆိုင်တယ်"

"ဘောလုံးကန်တာနဲ့ ပုတီးစိပ်တာနဲ့ ဆိုင်လို့လား ဖေဖေရဲ့"

"သိုင်းကစားတဲ့သူတွေ စိတ်တည်ငြိမ်အောင် လေ့ကျင့်တာ မမြင်ဖူးဘူးလား" ဟု ဖေဖေ မေးသည်။ ကျွန်တော် "မြင်ဖူးတယ်" လို့ ပြောလိုက်ရ၏။

"ဘယ် အလုပ်ကိုလုပ်လုပ်၊ ဘောလုံးပဲ ကန်ကန်၊ လက်ဝှေ့ပဲ ထိုးထိုး၊ အငြိမ့်ပဲ ကက၊ ရုပ်ရှင်ပဲ ရိုက်ရိုက်၊ စိတ်အရေးကြီးတယ်၊ စိတ်စွမ်းအားကို အခြေခံရတယ်။ ဘုရားဟောကောင်ရှိသေးတယ် သားရဲ့၊ စိတ်သာ အဓိကတဲ့။ စိတ်သာ အဓိကဆိုလို့ စိတ်ကိုပဲ





လေ့ကျင့်ပြီး လူက ဘောလုံးကွင်းထဲမဆင်းရင်တော့ အဲဒီကောင် ဘောလုံးသမားတော့ ဖြစ်မှာမဟုတ်ဘူး၊ ရှုံးသွားလိမ့်မယ်"

ကျွန်တော်တို့ ရယ်မောခဲ့ကြသည်။

ထိုအချိန်အထိ ဘောလုံးကို နိုးချောင်နိုးဝှက်ကန်နေသော ကျွန်တော့်အဖို့ မည်သည့်အနှောင့်အယှက်မျှ ရင်မဆိုင်ရသေး။

●●●



www.burmeseclassic.com

www.burmeseclassic.com

၄။

ဒသမတန်း စာမေးပွဲဖြေဆိုပြီးနောက် နွေကျောင်းပိတ်ရက်တွေမှာ ကျွန်တော်အပြင်ထွက်ဖို့ အခက်တွေ့ရသည်။ ရုပ်ရှင်ကြည့်ဖို့ အိမ်လည်ထွက်ဖို့လောက်တော့ အဆင်ပြေသည်။ ဒါပေမယ့် ဘောလုံးကန်ဖို့ (အပြင်ထွက်စရာ အကြောင်းပြချက်)လုံလုံလောက်လောက် မရှိခဲ့ချေ။

ထို့ကြောင့် အင်္ဂလိပ်စကားပြောသင်တန်းတက်မည်ဟု ကျွန်တော်အကြောင်းပြသည်။ စကားပြောသင်တန်းက တစ်ပတ်ကို နှစ်ရက်။ ကျွန်တော်က ငါးရက်ဟု အသိပေးထားသည်။ ပိုသော သုံးရက်သည် ကျွန်တော်နှင့်သန်းဦးတို့၏ ဘောလုံးကစားရက်။



စကားပြောသင်တန်းက မနက်စောစော၊ ကျွန်တော်တို့ ဘောလုံးကန်ချိန်သည်လည်း မနက်စောစော၊ အင်္ဂလိပ်စကားပြောသင်တန်းကြောင့် ကျွန်တော် ဘိုလိုရွတ်ဖတ်နိုင်ခဲ့သည်။ ဘောလုံးကို လွတ်လပ်စွာ ကစားဖြစ်ခဲ့သည်။ ထိုတစ်နွေလုံး ဘာပြဿနာမျှ မရှိခဲ့။

●

ပြဿနာက မိုးဦးရာသီတွင် စတင်ခဲ့ခြင်းဖြစ်၏။ မိုးရာသီ ရုပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲအတွက် ကျွန်တော်နှင့်သန်းဦး ဂိုးသမားအဖြစ် ဝင်ရောက်အရွေးခံခဲ့ကြသည်။

မှင့်မှင့်လင်းလင်းပြောရလျှင် ကျွန်တော်နှင့်သန်းဦးတို့ နှစ်ယောက်သည် လူရွေးပွဲတွင် ဝင်ရောက်ကစားသည့် တစ်ချိန်လုံး၊ အရွေးခံရစေရန် ဝင်ရောက်ကစားနေသည်ဟု မယူဆ၊ သာမန်ဘောလုံးပွဲတစ်ခုကို ကြုံသဖြင့် ဝင်ရောက်ကန်နေခြင်းသာ ဖြစ်သည်။ အရွေးခံရဖို့ အရွေးမခံရဖို့ထက် ဘောလုံးကန်နေရသည့်အတွက် ကျေနပ်နေမိကြခြင်းသာဖြစ်၏။

ကံဆိုးသည်လား၊ ကံကောင်းသည်လား မဝေခွဲတတ်တော့၊ ကျွန်တော်ဂိုးဖမ်းသမားအဖြစ် အရွေးခံရသည်။ သန်းဦးက အရံဂိုးသမား

www.burmeseclassic.com



အဖြစ် အရွေးခံရသည်။ ရပ်ကွက်လူကြီးများကို ကျွန်တော်အမျော် ဝင်ကန်တာပါဟု မပြောရဲ။ ထိုကိစ္စနှင့်ပတ်သက်ပြီး ဖေဖေ့ကို အသိ ပေးဖို့ပင် ကျွန်တော်ခက်ခဲခဲ့၏။

●

ရပ်ကွက်လူကြီး ဦးဟန်တင် အိမ်သို့အလည်လာသည်။ ဖေဖေ မေမေတို့နှင့် တခြား အလာပသလာပတွေ ပြောနေရင်းက ဧည့်ခန်းသို့ ထွက်လာမိသော ကျွန်တော့်ကို မြင်သောအခါ ဦးဟန်တင် က...

"ဒီနှစ် ကျွန်တော်တို့ရပ်ကွက် ဒိုင်းရမှာဗျ၊ ဘောလုံးအသင်း တစ်သင်းလုံး လူသစ်တွေများတယ်၊ လူဟောင်း နည်းနည်းပဲ ပြန်ထည့် တယ်။

ဂိုးသမားကလည်း ခင်ဗျားသား၊ ခင်ဗျားသားအရမ်းတော်မှန်း ကျွန်တော်မသိဘူး၊ လူရွေးပွဲနေ့တုန်းက အသင်းအုပ်ချုပ်သူတွေက သူ့ကိုရွေးပြီးတော့မှ ခင်ဗျားသားမှန်းသိတာ။ တော်လိုက်တာဗျာ ဘောလုံးဖမ်းတဲ့နေရာမှာ တော်တော့်ကို သေသပ်တယ်။ တကယ့်သမ္မာ ရင့် ဂိုးသမားအတိုင်းဘဲ"





ကျွန်တော့် ခေါင်းနားပမ်းကြီးသွားရသည်။ မေမေ့၏ ရှုံးရဲ သောမျက်လုံးများ ကျွန်တော့်ထံသို့ရောက်လာ၏။ ဖေဖေက ကျွန်တော့် ကို ငေးခနဲသာ တစ်ချက်ကြည့်သည်။ ပြီး....

"ကျွန်တော့်သား ဝင်ရွေးတယ်ဆိုတာ၊ ကျွန်တော်မသိဘူးဗျ ဒီကောင်ပြောမထားဘူး"

"ဟုတ်လား သူ့ကိုရွေးထားတယ်နော်။ လာကြည့်တဲ့ ပရိသတ်ကအစ သူ့ကိုသဘောကျကြတယ်"

ကျွန်တော့်ဖေဖေ့ကို ရယ်ပြလိုက်သည်။ မေမေ့ကိုမကြည့်ရဲ။

●

ဦးဟန်တင်ပြန်သွားသောအခါ နံရံမှာချိတ်ထားသော ကြက်မွေးတံမြက်စည်းကို မေမေလှမ်းယူသည်။ ကျွန်တော့် ကျောကုန်း ပေါ်သို့ ကြက်မွေးတံမြက်စည်းဖြင့် မေမေ အဆက်မပြတ် ရိုက်လေ တော့၏။

"လူလိမ်၊ လူညာ၊ မိဘကို လိမ်တယ်၊ ညာတယ်၊ လူမိုက်"

ကျွန်တော်...မေမေ့ရိုက်ချက်တွေကို မတိမ်းရှောင်ခဲ့၊ကျွန်တော့် ကိုရိုက်ပြီး မေမေငိုသည်။ မေမေ့ကို ဖေဖေဖက်ဆွဲသည်။



www.burmeseclassic.com

www.burmeseclassic.com



"လှလှ စိတ်ကိုထိန်းစမ်းပါကွာ... ခေါင်းအေးအေးထားပြီး တွေးစမ်းပါ။ သားက မဟုတ်မဟတ်အလုပ်ကို လုပ်ခဲ့တာမဟုတ်ဘူး၊ လူတိုင်းမလုပ်နိုင်တဲ့ အားကစားအလုပ်ကို လုပ်ခဲ့တာ၊ ဘောလုံးကန်လို့ ရမယ့် ဒါဏ်ရာထက် မင်းချုပ်ချယ်လို့ မင်းရိုက်နှက်လို့ရတဲ့ ဒါဏ်ရာတွေက ပိုများနေပြီ၊ မင်း...တရားလွန်နေပြီ"

ကြက်မွေးတံမြက်စည်းကို မေမေလွှင့်ပစ်လိုက်သည်။

"ဒီမယ်...ကိုကျော်ခန့်။ ကျော်ခန့်ဇော် ဒီဘောလုံးပွဲကို ဝင်ကန်မယ်ဆိုရင်၊ ကျွန်မ အိမ်ပေါ်ကဆင်းမယ်"

"မဟုတ်သေးဘူးလေ၊ မင်း..."

"တော်ပြီ ဘာမှမပြောနဲ့၊ ကျွန်မဝေဒနာကို ကျွန်မပဲသိတယ်၊ ရှင်တို့မသိကြဘူး။ ကျော်ခန့်ဇော်... မေမေအိမ်ပေါ်က ဆင်းရမလား၊ မင်း ဘောလုံးဝင်ကန်မလား၊ ပြော..."

ဖေဖေ့မျက်နှာကို ကျွန်တော်မကြည့်ရက်၊ မေမေ့မျက်နှာကို ကျွန်တော်မကြည့်ဖြစ်၊ ခေါင်းကိုသာ ငုံ့ထားလိုက်သည်။ မျက်ရည်မကျအောင် ကျွန်တော်နေသည်။

"ပြောလေ၊ သား... ဘောလုံးကန်မှာလား၊ မေမေ အိမ်ပေါ်က ဆင်းရမှာလား"

"မင်း အဓိပ္ပါယ်မရှိဘူး လှလှ"





ဖေဖေ့ဒေါသသံကို မေမေဂရုမပြု။

ကျွန်တော် ခေါင်းကိုငုံ့ထားလျက် ထိုင်ရာမှ ထလိုက်သည်။

"သား... ဝင်မကန်တော့ဘူးမေမေ"

ပြောပြီး အိမ်ခန်းတွင်းသို့ ဝင်ခဲ့သည်။

●

ဘောလုံးပွဲတွင် ကျွန်တော်ဝင်ရောက်မကန်နိုင်တော့ကြောင်း၊ ကျွန်တော့်တွင် အစာအိမ်ရောဂါဖြစ်နေကြောင်း၊ ဘောလုံးကစားလျှင် ခွဲစိပ်ကုသခံရနိုင်ဖွယ်ရှိကြောင်း ရပ်ကွက်လူကြီးများထံ ကျွန်တော် အချိန်မီသွားပြောသည်။

အားလုံးစိတ်မကောင်းကြ။ ကျွန်တော့်နေရာတွင် သန်းဦး ဝင်ရောက်ရသည်။ အခြားဂိုးဖမ်းသူတစ်ယောက်ကို အရံဂိုးသမားအဖြစ် ထည့်သည်။ ကျွန်တော်ချစ်သောဘောလုံးကစားခြင်းအတွက် မိဘကို လိမ်လည်ခဲ့ဖူးသည်။ သည့်နောက် ကျွန်တော်ချစ်သောမေမေ့အတွက် ရပ်ကွက်ကိုပင် လိမ်ညာခဲ့ဖူးပြီ။

"မင်းမေမေ မတရားဘူးကွာ"

သန်းဦးပါးစပ်ကို ကျွန်တော့်လက်ချောင်းများဖြင့် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မွှမွှလေးပိတ်လိုက်ရ၏။

“မေမေ့ကို အဲလို မပြောပါနဲ့ကွာ၊ ငါတစ်ခုခုဖြစ်မှာစိုးလို့ မေမေ တားတာပါ။ မေမေ့မှာ နှလုံးရောဂါမရှိဘူးဆိုရင် ငါ မေမေ့ကို ဆန့်ကျင်မိမှာ အမှန်ပဲ၊ လိုအပ်ရင် ငါချစ်တဲ့ဘောလုံးအတွက် ငါ... အိမ်ပေါ်ကထောင် ဆင်းသွားမိမှာပါ။ ဒါပေမယ့်ကွာ မေမေက အစိုးရိမ်ကြီးတော့။ ငါဘာတတ်နိုင်မှာလဲ။ ငါ့ကြောင့်မေမေ ဘာမှမဖြစ်စေချင်ဘူး”

“မင်း..ဖေဖေကရော၊ ဝင်မပြောပေးဘူးလား”

“ဖေဖေက ဒေါသဖြစ်နေတာ၊ ဒါပေမယ့် ဖေဖေ့ဒေါသက နှလုံးရောဂါကို မကျော်နိုင်ဘူး”

သန်းဦး မဲ့ကနဲ ပြုံး၏။

“ဒါဆို နှလုံးရောဂါသည်တွေက ဘေးလူတွေကို ရောဂါဘမ်းပြီး အနိုင်ကျင့်သလိုဖြစ်နေပြီကွ၊ ထစ်ခနဲဆို တက်သွားလိုက်၊ ထစ်ခနဲဆို လန့်သွားလိုက်၊ သတိလစ်သွားလိုက်နဲ့။ သူတို့ကို ဘယ်သူမှ ကြမ်းကြမ်းတမ်းတမ်း မာမာထန်ထန် မပြောရဲတော့ဘူး”

“ဘာပဲဖြစ်ဖြစ် ငါမေမေ့ကို စိတ်ချမ်းသာစေချင်တယ်ကွာ”

“မင်းစိတ်ဓါတ်ကို ငါ သာဓုပဲ ခေါ်နိုင်မယ်ကွာ၊ ကြိုက်တော့ မကြိုက်ဘူး၊ မင်းမပါဘဲနဲ့တော့ ငါမကန်ချင်တာ အမှန်ပဲကွ။





သူငယ်ချင်းနှစ်ယောက် အသင်းတစ်သင်းတည်းမှာ အတူကစားရတာ ဘယ်လောက် ပျော်စရာကောင်းမလဲကွာ”

သန်းဦးမျက်ရည်ဝဲသည်။

“ဘောလုံးကန်တာကို မေမေလက်ခံလာအောင် ငါကြိုးစားအုံးမှာပါကွာ၊ မင်းစိတ်မကောင်းမဖြစ်ပါနဲ့။ မင်း ဘယ်လောက်တော်တော်၊ ငါဘယ်လောက်တော်တော် နှစ်ယောက်စလုံး တစ်သင်းတည်းမှာ အတူကစားဖို့ဆိုတာ တစ်သက်လုံးအတွက် မဖြစ်နိုင်ဘူးကွ၊ နောင်တစ်ချိန်ချိန်မှာ...မင်းက တခြားအသင်း ငါက တခြားတစ်သင်း ဖြစ်ချင်ဖြစ်နေမှာပဲ။ မဟုတ်ဘူးလား”

ကျွန်တော် ပြုံးလျက်ပြောသည်။

“အဲဒါကြောင့် ငါစိတ်မကောင်းတာပေါ့ကွ၊ ရတောင့်ရခဲ တစ်သင်းတည်းမှာ နှစ်ယောက်အတူကစားခွင့်က မင်းမေမေကြောင့် ပျက်သွားပြီလေ”

‘မေမေ့ဆီက ငါကောင်းဆိုကြည့်ပါဦးမယ်ကွာ’ ဟု ရင်မောစွာ ကျွန်တော်ပြောလိုက်သည်။

●●●



www.burmeseclassic.com

www.burmeseclassic.com

## ၅။

စာမေးပွဲအောင်စာရင်းတွေ ထုတ်ပြန်သည်။ ကျွန်တော်ရော သန်းဦးပါအောင်မြင်သည်။

"မေမေက သားကို တက္ကသိုလ် ကျောင်းသားကြီးဖြစ်စေချင်တာ။ သားကသိပ်တော်တာပဲ"ဟု မေမေ ဝမ်းသာစွာပြောသည်။

""ကဲ…ဒီနေ့ သားစာမေးပွဲအောင်တဲ့အတွက် မေမေ ဂုဏ်ပြုမယ်၊ သား ဘာလိုချင်သလဲပြော""

ဘောလုံးကွင်းသို့ မသွားဖြစ်သည်မှာ နှစ်လနှင့် သုံးရက်ခန့်ရှိပြီဟု ကျွန်တော်မှတ်မိနေသည်။ ဖေဖေက…

""ပြောလိုက်လေ…သား၊ သားလိုချင်တာ မေမေ့ကို ပြောလိုက်။ မေမေ့ဆီမှာ တောင်းလိုက်""



ရှိုးကေ့စ်ဘီရိုအတွင်းရှိ ဘောလုံးဆုတံဆိပ်များကို ကျွန်တော် ငေးခနဲကြည့်မိသည်။

""သား လိုချင်တာ၊ မေမေ..ပေးနိုင်မှာမဟုတ်ဘူး""

""ဘာလို့ မပေးနိုင်ရမှာလဲ။ ဟမ်း(မ)ချိန်း နောက်တစ်ခု လိုချင်သလား၊ ဆွဲကြိုးနောက်တစ်ကုံး လိုချင်သလား၊ ပြော။ အဲ… ကားကတော့ ဝယ်မပေးနိုင်သေးဘူး၊ စက်ဘီးတို့ ဆိုင်ကယ်တို့လည်း ဝယ်မပေးချင်ဘူး၊ တစ်ခြားဟာပြော ဘာဝယ်ပေးရမလဲ""

ဖေဖေ့ကို ကျွန်တော်လှမ်းကြည့်သည်၊ ပြီးနောက် မေမေ့ကို မျက်နှာမူလျက်…

""သား နိုင်ငံခြားကလာတဲ့၊ ဘောကန့်ဖိနပ် လိုချင်တယ် မေမေ""

ဖေဖေ့အပြုံးသည်၊ ကြေကွဲနေ၏။ မေမေ မျက်ခုံးတွန့်သွားသည်။ နှုတ်ခမ်းတင်းတင်းစေ့သွား၏။

"တစ်ခြားဟာကို တောင်းပါသား" မေမေ့အသံတွေ တုန်ရင်သွား၏။

""သား…ဘောလုံးကန်ချင်တယ်""

ငိုသံမကင်းသော တောင်းဆိုစကား၊ မေမေမျက်ရည်ဝဲနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဖေဖေမျက်ရည်ဝဲနေသည်။ ဖေဖေက မျက်တောင်များ ပုတ်ခတ်ကာ …

“ဝယ်ပေးလိုက်ပါ လှလှရယ်။ ဒီနေ့ဟာ သား စာမေးပွဲအောင်တဲ့နေ့လေ။ သား တောင်းဆိုသမျှ လိုက်လျောရမယ့်နေ့လေ။ မင်းဖြစ်စေချင်တဲ့ တက္ကသိုလ်ကျောင်းသားကြီး သား ဖြစ်တော့မှာ။ မင်းဖြစ်စေချင်တာကိုတောင် သားက ဖြစ်အောင်လုပ်နိုင်နေပြီလေ၊ သားဖြစ်စေချင်တာလေးကို မင်း မလိုက်လျောဘူးဆိုရင်၊ မင်း စိတ်ကောင်းမလား၊ ငါရော စိတ်ကောင်းပါ့မလား၊ သားရော စိတ်ချမ်းသာပါ့မလား”

မေမေ မျက်ရည်တွေစီးကျသည်၊ ကျွန်တော် မျက်ရည်တွေ သုတ်သည်။

“သား တောင်းဆိုနေတာ၊ ကားလည်းမဟုတ်ဘူး၊ ဆိုင်ကယ်လည်းမဟုတ်ဘူး၊ ရတနာ ရွှေငွေတွေလည်း မဟုတ်ဘူး၊ မင်း လိုက်လျောသင့်တယ်‥လှလှ၊ မင်းလိုက်လျောစေချင်တယ်”

မျက်ရည်တွေကို မေမေဖယ်သုတ်သည်။

“အားကစားဝါသနာပါရင် ကြက်တောင်ရိုက်၊ တင်း(န)နစ်ရိုက်၊ မေမေခွင့်ပြုတယ်။ အခုချက်ချင်း အဲဒီပစ္စည်းတွေကို မေမေသွားဝယ်ပေးမယ်”





“ဘောလုံးကန်တာကလွဲပြီး၊ သား…ဘာကိုမှ စိတ်မဝင်စားဘူးမေမေ”

“သားကတိပေးပါတယ်။ သား ဘောလုံးကို အပျော်ပဲကန်မှာပါ။ ပြိုင်ပွဲဝင်ဖို့ စိတ်မကူးတော့ပါဘူး၊ ဘောလုံးကန်နေရရင်ပဲ သား ကျေနပ်မှာပါ မေမေ၊ သားဘယ်လူရွေးပွဲမှ ဝင်မရွေးပါဘူး၊ သား ကတိပေးပါတယ်၊ သားကို ဘောလုံးကန်ခွင့်ပဲပေးပါမေမေ၊ ကျန်းမာရေးလေ့ကျင့်ခန်းအနေနဲ့ပဲ သားကန်မှာပါ”

မေမေ… ငြိမ်သက်စဉ်းစား၏။

“သားက တကယ်ပြိုင်ပွဲမဝင်ဘူးနော်” ဟု မေမေ မေးသည်။ ကျွန်တော်ခေါင်းငြိမ့်လျက်…

“ဟုတ်ကဲ့ပါ”

“အပျော်ပဲ ကန်ရမယ်”

“ဟုတ်ကဲ့”

“မထိမိ မခိုက်မိအောင် ကန်ရမယ်၊ ဘယ်နှယ့်လဲ”

“ ဟုတ်ကဲ့ သား ဖြေးဖြေးပဲကန်ပါ့မယ်”

“ထိမိခိုက်မိပြီဆိုတာနဲ့ ဘယ်တော့မှ မကစားရတော့ဘူးနော်”

ကျွန်တော် ခေါင်းငြိမ့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို ကျန်းမာရေးအတွက် အပျော်ပဲကန်၊ မေမေခွင့်ပြုတယ်၊ သားအဖနှစ်ယောက် သွားလိုချင်တဲ့ဖိနပ် သွားဝယ်ကြ"

ချစ်လွန်းသဖြင့် ရင်တထိတ်ထိတ် စိုးရိမ်စိတ်များကြားမှ မျက်စေ့မှိတ်ခွင့်ပြုလိုက်ရခြင်းဟု မေမေ့ကို ကျွန်တော်နားလည်သည်။

"ကျေးဇူးတင်ပါတယ် မေမေ"

မေမေ့ကို ကျွန်တော် ကန်တော့သည်။ ဖေဖေ့ကို ကျွန်တော် ကန်တော့သည်။ ကြမ်းပေါ်တွင် မျက်ရည်စက်တွေ ထင်ကျန်၏။ မေမေ့ကိုပေးခဲ့မိသည့်ကတိစကား မည်မျှအထိတည်နေမည်ကိုကျွန်တော် မခန့်မှန်းတတ်သေး။

●

ထိုကြောင့် မေမေကစားခွင့်ပြုသည့်နေ့မှစပြီး တစ်နှစ်ကျော်လောက်အထိ ကျွန်တော် အပျော်တမ်းဘောလုံးသမား၊ အပျော်တမ်းဂိုးသမားမျှသာဖြစ်ခဲ့၏။

ကျန်းမာရေးအတွက် ကစားနေရသူဟု ကိုယ့်ကိုယ်ကို သတ်မှတ်ခဲ့ရသည်။





ဘောလုံးအသင်း Training ဆင်းသည့်အခါ၊ ကျွန်တော်နှင့် သန်းဦး ဝင်ရောက်လေ့ကျင့်ခန်းယူသည်။ အသင်းနှစ်သင်း ခွဲကန်သောအခါတွင် ကျွန်တော်နှင့်သန်းဦး တစ်လှည့်စီ။ တစ်ခါတစ်ရံ အခြားဂိုးသမ်းသူ မရှိပါက၊ တစ်ဖက်စီ ဝင်ရောက်ကစားကြသည်။

ရပ်ကွက်ပေါင်းစုံဘောလုံးပြိုင်ပွဲ အပြီးတွင် ကျွန်တော်တို့ ရပ်ကွက် ဒိုင်းရခဲ့သည်။ ထိုနှစ်က သန်းဦးကို မြို့နယ်ဂိုးသမားအဖြစ် ရွေးထားခြင်း ခံရသည်။ ကျွန်တော်ကတော့ မေမေ့မျက်နှာကို မြင်ယောင်စဉ်တိုင်း...

"ငါ အပျော်ကန်နေရတာ"ဟု နှလုံးသွင်းသည်။ သို့သော် ကြိုးစားအားထုတ်မှုကို ဆံတစ်မျှင်မှ လျှော့မပစ်ခဲ့။

ဘောလုံးကန်ဖိနပ်ပေါင်းများစွာ၏ ဖိနပ်များကြားမှ ဘောလုံးကို ဂျမ်းထိုးပြီးဖမ်းရသည့်အခါ၊ လက်လှမ်းမမီတော့သော ဘောလုံးကို ခြေ(ဗ)ထိုး၍ ဖမ်းသည့်အခါ၊ တစ်ဘက်အသင်း တိုက်စစ်မှူးနှင့် ဆင်ယောက်ချင်းတွေ့လျှင် ထိုသူ၏ ခြေနှစ်ဘက်အတွင်းသို့ တစ်ကိုယ်လုံး(အားကုန်) ခြေစုံပစ်ဝင်လိုက်ရသည့်အခါများ၌ ကျွန်တော့်လက်၊ ကျွန်တော့်ခြေ၊ ကျွန်တော့်ခန္ဓာကိုယ်တို့တွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သေးသည်။

ထိုသို့ ပွန်းပဲ့ထိခိုက်မိခဲ့လျှင်၊ မေမေမသိအောင် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



နေရသည်။ ဖေဖေ့ကို ဘီးတိုးအသိပေးပြီး တိတ်တိတ်လေး ဆေးလိမ်းခဲ့ရ၏။

ဘောလုံးကွင်းအတွင်းသို့ များသောအားဖြင့် မနက်ပိုင်းတွင် ကျွန်တော် သွားရောက်ကစားသည်။ မနက်ပိုင်း မသွားဖြစ်သောအခါမှသာ ညနေပိုင်းတွင်ကျွန်တော်ကစားသည်။

"ဂိုးသမား သိပ်ကောင်းတယ်ကွာ၊ ဘယ်ဌာနမှာ ကစားသလဲ"

ထိုကဲ့သို့ တစ်စုံတစ်ယောက်က မေးမြန်းလာသောအခါမျိုးတွင် ကျွန်တော်...လွန်စွာ ဝမ်းနည်းမိခဲ့ရသည်။

"ကျွန်တော်က အပျော်လာကစားတာပါ၊ ကျန်းမာရေးအတွက်ပါ"

"ဟား... အပျော်မကစားပါနဲ့၊ သေသေချာချာကစားပါ၊ ဂိုးသမားကောင်းတစ်ယောက် ဖြစ်လာနိုင်တယ်နော်။ ကိုယ်တို့အသင်းမှာ ကစားမလား၊ ကိုယ်ပြောပေးမယ်"

မေမေ့ကို ကျွန်တော်သတိရသည်။

"ကျေးဇူးတင်ပါတယ်၊ ဘောလုံးသမားလုပ်ဖို့ ရည်ရွယ်ချက်မရှိလို့ပါ"

ထိုအကြောင်းမျိုးတွေကို ဖေဖေ့ကိုသာ ပြောပြမိခဲ့လျှင် ဖေဖေ





စိတ်မကောင်းဖြစ်ပေလိမ့်မည်။ မေမေနှင့်ဖေဖေ စကားများချင် များနိုင်သည်။

ထို့ကြောင့်...ဖေဖေ့ကို ကျွန်တော်မပြောပြဖြစ်ခဲ့ပါ။

●●●



www.burmeseclassic.com

www.burmeseclassic.com

၆။

"မမြမြနှင်း" ဟုခေါ်သော…

မမကို စတင် တွေ့မြင်သည့်မနက်က

ဘောလုံးကွင်းပြင်၌လည်းကောင်း…၊

ကျွန်တော်ရပ်နေရာ ဂိုးတိုင်၏အနောက်ဘက် (မူလတန်းစာသင်ကျောင်းနှင့် ဂိုးတိုင်၏အကြား) လူသွားလမ်းကလေးပေါ်၌လည်းကောင်း

နှင်းတွေဝေနေသည်…။



ဘောလုံးကွင်း၏ တစ်ဘက်တစ်ချက်၌ အရှေ့ဘက်တွင် ရထားလမ်း၊ ရထားလမ်းအကျော်တွင် ရပ်ကွက်တစ်ခု။

အနောက်ဘက်(ဘောလုံးကွင်းများနှင့် အလျားလိုက်အပြိုင်)တွင် ဘုရားရှိခိုးကျောင်း၊ မြောက်ဘက်တွင် အထက်တန်းကျောင်း၊ အထက်ကျောင်းနံဘေးစာသင်ဆောင်နှင့် ဂိုးတိုင်အကြားသည် လူသွားလမ်း၊ တောင်ဘက်တွင်လည်း မူလတန်းကျောင်းရှိ၏။ ထိုလူသွားလမ်းကလေးသည် မြေနီလမ်းကလေးဖြစ်၏။

ရထားလမ်းဘက်ရှိရပ်ကွက်မှ လူများ၊ ဘူတာရုံမှ ဆင်းသက်လာသူများသည် ထိုမြေနီလမ်းကလေးကိုဖြတ်ကာ ကားလမ်းဘက်သို့ သွားကြရ၏။ မနက်စောစောပိုင်းတွင် လူအသွားအလာ သိပ်မရှိတတ်။ မနက်ကိုးနာရီဝန်းကျင်၊ ညနေလေးနာရီဝန်းကျင်သည် လူအသွားအလာ မပြတ်ချေ။

မြေနီလမ်းကလေးပေါ်တွင် မမကို စတင်တွေ့မြင်သည့်မနက်က လူသွားလူလာ မထူပြောသေး။ ပြီးတော့…နှင်းမကွဲသေး။

ကျွန်တော် တောင်ဘက်ဂိုးတွင် နေရာယူထားသည်။ မြောက်ဘက်ဂိုးတွင် သန်းဦးကို လှမ်းမြင်နေရ၏။

ကစားကွင်း၏ဘယ်တောင်ပံမှ တစ်ဘက်အသင်း၏ အသည်



www.burmeseclassic.com

တန်းကစားသမားတစ်ဦး ဘောလုံးခွဲလာသည်။ ဂိုးဧရိယာ မရောက်သေးမီအထိ ဘောလုံးသည် ဘယ်တောင်ပံမှာသာရှိသေး၏၊ ကျွန်တော် ဂိုးစည်းအပြင်တွင် ရပ်တွင်ရပ်နေရာမှ အနောက်သို့ နှစ်လမ်းမျှဆုတ်သည်။ ဘယ်တောင်ပံမှ ကန်တော့မည့်ဘောလုံးကို ဖမ်းယူရန် ဘယ်ဘက်ကိုပိတ်ဖို့ ခြေတစ်လှမ်းစာမျှသာ တက်လိုက်သေးသည်။

ဘောလုံးက ကျွန်တော့်ထံသို့မလာဘဲ ကျွန်တော့်အသင်း၏ နောက်တန်းလူကို ကျော်လွန်ပြီး ဂိုးဧရိယာ၏ ညာဘက်ထောင့် ခပ်လှမ်းလှမ်းသို့ ကျ၏။ ကျွန်တော်သည် ဘယ်ဘက်တွင် နေရာယူထားမိရာမှ ညာဘက်သို့ အလျားလိုက် ခြေနှစ်လှမ်းစာမျှသာ ရွေ့နိုင်သေးသည်။

တစ်ဘက်အသင်း၏ တိုက်စစ်မှူးက ညာဘက် ဂိုးဧရိယာ ရှေ့သို့ ကျလာသော ဘောလုံးကို ကျွန်တော့်ဂိုးတိုင်ရှိရာသို့ မနားတမ်း အရှိန်ပြင်းစွာ ကန်သွင်းလိုက်လေသည်။ ကန်ချက်ပြင်းထန်မည်ကို လည်းကောင်း၊ ကျွန်တော့်လကျ်ာဘက်နှင့် မမှီမကမ်း ဖြစ်နေမည်ကို လည်းကောင်း လျှပ်တပြက်အတွင်း ကျွန်တော်သိလိုက်သဖြင့် ဘောလုံးကို အမိဖမ်းဖို့ မကြိုးပမ်းတော့ဘဲ၊ ပုတ်ထုတ်ပစ်လိုက်ရသည်။

လကျ်ာဘက်သို့ လက်နှစ်ဘက်စလုံး လိုက်ပါပုတ်ထုတ်ခြင်း ဖြစ်သော်လည်း၊ ဘောလုံးက ညာဘက်လက်ဖနောင့်ဖြင့်သာထိပြီး၊





ဂိုးတိုင်၏အပြင်ဘက် လူသွားလမ်းရှိရာသို့ အရှိန်ပြင်းစွာ ရောက်ရှိသွားလေသည်။

"ခွမ်း"

"……"

ထမင်းဘူးတစ်ဘူး လွင့်ကျသွားသည်ကို ကျွန်တော် မြင်လိုက်သည်။ ထိုနေရာသို့ (ဂိုးသွင်းလိုက်သောဘောလုံးသမား) ကိုဒွေးနှင့် အခြားဘောလုံးသမား လေးငါးယောက် ပြေးသွားကြသည်။

ညာဘက်လက်ကို ဘယ်ဘက်လက်ဖြင့် ဖိကိုင်ထားသော အမျိုးသမီးတစ်ဦးကို ကျွန်တော်တွေ့သည်။ သူ့လက်ထဲမှ လွင့်ကျသွားသော ထမင်းဘူးသည် သူ့အနောက်ဘက် ခပ်လှမ်းလှမ်းတွင် ရှိနေ၏။

ဒိုင်လူကြီး ဦးငွေက ဝီစီကို ပါးစပ်မှမခွာသေးဘဲ ထိုနေရာသို့ ပြေးသွားပြန်သည်။ ကျွန်တော်လည်း အလျင်အမြန်ပြေး၏။ လမ်းပေါ်သို့လွင့်ကျနေသော လက်သုတ်ပုဝါဖြင့် ထုတ်ထားသည့် ထမင်းဘူးကို ကျွန်တော်ကောက်သည်။ ပြီးတော့မှ…

ညာဘက်လက်ကိုဘယ်ဘယ်လက်ဖြင့် အသာဖိကာ၊ ဖိုင်တွဲများကိုလည်းကောင်း၊ ပခုံးပေါ်ရှိ လွယ်အိတ်လှလှလေးကိုလည်းကောင်း၊ ပြုတ်မကျအောင် ပြင်ဆင်နေရသည့် ကိုယ်နေဟန် သွယ်သွယ်

www.burmeseclassic.com



အသားဖြူဖြူနှင့် သူနာပြုဝတ်စုံကို ဝတ်ဆင်ထားသော လွန်စွာချောမော လှပသည့် မျက်နှာလေးတစ်မျက်နှာကို မြင်လိုက်ရပြန်သည်။

နှင်းများဝေနေပါလျက် ကျွန်တော့်ရင်ထဲ နွေးသွားသည်။ ချွေးများစို့နေပါလျက် ကျွန်တော့်စိတ်ထဲ အေးသွားသည်။

"ကလေးမ..လက်ထိသွားတာလား"

ဒိုင်လူကြီးဦးငွေက မေးမြန်းသည်။ ကျောင်း၏နံဘေး ခြံများအတွင်းသို့ ရောက်သွားသော၊ ဘောလုံးကို ဘောသမားတစ်ယောက်က သွားကောက်နေသည်။

"ရတယ်၊ ထမင်းဘူးပဲ လွင့်သွားတာပါ။ လက်က သိပ်မနာပါဘူး"

သာယာလွန်းသည့်အသံ၊ နာပျော်ဖွယ်ရာ အလင်္ကာတေး။

"မမ...ဒီမှာ ထမင်းဘူး"

လှမ်းယူမည်အပြု ဦးငွေက...

"ကျော်ခန့်ဇော်... သဲတွေသုတ်ပေးလိုက်ဦးလေ"

"ဟုတ်ကဲ့"

ကျွန်တော့်အင်္ကျီအနားစဖြင့် ထမင်းဘူးကို ကျွန်တော် သန့်စင်ပေးသည်။ သဲမှုန်လေးတွေကို လက်ဖြင့်ခါထုတ်ပေးသည်။ ပြီးမှ... ကမ်းသောလက်အတွင်းသို့ ထမင်းဘူးကို ထည့်၏။ ထမင်းဘူးကို





ယူဆောင်လိုက်သော ဖယောင်းသွယ် လက်ချောင်းလေးများကို ဝင်းပစွာ မြင်ခွင့်ရလိုက်သေးသည်။

"ညီမ...တောင်းပန်တယ်နော်၊ မနက်စောစောဆိုတော့ လူအသွားအလာ မရှိသေးဘူးပဲ ထင်နေတာ"

ဂိုးသွင်းဖို့ကြိုးပမ်းခဲ့သော ကိုဗွေးက တောင်းပန်စကားဆို၏။

"ရပါတယ်"

ပခုံးပေါ်တွင် လွယ်အိတ်ကြိုးကို ပင့်တင်ရင်း ပြော၏။

"အဲဒါ..၊ ဒီကောင် ဂိုးသမား ကျော်ခန့်ဇော်ကြောင့် ဖြစ်တာ။ သူသာ ပုတ်မထုတ်ဘဲ လွှတ်ပေးလိုက်ရင် ညီမကို ထိမှာမဟုတ်ဘူး။ သူပုတ်ထုတ်လိုက်လို့ဖြစ်တာ"

နောက်တန်းကစားသော ကိုထွန်းထွန်းဦးက ရယ်စရာ ပြောသည်။ ကျွန်တော်ရယ်သည်။ မိန်းကလေး ရှုံ့နှိမ့်သွားစေသည့် ပါးလှပ်သော အပြုံးတစ်ပွင့်ကို ပန်းဆီရောင်နှုတ်ခမ်းထက်၌ သွယ်လျစွာ ကျွန်တော်မြင်သည်။

"ဟင်းအရည်တွေ ဖိတ်သွားသေးလား မသိဘူး"

"ဟင်းအရည်မပါဘူး" ဟုပြောသည်။ ထိုစဉ် ဦးငွေက...

"ဆေးလေးဘာလေး မပါဘူးလား ကျော်ခန့်ဇော်၊ လက်ထိသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပရုတ်ဆီဘူးပဲပါတယ်"ဟုပြောပြီး ဂိုးတိုင်အနီးတွင် ချွတ်ပုံထားသော ကျွန်တော့် ထရက်စုအင်္ကျီထဲမှ ပရုတ်ဆီဘူးလေးကို အလျှင်အမြန်သွားယူလိုက်သည်။

"ရတယ် ဦး... သိပ်မနာပါဘူး"ဟူသော အသံကို ကြားလိုက်ရသေး၏။

"ရော့...မမ"

ပရုတ်ဆီဘူးလေးကို ကျွန်တော်လှမ်းပေးသည်။ ညာဘက်ပခုံးပေါ်တွင် လွယ်အိတ်၊ လက်ထဲတွင် ထမင်းဘူး၊ ဘယ်လက်ထဲတွင် ဖိုင်တွဲများ ပွေ့ထား၏။ လှမ်းယူဖို့ခက်နေပေလိမ့်မည်။

"ရတယ်...မလိမ်းတော့ဘူး"

"ဟောကောင် ကျော်ခန့်ဇော်၊ လက်နဲ့ နည်းနည်းတို့ပြီး နီနေတဲ့ လက်ခုံကို မွတ်ပေးလိုက်လေ... သူ့မှာ မနိုင်မနင်းနဲ့"

ပရုတ်ဆီဘူးကို ဖွင့်သည်။ အနည်းငယ် တို့သည်။

ထမင်းဘူးကိုင်ထားရာ လက်ခုံဖြူဖြူလေးကို ကျွန်တော် ပရုတ်ဆီလိမ်းပေးလိုက်၏။ ရင်ထဲမှာ အေးမြစွာ နွေးထွေးနေသည်။ ပြီးနောက် ပရုတ်ဆီဘူးကို ထမင်းဘူးပေါ် တင်ပေးလိုက်သည်။

"နေပါစေ၊ ပြန်ယူထားလိုက်"

ညင်သာသောစကားကို စေ့ညှိနေသောအမိန့်ဟု ကျွန်တော်နာခံ





ခံယူသည်။ ခြေလှမ်းရွေ့ကာစတွင်....

"ကျေးဇူးပဲ"

အကြည့်မရွေ၊ မျက်တောင့်မကပ်၊ မျက်ဝန်းမလှုပ်ဘဲ ပြောသွားပါလျက် ကျွန်တော်အကြည့် ရွေ့သွားရသည်။ ကျွန်တော်မျက်ဝန်းထောင့်ကပ် ငုံကြည့်မိသည်။ ကျွန်တော့်ရင်ထဲ လှုပ်ခတ်သွား၏။

"ကဲ..ကဲ၊ ကွင်းနောက်ကျမယ်"

ဦးငွေ၏အသံ။

●

ထိုမနက်က ကန်တင်လိုက်သော ထောင့်ကန်ဘောလုံးသည် မည်သူ့ဦးခေါင်းနှင့်မျှ မထိ၊ မည်သူ့ခြေထောက်နှင့်မျှမထိဘဲ ကျွန်တော့်လက်အတွင်းမှ လွတ်ကျသွားပြီး၊ ဂိုးပေါက်အတွင်းသို့ ခုန်ဆွခုန်ဆွဖြင့် ဝင်ရောက်သွားခဲ့ရလေသည်။

ကျွန်တော့်အသည်းနှလုံးကို ဘောလုံးလေး မြင်သွားပြီလားမသိ။

●●●



www.burmeseclassic.com

www.burmeseclassic.com

၇။

ဘောလုံးကစားပြီးနောက်၊ မူလတန်းကျောင်းနံဘေးရှိ လက်ဖက်ရည်ဆိုင်လေးမှာ ဘောလုံးသမားတွေ ထိုင်ကြသေးသည်။ သန်းဦးနှင့်ကျွန်တော်က စားပွဲတွင်မထိုင်ဘဲ ခွေးခြေလေးများတွင် ထိုင်သည်။ ချွေးများ သုတ်ဖယ်သည်။ ဘောကန်ဖိနပ်ကို ချွတ်ပြီး ကင်းဘတ်ဖိနပ် ပြောင်းစီးကြသည်။

သန်းဦးက ခြင်းကဒ်ကြိုးများကိုဖြေပြီး....

"ကွန်နာထောင်တဲ့ဘောလုံးက မင်းဘာဖြစ်လို့ လွတ်ကျရတာလဲ၊ သိပ်မြင့်တာလည်း မဟုတ်ဘဲနဲ့။ မမီဘူးထင်ရင် ထိုးထုတ်လိုက်ပြီးရော"



ကျွန်တော်က ဂိုးတိုင်အနောက်ဘက် မြေနီလမ်းလေးကို ငေးကြည့်ကာ...

"အဲဒီကွန်နာဘောလုံးကို မြန်မြန်ဖမ်းပြီးရင် ရှေ့ကို မြန်မြန် ကန်တင်၊ ဘောလုံးကွင်းလယ်ရောက်တာနဲ့ မမရဲ့နောက်ကျောလေးကို မြင်ရဦးမယ်လို့ ငါတင်တာ။ ဒါပေမယ့် မမြင်လိုက်ရပါဘူးကွာ၊ ဂိုးဖေဝင်ခံလိုက်ရတာပဲ အဖတ်တင်တယ်"

သန်းဦး မျက်ခုံးတွန့်သည်။ ကျွန်တော့်ကို သေချာစွာကြည့်သည်။

"ကျော်ခန့်ဇော်"

"ဟင်"

"ငါမေးတာက၊ ကွန်နာဘောလုံး ပျော့ပျော့လေးကို မင်း ဘာကြောင့် လွတ်ကျရတာလဲလို့ မေးနေတာ။ ဘာကြောင့် ဂိုးသွားတာလဲလို့ ငါမေးနေတာ"

"အင်းလေ ငါလည်း အဲဒါပဲဖြေတာပဲ"

ပြောပြီးမှ ကျွန်တော်က...

"ဩော်...မင်းကိုငါ သေသေချာချာတောင် မပြောပြရသေးဘူး၊ ခုန ပွဲပြီးခါနီးတုန်းက ငါ့ဂိုးဘက်မှာ နစ်(စ်)တစ်ယောက်ကို ဘောလုံးမှန်တာ မင်းတွေ့ရတယ်မဟုတ်လား"

"အင်းလေ ငါမြင်သားပဲ ဘာမှမှ မဖြစ်ဘဲ" ဟု သန်းဦးပြော၏။ ကျွန်တော်က…

"အဲဒီ မမ… အရမ်းလှတယ်ကွာ"

"သူ လှတာနဲ့၊ မင်းဘောလုံးမမိတာနဲ့ ဘာဆိုင်လို့လဲ"

ကျွန်တော်လက်ကာသည်။

"ငါလေ၊ မမလက်ကို ပရုတ်ဆီ လိမ်းပေးလိုက်ရသေးတယ်ကွ"

ထိုအခါမှ သန်းဦးက နားရှင်း သဘောပေါက်သွားသကဲ့သို့

"ဩော် ငါနားရှင်းပြီ၊ အဲဒီအစ်မကြီးလက်ကို မင်းက ပရုတ်ဆီ လိမ်းပေးလိုက်ရတော့၊ မင်းလက်မှာ ပရုတ်ဆီတွေပေပြီး၊ ဘောလုံးကို ကိုင်လို့မရ ဖြစ်သွားတာ မဟုတ်လား…။ စလစ် ဖြစ်သွားတာလေ၊ ဟုတ်တယ်မို့လား"

ကျွန်တော့်မျက်နှာ ရှုံ့မဲ့သွားသည်။ သန်းဦးက…

"ဒါများကွာ လက်ထဲတံတွေးတွေးပြီး သဲနှစ်ဆုပ်လောက်ကိုင်ပြီး ပွတ်လိုက်ပြီးရော"

"သန်းဦး"

"ဘာလဲ"

"မင်းသိသိကြီးနဲ့ နောက်နေတာလား၊ တကယ်မသိလို့





အတည်ပြောနေတာလား"

"ဟာ…ငါဘာနောက်လို့လဲ၊ အခုမင်းကို ငါမေးတဲ့စကား၊ ပြောတဲ့စကားထဲမှာ၊ ရယ်စရာပါနေလို့လား"

"မပါဘူး၊ ဒါပေမယ့် မင်းနောက်နေသလိုပဲကွာ"

"ဟာ ခုက္ခပဲ"

"အခု မနောက်နဲ့နော်၊ ငါအတည်ပြောမယ်။ ခုန ငါမြင်လိုက်ရတဲ့ သူနာပြုမမက အရမ်းလှတယ်ကွ"

"ဘာလဲ သူနာပြုမမဆိုတာ ငါမကြားဖူးဘူး၊ ငါကြားဖူးတာ သူနာပြုဆရာမပဲ ကြားဖူးတယ်"

"ငါ့ဘာသာ မမလို့ခေါ်တာကွာ"

"ဩော်"

"အဲဒီမမကို မြင်လိုက်ရတာ ငါရင်ထဲမှာ တစ်မျိုးပဲ၊ အဲဒါ ငါဘာဖြစ်နိုင်လဲ သန်းဦး"

သန်းဦးက ဗေဒင်တွက်သလို အာရုံခံသလိုလိုလုပ်သည်။ ပြီးမှ…

"ပုပ္ပနိမိတ်အရဆိုရင်၊ မင်းနိမိတ်မကောင်းဘူးကွ"

"ဘာဖြစ်လို့လဲ"

"သူနာပြုဆိုတာ၊ သူနာကို ပြုစုရတာလေ၊ မင်းက ဘောလုံး

www.burmeseclassic.com



ကန်ရင်း သူနာပြုကို တွေ့မြင်တာဆိုတော့ မင်းသူနာဖြစ်လိမ့်မယ်၊ ဘောလုံးကန်ရင်း ခြေရော၊ လက်ရော သွင်သွင်ကျူးနိုင်ကိန်းရှိတယ်"

ကျွန်တော်က သန်းဦးကို ချွေးသုတ်ပုဝါဖြင့် လှမ်းရိုက်ပြီး...

"ငါနဲ့ အဲဒီမမနဲ့ ခင်နိုင်မင်နိုင်ပါ့မလား။ ဘာဖြစ်နိုင်မလဲလို့ မင်းကို စဉ်းစားကြည့်ခိုင်းတာ"

"မသိဘူးလေ၊ မင်း ဗေဒင်တွက်ခိုင်းတာ မှတ်လို့"

"ဗေဒင်တွက်ခိုင်းတော့ရော၊ မင်းက... မှန်အောင်တွက်နိုင်လို့လား"

"တွက်နိုင်တယ်"ဟု သန်းဦးပြောသည်။

"ကဲဒါဆို တွက်၊ အခုတွက်၊ မှန်အောင်တွက်"

"ဥတု.. ဘောမ၊ စန္ဒြေ ဘောမ၊ သော်ကြာ...ဘောမ၊ မဟုတ်မှလွဲရော၊ မနက်ဖြန်မနက်မှာ အဲဒီသူနာပြုဆရာမလေးကို မင်းမျှော်နေလိမ့်မယ်၊ ဒါပဲ"

ကျွန်တော် တဟားဟားရယ်နေမိလေသည်။

●





နှင်းမှုံမှုံများကြား၌ အရိပ်လှလှလေးတစ်ခုကို ကျွန်တော် လှမ်းမြင်လိုက်ရသည်။ မနေ့က မမ၏အရိပ်လေးလေ။

ဂိုးတိုင်၏အနောက်နားမှ ညင်သာသွက်လက်သော ခြေလှမ်းများဖြင့် လှမ်းလျှောက်သွားသည့် သူနာပြုဝတ်စုံလေးဖြင့် လွန်စွာ လိုက်ဖက်လှန်းသော ကရုဏာမျက်နှာထားလေးကို ရိပ်ခနဲသာ မြင်လိုက်ရ၏။ ညာဘက်လက်တွင် စည်းထားသော ပတ်တီးစလေးကို၊ ကျွန်တော်မြင်လိုက်ရသည်။

ပတ်တီးစလေးကို မြင်လိုက်ရသဖြင့်၊ ရင်ထဲမှာ စိုးရိမ်သွားသည်။ စိတ်မကောင်းဖြစ်သွားသည်။ ဒါပေမယ့် ကျွန်တော့်အဖို့ ငေးကြည့် ကျန်ရစ်ခွင့်သာရလိုက်သည်။

"ကျော်ခန့်ဇော်"

အော်သံကြား၍ လှည့်အကြည့်...။ ကျွန်တော့်ပုခုံးအထက်မှ ဘောလုံးတစ်လုံး ဖြတ်ဝင်သွားသည်ကို ရိပ်ခနဲမြင်လိုက်ရသည်။

"ဂိုး"

"ရှုံး"

ဒိုင်လူကြီးဦးငွေ၏ ခရာသံကို ကျယ်လောင်စွာ ကြားလိုက်ရ၏။ ကျွန်တော့် ဂိုးတိုင်အတွင်းသို့ မည်သူ ဂိုးသွင်းလိုက်သည်ကိုမ



www.burmeseclassic.com

www.burmeseclassic.com



မသိလိုက်ရပေ။

"ဟော့ကောင် မင်းဘာငေးနေတာလဲ"

နောက်တန်းလူ ကိုထွန်းထွန်းဦးကို ပါးစပ်အဖြဲသားဖြင့် ကျွန်တော် ရယ်ပြလိုက်ရသည်။

"မင်းထွက်ဖမ်းမယ်ထင်ပြီး ငါဆက်မလိုက်တော့တာကွ"

"ဆောရီးဗျာ၊ ကျွန်တော်အတွေးလွန်သွားတယ်"

ရှေ့တန်းတွင်ကစားသော ကိုစိုးကြီးက ကျွန်တော့်အနီးသို့ လာပြီး····

"ကျော်ခန့်ဇော်၊ မပေါ့နဲ့လေကွာ၊ ပြိုင်ပွဲမဟုတ်ဘူးဆိုပြီး ပေါ့ပျက်ပျက် မလုပ်နဲ့၊ အကျင့်ပါလိမ့်မယ်နော်···ဟော့ကောင်"

"ဟုတ်ကဲ့ ကိုစိုးကြီး"

"ရှေ့မှာ တစ်ချက်ထောက်ပြီးသားဘောလုံးကို ခုန်စရာ တောင်မလိုဘူး၊ အသာစောင့်ဖမ်းရုံပဲ၊ ဘယ်နှယ့်လွတ်ကျတ်ပြီး ဝင်သွားရတာလဲကွာ၊ မျက်လုံးကို လျှင်လျှင်ထားစမ်းပါ"

"ကိုစိုးကြီး၊ ဒီကောင် အကြောညပ်သွားတာဗျ"ဟု ကိုထွန်းထွန်းဦး ဝင်ပြောသည်။

"ဘယ်အကြောညပ်တာလဲ၊ ခါးကြောလား"

"မဟုတ်ဘူး၊ ငန်းကြော···ငန်းကြော၊ ဟိုသူနာပြု





ကောင်မလေးကို လှမ်းငြိုးငန်းလိုက်တာ ကျွန်တော်မြင်တယ်"

"မဟုတ်ပါဘူး"ဟု ကျွန်တော်ရယ်လျက်ပြောသည်။ ကိုစိုးကြီးက၊ ကျွန်တော့်ကို အသံမဲ့စွာဖြင့် နှာမည်ကင်ပွန်းများ များစွာ တပ်ပေးလေတော့၏။ ထိုနေ့က ကျွန်တော်ဖမ်းသောအသင်း တစ်ဂိုးဂိုးမရှိဖြင့် ရှုံးလေသည်။

●●●



www.burmeseclassic.com

www.burmeseclassic.com

## ၈။

"ဒါဆို မင်း၊ ဒီမနက် မဖမ်းဘူးပေါ့"ဟု သန်းဦး ပြောသည်။

"အင်း"

"နောက်နေ့တွေရော"

"နောက်နေ့တွေလည်း ငါညနေပိုင်းပဲ လာကန်တော့မယ်။ မနက်ပိုင်း သူများကန်တာပဲလာကြည့်ပြီး၊ ညနေပိုင်းကျမှ ကန်တော့မယ်လို့ မေမေ့ကိုငါပြောခဲ့တယ်"

"မင်းတော့ မုသာဝါဒကံကို ခဏခဏကျူးလွန်နေတော့တာပဲနော်…။ ဘောလုံးကန်ချင်လို့ မအေကို လိမ်ခဲ့ပြီးပြီ။ အခု ရည်းစားထားချင်လို့ ထပ်ပြီး လိမ်ပြောခဲ့ပြန်ပြီ မဟုတ်လား"



"ရည်းစားထားချင်လို့ မဟုတ်ပါဘူးကွာ။ မမနဲ့ စကားပြောချင်လို့ပါ"

"စကားပြောချင်တယ်ဆိုတဲ့ ရည်ရွယ်ချက်ကိုက အဲဒါပဲ မဟုတ်ဘူးလား"

"မသိဘူးကွ၊ ငါမပြောတတ်ဘူး"

"မမမျက်နှာလေးကို သိပ်ကျက်သရေရှိတာပဲကွာ၊ တကယ့်နိုက်တင်ဂေးပဲ"

သန်းဦးက ဂိုးတိုင်ကို ကျောမှီရပ်ရင်း မျက်နှာကို ရှုံ့မဲ့နှာထောင်သည်။

"မမနဲ့စကားပြောခွင့်ရရင် ငါသိပ်စိတ်ချမ်းသာမှာပဲ"

"မင်း…ပြောပုံက တခြားနေ့တွေတုန်းက စိတ်မချမ်းသာဘူးပေါ့၊ ဟုတ်လား"

"ဟုတ်တယ်၊ ငါ့မှာ ငါ့သောကနဲ့ငါ ရှိတာပေါ့ကွ၊ ဘောလုံးကွင်းထဲမှာ အားကျိုးမာန်တက် ကစားမိလိုက်တိုင်း ငါ့အမေမျက်နှာကို ငါမြင်ယောင်တယ်။

ညအိပ်ရာဝင်တိုင်း ဒီတစ်သက်၊ ငါဘောလုံးသမားဖြစ်ပါ့မလားဆိုတာ တွေးတွေးပြီး စိတ်မချမ်းမသာဖြစ်ခဲ့ရတာ ညတိုင်းပဲ။ ဒါပေမယ့် ဘယ်လောက်ပဲ စိတ်ညစ်စိတ်ညစ်၊ မနေ့က မမရဲ့မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



လေးကို ဘေးတစောင်းလေးမြင်လိုက်ရတာနဲ့တင် ငါ့စိတ်ထဲ အေးချမ်းသွားတယ်။ ကမ္ဘာရကြီးထဲက ဖြတ်လာတဲ့လူတစ်ယောက်က နှင်းတွေဝေနေတဲ့ ဆောင်းတစ်ခုနဲ့ တွေ့လိုက်ရသလိုပဲ မမဟာ ငါ့ဘဝရဲ့ အိုအေစစ်..."

"တော်ပါတော့ ကျော်ခန့်ဇော်ရယ်၊ မင်းကို ငါစကားနည်းတဲ့ကောင်လို့ ထင်ထားတာ၊ သုံးတောင်ဝတ်နဲ့လည်း ပတ်သက်ရော၊ ပြောလိုက်တဲ့စကားတွေ၊ အခွန်းသုံးထောင်လောက်ရှိတော့မယ်"

ကျွန်တော် ရယ်သည်။

"သည်းခံပြီး နားထောင်ပါကွာ၊ ငါ ညက ဟိုတွေးဒီတွေးနဲ့ တစ်ညလုံးခံစားပြီး စိတ်ထဲမှာ တန်းစီထားတဲ့ စကားတွေမို့ပါ၊ မမလက်မှာ ပတ်တီးလေးစည်းထားတယ်ကွ၊ အဲဒါကိုလည်း ငါ စိတ်မကောင်းဘူး"

"ဟိုမှာ ကိုစိုးကြီးလာနေပြီ၊ ထရိမ်နင် လုပ်ရတော့မယ်၊ မင်း ဘယ်လိုပြောမလဲ"ဟု သန်းဦးက ထရက်စုအင်္ကျီကိုချွတ်ရင်း မေးသည်။ ကွင်းထဲရှိ သွေးပူလေ့ကျင့်ခန်းလုပ်နေကြသူများကိုကြည့်ပြီး ကျွန်တော်က...

"ညနေပိုင်းမှာပဲ ကစားမယ်လို့ ပြောမှာပေါ့ကွ၊ ဘာလိမ်စရာလိုလို့လဲ"





"မင်း မာမားနောက်ကို ဒီအတိုင်းလိုက်သွားမှာလား"

"မမ ပါကွာ၊ ဘယ်က မာမားရမှာလဲ"

"အေး...အေး၊ မမ...မမ အဲဒီနောက်ကို ဒီထရက်စုအင်္ကျီဘောင်ဘီတွေနဲ့ပဲ လိုက်သွားမှာလား"

"အင်းလေ"

"အိမ်နေရင်းလည်း ဘောလုံးအင်္ကျီဝတ်၊ ကျူရှင်တက်လည်း ဘောလုံးအင်္ကျီဝတ်၊ အခု လိုက်ငန်းမယ့်ကိစ္စမှာတောင် ဘောလုံးဝတ်စုံနဲ့ဆိုတော့ မင်းကို အားကစားရန်ပုံငွေလိုက်တောင်းတဲ့ကောင်လို့ ထင်တော့မှာပဲ"

ကိုစိုးကြီး အနားသို့ရောက်လာသည်။ ကျွန်တော့်ကို ကြည့်ပြီး...

"ဟော့ကောင် အဝတ်အစားလဲလေ၊ လာ...ထရိန်နင်ဝင်လုပ်၊ နောက်ပြီး လူခွဲကန်တော့မှ ဘော်ကြော့လေး ဝင်မဖမ်းနဲ့၊ လာ...အပျင်းမထူနဲ့"

"ကျွန်တော် ညနေပိုင်းမှ လာကစားတော့မယ်၊ ကျွန်တော့်ဖေဖေက မနက်ပိုင်း အိမ်အလုပ်ကူလုပ်ဖို့ ခိုင်းထားလို့"

"ဒါဆို အခု ဘာလာလုပ်တာလဲ"

"ဟို...ခဏလာကြည့်တာ၊ တအောင့်နေရင် ပြန်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"လိမ်လိုက်မြန်ပြီ" ဟု သန်းဦး မကြားတကြား ပြောသည်။ ကိုစိုးကြီး ကျွန်တော့်ကို လက်သီးပြ၏။

●

*နွေရေ…*
*အသင် မှုမြင်းပါ။*
*ဟိုမှာ…*
*ဆောင်းလေတစ်ခု ယုယမှုနဲ့*
*နှသစ်ကြင်နှာ နေတော့မယ်။*

●

နှင်းပဝါပါးကို ခြုံလွှမ်းလျက် ဆောင်းရင်ပြင်အတွင်းသို့ နှသစ်လွင့်ပါးစွာ လှမ်းလာနေသော ဆောင်းမင်းသမီးလေးတစ်ပါးကို နှင်းတွေထဲမှာ ကျွန်တော်မြင်သည်။

စောစောက နှင်းဝေသည် မဝေသည်ကိုလည်းကောင်း၊ အေးစိမ့်သည် မအေးစိမ့်သည်ကိုလည်းကောင်း ကျွန်တော် သတိမမူ





ဖြစ်ခဲ့ချေ။ ရထားလမ်းရှိရာဘက်မှ မြေနီလမ်းအတိုင်း ရွှေ့လျားလှမ်းလျှောက်လာသော မမကို မြင်တော့မှ ဆောင်းမနက်ခင်းအတွင်းသို့ ရောက်ရှိလျက် နှင်း…ကို စောင့်စားနေလေသူဟု ကိုယ့်ကိုယ်ကို အသိဝင်၏။

ယခုမှ…ရင်ထဲသို့ ဆောင်းရာသီ ခိုဝင်သည်။

ယခုမှ…ရင်ထဲသို့ နှင်းပဝါ ခိုနားသည်။

ယခုမှ…ရင်ထဲသို့ ဆောင်းနတ်သမီးလေး ဝေးကွာစွာ ရွှေ့လှမ်းလာသည်။ ယခုမှ ကျွန်တော့်ရင်ထဲ ပျော်သွား၏။

ပိုင်နယ်တီစက်ပိုင်းအနီးတွင် ရပ်နေသော သန်းဦးကို…

"ဟေ့ကောင် သန်းဦး"

သန်းဦးက ကွင်းလယ်ရှိ ဘောလုံးထံသို့ တစ်ချက်ကြည့်ပြီး ကျွန်တော်နှင့် နီးကပ်ရာသို့ ခြေလှမ်းရွှေ့ကာ…

"ဘာလဲ"

"ဟိုမှာ မမလာနေပြီ"

ကျွန်တော်ညွှန်ပြရာသို့ သူ လှည့်မကြည့်၊ ဘောလုံးရွှေ့လျားရာနေရာတွေကိုသာ ကြည့်နေ၏။

"လာရင်လည်း လိုက်သွားကွာ"

ဂိုးတိုင်အနီးမှ မမဖြတ်လျှောက်သွားပေပြီ။ ညာဘက်လက်



www.burmeseclassic.com

www.burmeseclassic.com



တွင် ပတ်တီးစလေးကို မတွေ့ရတော့။ အင်္ကျီအိတ်အတွင်းမှ MENTHO PLUS ပရုတ်ဆီအဖြူဘူးလေးကို စမ်းမိသည်။

ကွင်းလယ်လောက်မှ ကန်လိုက်သောဘောလုံးက ဂိုးဧရိယာအနီးသို့ကျသည်။ သန်းဦးပြေးထွက်မည်အပြုတွင် နောက်တန်းကစားသမားတစ်ဦးက တစ်ဘက်အသင်းဘက်သို့ ပြန်ကန်တင်လိုက်၏။ သန်းဦး နောက်သို့ပြန်ဆုတ်လာသည်။

"သန်းဦး မင်းပါ...လိုက်ခဲ့ကွာ"

"လိုက်လို့ ရမလားကွ။ ဟိုမှာ ကိုစိုးကြီး ဆဲလိမ့်မယ်၊ ဂိုးဖမ်းရမယ့်သူလည်း မရှိဘူး"

"ကိုထွန်းထွန်းဦးကို ဖမ်းခိုင်းလိုက်"ဟု ကျွန်တော်ပြောသည်။

"စောစောက ပြောပါလားကွာ၊ အခုမှ ပြောတော့၊ ရမလားကွ"

"ငါ...ကြောက်လို့"

"သေလိုက်၊ ဟိုမှာ ဘောလုံးလာနေပြီ၊ သွား...သွားသွား"

ကျွန်တော့်ကို လှည့်မကြည့်ဘဲ လက်ဖြင့် နှင်ထုတ်သည်။

"သန်းဦး မင်း..ငါ့ကို ရက်စက်တော့မှာလား၊ မျက်စိသူငယ်နားသူငယ်နဲ့ မင်း ငါ့ကို တစ်ယောက်တည်း စိတ်ချလိုက်တော့မှာလား"





ပြောပြီး မမထွက်ခွာရာသို့ လှမ်းကြည့်လိုက်သည်။ မမ၏ ကျောပြင်လှလှလေးကို မြင်နေရသေး၏။

"ကျော်ခန့်ဇော်၊ မနောက်ပါနဲ့ကွာ။ ဟိုဘက်အသင်းမှာ ကာစတန်က ကိုနေလင်း ဝင်ကစားနေတယ်။ ငါ...သူကန်တာကို ဖမ်းချင်လို့ပါ"

"ဖမ်းမနေပါနဲ့ကွာ၊ လွှတ်ပေးလိုက်၊ မင်းဖမ်းလည်း ဂိုးမှာပဲ၊ ငါနဲ့သာ လိုက်ခဲ့စမ်းပါ"

သန်းဦး ရှေ့သို့ နှစ်လှမ်းသုံးလှမ်း ပြေးတက်သွားပြီး..

"ဟောဒီမှာ ဦးငွေရေ၊ ကျော်ခန့်ဇော် ကျွန်တော့်ကို လာနောက်နေတယ်"

ဦးငွေက ကွင်းအလယ်စည်းမျဉ်းနားမှ ဝီစီကိုင်လျက် လှည့်ကြည့်သည်။

သန်းဦးက...

"တစ်ဂိုးလွှတ်ပေးရင် တစ်ရာပေးမယ်...တဲ့၊ ကျွန်တော့်ကို လာပြောနေတယ်"

ကျွန်ကော် မျက်လုံးဝိုင်းသွားသည်။ ဦးငွေက...

"ဟေ့ကောင် ပေါက်ကရတွေ လာပြောမနေနဲ့"

"သေချင်းစိမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဟု သန်းဦးကို ကျွန်တော်ဆဲလိုက်သည်။

သန်းဦးရယ်သည်။

"အမြန်ကျရင် မင်းအိမ်ကို ငါလာခဲ့မယ်"

ဟု ပြောပြီး ကျွန်တော်ပြေးထွက်ခဲ့၏။

●●●



၉။

မြေနီလမ်းလေး၏ အဆုံးတွင် ကားလမ်းရှိသည်။ ကားလမ်းမ၏ ဟိုဘက်အခြမ်းရှိ ဘတ်(စ)ကားမှတ်တိုင်တွင် မမရပ်နေသည်အထိ ကျွန်တော် ကားလမ်းမကူးရသေး။

မမဝတ်ဆင်ထားသော သူနာပြုဝတ်စုံလေးသည် ကျွန်တော်မြင်ဖူးတွေ့ဖူးနေကျ ဝတ်စုံမျိုးမဟုတ်။ အမြင်တစ်မျိုးဆန်းနေသည်။ သူနာပြုဝတ်စုံအပြင် ဆရာဝန်များဝတ်ဆင်သည့် ဂျူတီကုတ်ကဲ့သို့သော အဖြူရောင်အင်္ကျီကိုပါ ထပ်ဝတ်ထားရသည်။ ဆံပင်ရှည်ရှည်များကို ကျစ်လျစ်ရှင်းသန့်စွာ ပင့်တင်ထားပြီး၊ အဖြူရောင် (ပါ)တစ်ခုကို ဦးခေါင်းပေါ်တွင် ဆောင်းထား၏။

www.burmeseclassic.com

www.burmeseclassic.com



ကားလမ်းကူးအပြီး မမနံဘေးသို့ ကျွန်တော်ရောက်သည်။ ကဗ္ဗာလူကြမ်းကြီးများဖြစ်ကြသော နပိုလီယံဗိုနာပါတ်ကို သတိရသည်။ ဟစ်တလာကို သတိရသည်။ သူတို့လို ရဲဝံ့မှုတွေ ကျွန်တော့်မှာ ရှိချင်သည်။ ဒါပေမယ့် သူတို့လည်း အချစ်နှင့်တွေ့လျှင် နည်းနည်း ပါးပါးတော့ တုန်လှုပ်ကြမည်ထင်၏။

ကျွန်တော်ကတော့ ခြေတွေလက်တွေ တုန်တုန်ရင်ရင် မဖြစ်ပါ။ ရင်နည်းနည်းတုန်သည်။ နားထင်နှစ်ဘက်မှာ အပူငွေ့တွေ တရှိန်ရှိန်တက်နေသကဲ့သို့ ခံစားရသည်။ ပိုပြီး သတိထားရမည့်ကိစ္စ က မမ..ကို စကားပြောလိုက်လျှင် စကားသံတုန်ရင်သွားနိုင်မည့်ကိစ္စ ဖြစ်၏။ ဒါမှမဟုတ် စကားလုံးတွေ အထစ်ထစ်အငေါ့ငေါ့ဖြစ်သွားမှာ စိုးရိမ်သည်။

မမ၏နံဘေး တစ်ပေခွဲလောက်အကွာတွင် ကျွန်တော်ရပ်နေမိသည်။ ထိုအကွာအဝေးလေးကို ဝေးလွန်းသည်ဟုလည်း ထင်ချင်သည်။ နီးလွန်းနေမလားဟုလည်း တွေးကြောက်သည်။ အကယ်၍များ ဒီနေရာဟာ ဘတ်(စ)ကားဂိတ်မဟုတ်ဘဲ လူသူကင်းမဲ့ရာ သောင်ပြင်တစ်ခုဆိုလျှင်တော့ မမ၏နံဘေးတွင် ဤမျှနီးကပ်စွာ ကျွန်တော်ရပ်နေဝံ့မည်မဟုတ်ပါ။ အခုတော့ ရောသောပေါသောဖြင့် ကားမှတ်တိုင်မှာ ကားစောင့်နေကြသော အခြားသူများကဲ့သို့ ကျွန်တော် ကားစောင့်နေ





သူဟန်ဖြင့် နေနေရသည်။

ငေးကြည့်နေမိသည်ကို သတိပြုမိသောကြောင့်လား ဒါမှမဟုတ် နီးကပ်လွန်းစွာ ရပ်နေမိသောကြောင့်လား ကျွန်တော် မခန့်မှန်းတတ်။ မမ ကျွန်တော့်ကို ဖျတ်ခနဲ တစ်ချက်ငဲ့ကြည့်သည်။

အောက်မျက်ခမ်းသား အစ်အစ်ကလေးကိုလည်းကောင်း၊ မျက်ရစ်လှလှလေးကိုလည်းကောင်း၊ မျက်တောင်ကော့ကော့လေးကို လည်းကောင်း၊ မျက်ဝန်းလဲ့လဲ့လေးကိုလည်းကောင်း၊ တိကျပြတ်သား သော မျက်ခုံးနက်နက်လေးကိုလည်းကောင်း၊ နီးကပ်စွာတွေ့မြင်လိုက် ရပါလျက် ကျွန်တော့်ရင်ထဲမှာ ကြည်နူးဖို့ ဖြစ်မလာ။

မျက်စောင်းထိုးခြင်း၊ မျက်မှောင်ကျုတ်ခြင်း၊ မျက်ခုံးတွန့်ခြင်း မျိုးတွေဖြင့် ငဲ့ကြည့်ခြင်းမဟုတ်ဘဲ၊ သာမန်ငဲ့ကြည့်ခြင်းဖြစ်ပါလျက် ကျွန်တော့်မှာ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားရသည်။

အကြည့်ချင်းဆုံလျှင် ရင်ခုန်တယ်ဆိုတာ ဘယ်သူတွေ ပြောကြတာလဲဟင်။ ထို...စကား မှားနေပါသည်။ မမနှင့် စက္ကန့်ပိုင်းမျှ အကြည့်ဆုံလိုက်ရသော ကျွန်တော့်မှာ ရင်ခုန်ချိန်မရဘဲ ရင်ထိတ်သွား ပါသည်။ ရင်တုန်သွားပါသည်။ ရင်ခုန်တယ်ဆိုတာ စည်းချက်ညီသော ဂီတသံတစ်ခု။ ရင်တုန်တယ်ဆိုတာကတော့...နတ်ပွဲတွေမှာတီးတဲ့ ဆိုင်းမကြီးရဲ့ ဆူညံသံတွေ ရင်ထဲမှာ အဆက်မပြတ် ဖြစ်ပေါ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



မျိုး။ တဒုတ်ဒုတ်၊ တဒိပ်ဒိပ်ဖြင့် နှလုံးသည်းခြေ ကြွေကျသွားနိုင်လေသည်။ ရင်ထိတ်တာကတော့ ခေတ်ပေါ်တေးဂီတ ဝိုင်းတွေထဲက ဘင်တီးသံလို တစ်ချက်တစ်ချက်ခြား..ခြားပြီး ထွက်ပေါ်လာသလို မျိုး။ ဒိန်းကနဲ..ဒိန်းကနဲ။

ကျွန်တော် တကယ်ရင်မခုန်ပါ။

စက္ကန့်ပိုင်းမျှသော ဝှေခနဲရောက်လာသော အကြည့်လှလှလေးကို မြင်တွေ့ရပါလျက် ကျွန်တော် ကြောက်လန့်သွားမိသည်။ မျက်လုံးပြူးမျက်ဆံပြူးကို မြင်တွေ့လိုက်ရလို့ ကြောက်လန့်တာဆိုလျှင် တော်သေးသည်။ အခုတော့...တကယ့်အလှမျက်ဝန်းလေးကို ရင်ဆိုင်လိုက်ရပါလျက် ကြောက်ကြောက်လန့်လန့် ဖြစ်သွားရ၏။

စက္ကန့်ပိုင်းမျှသာ ထိုမျက်ဝန်းပြင်းအားကြောင့် စိတ်ထဲမှာ အိုက်စပ်စပ်ဖြစ်လာသလို ခံစားရသည်။ နှင်းတွေဝေနေပါလျက် နားရင်းတွေ ထူပူနေတယ်လေ။ ဝေးဝေးကမြင်တော့ ရင်မှာကြည်နူးဖွာ ရင်ခုန်သည်။ အသည်းနှလုံးထဲ အေးစိမ့်ချမ်းမြသည်။ နီးနီးကပ်ကပ် မြင်ခွင့်ရပြန်တော့ ရင်မှာထိတ်လန့်တုန်လှုပ်သည်။ အသည်းနှလုံးထဲက အဝေးမြင်အေးစိမ့်မှုတွေခများ၊ ထိတ်လန့်တုန်လှုပ်မှုများ၏ အနှောက်အယှက်ကြောင့် တိတ်တဆိတ် မျက်နှာငယ်နေရှာသည်။

သံယောဇဉ်ဆိုတာကို အခြေမခံဘဲနဲ့ ချစ်တာတစ်ခုတည်းနဲ့





အချစ်ရဲ့နံ့ဘေးမှာ မတ်တပ်ရပ်နေမိမှတော့ အချစ်မျက်နှာငယ်တာပေါ့လေ...။

●

အခု မြင်၊ အခု တွေ့၊ အခု လိုက်၊ အခု ပြော၊ အခု ကြိုက်သော (အချစ်ဟုထင်ရသည့်)မြင်ကွင်းတွေကို ကျွန်တော်မြင်ဖူးသည်။

ထို သူရဲကောင်းများ ထို တုံ့ပြန်သူများကိုပင် ချီးကျူးရတော့မည်လား မပြောတတ်။

သူတို့လို မပြောတတ်ချင်ခဲ့သော်လည်း အခုလောလောဆယ်တော့ ကျွန်တော့်စကားတွေ တတွတ်တွတ်ပြောတတ်ချင်သည်။ ပြောရဲချင်သည်။ ဘာက စပြောရမလဲ။ ကျွန်တော် စဉ်းစားသည်။ ဘတ်(စ)ကား မလာခင်အချိန်အတွင်း အပြေးအလွှား စဉ်းစားမိ၏။

စဉ်းစားကာမှ ဘောလုံးကန်တာကို စိတ်ရောက်သွား၏။ မမကို ကျွန်တော်တစ်ချက်ငဲ့ကြည့်မိသည်။ အင်း...ဘောလုံးကန်သလိုပဲ စဉ်းစားရတော့မှာပဲ။

ကျွန်တော် ဘောလုံးကန်နေစဉ်အခါတွေမှာ တစ်ခါတရံ



www.burmeseclassic.com

www.burmeseclassic.com



ကြိုတင်တွက်ဆထားသည့်အတိုင်း ဖြစ်မလာဘဲ၊ ရုတ်တရက် ကြောက်မက်ဖွယ်ရာကောင်းသော အခြေအနေမျိုးတွေကို ရင်ဆိုင်ရဖူးသည်။

တစ်ဘက်အသင်းကလူ ဘောလုံးမမီလောက်ဘူးဟုထင်ပြီး အဆင်သင့်မပြင်ဘဲနေမိစဉ် ထိုသူ၏ ခြေထောက်ထဲသို့ ဘောလုံးရောက်သွားပြီး လွတ်လွတ်ကျွတ်ကျွတ် ဆွဲလာသောအခါ ကျွန်တော့်မှာ…

ဂိုးပေါက်ထဲသို့ နောက်ဆုတ်နောက်ဆုတ်ဖြင့် ပြေးပြီး နေရာယူရမလား၊ ဒါမှမဟုတ် သူ့ထံသို့ တဟုန်ထိုးပြေးပြီး ရင်ဆိုင်ရမလား၊ မဝေခွဲတတ်သောအခါမျိုးတွင် ကျွန်တော့်ရင်ထဲ အထိတ်တလန့်ဖြစ်သွားရသေးသည်။ ထို ထိတ်လန့်မှုကို စက္ကန့်ပိုင်းမျှသာ ကြာမြင့်စေ၏။

ဖြစ်ချင်ရာဖြစ် ဟူသောစိတ်ကို အရင်မွေး၏။ ကျိုးချင်လည်း ကျိုး…ဟူသော ရဲရင့်စိတ်ကို ထပ်မွေး၏။ လျှပ်တပြက်အတွင်း စိတ်ကို ထိုသို့ထားနိုင်ပြီး လျှပ်တပြက်အချိန်အတွင်း ကျွန်တော်လုပ်ချင်ရာ လုပ်ပစ်လိုက်သည်။

ကန်ချင်သလိုကန် ဂိုးချင်လည်း ဂိုးပေ့စေတော့။ Angle ဆင်းပိတ်ပြီး၊ သူ့အကန်ကိုပဲ စောင့်ဖမ်းတော့မယ်ဟု ဆုံးဖြတ်ပြီး ဖမ်းဆီးကာကွယ်သည့်အခါလည်း ရှိခဲ့သည်။

နောက်ကို ဆင်းချိန်မရနိုင်ဘူး။ ရှေ့တိုးရင် အချိန်မီနိုင်တယ်ဟု ဆုံးဖြတ်ကာ ရှေ့သို့တစ်ဟုန်တိုးတက်ပြီး ထိမိခိုက်မှာ ဂိုးအသွင်း





ခံရမှာကို မတွေးတော့ဘဲ ဘောလုံးသယ်လာသူ၏ ဖိနပ်ခွာများအတွင်းသို့ ခြေအစုံကိုလည်းကောင်း၊ လက်အစုံကိုလည်းကောင်း၊ ကိုယ်ခန္ဓာကိုလည်းကောင်း၊ ပစ်ဝင်ဟန့်တား၊ ဖမ်းယူကာကွယ်သည့်အခါလည်း ရှိခဲ့၏။

ဂိုးသည့်အခါလည်း ရှိသည်။ မဂိုးသည့်အခါလည်း ရှိသည်။ ရဲဝံ့ပြတ်သားစွာ ဆုံးဖြတ်လိုက်သည့်အတိုင်း လုပ်ဆောင်လိုက်ရသည့်အတွက် ဂိုးသွားလျှင်လည်း ကျွန်တော်ဝမ်းမနည်းခဲ့။ ထိရောက်စွာကာကွယ်နိုင်သဖြင့် ဂိုးမဝင်သောအခါမှာတော့…

"ငါ…ရဲရဲဝံ့ဝံ့၊ ဆုံးဖြတ်လိုက်လို့ပဲ"

ဟု ကိုယ့်ကိုကိုယ် နှလုံးသွင်းဖြစ်သည်။

တက်ရကောင်းနိုးနိုး၊ ဆင်းရကောင်းနိုးနိုး ဇဝေဇဝါဖြစ်နေစဉ် ဂိုးအသွင်းခံလိုက်ရမည်ဆိုလျှင်တော့ ကျွန်တော် ကိုယ့်ကိုယ်ကို ဒေါသဖြစ်သည်။ ငါဆင်းလိုက်ရင် အကောင်းသား၊ ငါတက်လိုက်ရင် အကောင်းသားဟု အခါခါတွေးပြီး အခါခါမြည်တွန်မိသည်။ အခါခါနောင်တရနေတတ်ခဲ့၏။

ထို့ကြောင့် ကျွန်တော် ရဲဝံ့ပစ်လိုက်သည်။ မမ…ကို ရင်ဆိုင်ဖို့ ရှေ့တိုးမည်ဟု ဆုံးဖြတ်ပစ်လိုက်သည်။ ဇဝေဇဝါဖြစ်နေစဉ် ချီတုံချတုံဖြစ်နေစဉ် ဘတ်(စ)ကားရောက်လာလို့ ဘာမျှမပြောလိုက်ရသော



www.burmeseclassic.com

www.burmeseclassic.com



နှင့်စာလျှင် ရဲဝံ့ပစ်လိုက်ခြင်းအတွက် တစ်စုံတစ်ရာသော အခြေအနေကို ရင်ဆိုင်လိုက်တာကမှ ဖြေသာနိုင်စရာရှိပေမည်။

"မ…မမ"

ခေါ်လိုက်မည်..ဟု စဉ်းစားဆုံးဖြတ်စဉ်က 'မမ'၊ သို့သော် တကယ်အသံမထွက်လိုက်တော့၊ ရှေ့က 'မ'တစ်လုံးက အဆစ်ပါသွားရသေး၏။ ဩော်…ဘယ်လောက်ပဲ ရဲရဲရင့်ရင့်အချစ်ရဲ့ တွန်ခါနှန်းက အစမပျိုးခင်မှာ နည်းနည်းပါးပါးတော့ ထစ်သွားတတ်သေးတာပါကလား။

ခေါ်လိုက်သည့်အသံ၊ ထစ်တစ်တစ်ဖြစ်သွားသော်လည်း ငဲ့ကြည့်သည့်အကြည့်မျက်ဝန်းစုံက ထစ်ငေါ့ခြင်းမရှိ။ နှင်းမှုန်များအကြားမှာ သဘာဝ၏ ရောင်ခြည်လေးတစ်စုံကို အတားအဆီးမဲ့စွာ ခံယူလွှမ်းခြုံခွင့်ရသကဲ့သို့ ရင်ထဲမှာတွေးလိုက်သည်။

ခုနက အကြည့်ဆုံသောအခါ ရင်တုန်ခဲ့ရသည်။ အခုတော့ ကျွန်တော်ရင်မတုန်တော့ချေ။ ဘာကြောင့် ရင်မတုန်၊ ရင်မထိတ်ရသလဲဆိုတော့ မမ၏ အကြည့်မျက်ဝန်းတွေကို တစ်ဖက်အသင်းက ကန်သွင်းလိုက်သော၊ ပျော့ပျောင်းသည့် ဘောလုံးကဲ့သို့ ကျွန်တော်သဘောထားလိုက်ခြင်းကြောင့်ဖြစ်သည်။

ထရက်စု အင်္ကျီအိတ်အတွင်း ပရုတ်ဆီဗူးလေးကို ထုတ်ယူ





လိုက်ပြီး…

"ကျွန်တော်…မမလက်ကိုလိမ်းဖို့ ဆေးလာပေးတာပါ"

သူ့လက်ကို သူကြည့်သည်။ ပြီးနောက် အကြည့်ခံ ညာဘက်လက်ချောင်းများက လွယ်အိတ်ကိုင်းကို ဆုတ်ကိုင်ထား၏။ ဘယ်ဘက်လက်ထဲမှာ ထမင်းဗူး။ ပြီးတော့ စာရွက်ရှည်ရှည်တွေကို ဖိုင်တွဲထဲထည့်ကာ ရင်ခွင်ဖြင့် ပွေ့ထားရသေးသည်။

"တစ်နေ့က မမလက်ကို ဘောလုံးထိထားတယ်လေ၊ နေ့က မမလက်မှာ ပတ်တီးစည်းထားတာ ကျွန်တော်တွေ့လို့ပါ။ အဲဒါ လိမ်းဖို့လာပေးတာ"

ပရုတ်ဖြူလေးထောင့် စက္ကူဘူးလေးကို လှမ်းပေးကာ ကျွန်တော်ပြောသည်။ သူ..လက်မလှမ်းသေး။ ကျွန်တော့်ကို အသေအချာ လှည့်ကြည့်လျက်….

"မနာတော့ဘူး"

ဘယ်ဘက်လက်ထဲမှ ထမင်းဗူးကို ညာဘက်လက်ဖြင့် ပြောင်းကိုင်သည်။ 'မနာတော့ဘူး'ဟု တစ်ခွန်းတည်းပြောပြီး ကျွန်တော်ရှိရာဘက်သို့ ကားအလာမျှော်နေ၏။

"နည်းနည်းပါးပါးတော့ နာနေအုံးမယ်ထင်ပါတယ်။ ကျွန်တော်တို့ ကန်နေကျလူတောင်မှ တစ်ခါထိပြီးရင် သုံးလေးရက်



www.burmeseclassic.com

www.burmeseclassic.com



တော့ နာသေးတယ်"

တစ်ချက်ကြည့်သည်။ အကြည့်ပြန်လွှဲသည်။ နှုတ်ခမ်းတင်းတင်းစေ့သည်။ တင်းတင်းစေ့လိုက်သောအခါကျမှ နှုတ်ခမ်းလှလှလေးကို သတိပြုငေးကြည့်မိလိုက်သည်။ မမ၏ နှုတ်ခမ်းလွှာသည် နှင်းဆီဖူးမဟုတ်။ နှင်းဆီငုံ မဟုတ်။ ပန်းချီပညာရှင်တစ်ဦးက သေးမျှင်သော ပန်းချီစုတ်တံဖြင့် ရေးခြယ်အနားသတ်ထားသကဲ့သို့ ပါးလွှာတည်တင်းသည့် ပန်းနုရောင်လေးကိုင်း၊ ကော့ညွှတ်နေသည့် အလှနှစ်လွှာ။

"ဘောလုံးကွင်းထဲမှာ လိုက်ပေးရင် မမအတွက် အနှောင့်အယှက်ဖြစ်နေမှာစိုးလို့ ဒီမှာလာပေးတာပါ။ ပေးချင်လို့ ဒီမနက် ဘောလုံးမကန်ဘဲ ကျွန်တော်စောင့်နေတာပါ"

လက်မှနာရီကို ကြည့်သေး၏။ ပြီးနောက်...

"တို့ တကယ်မနာတာပါ။ အကျောတို့ အရိုးတို့ ထိတာမှ မဟုတ်တာ၊ အသားနာသွားရုံတင်ပဲ။ ပြီးတော့ ဆေးရုံမှာ ဆေးတွေ ရှိတယ်"

"ဒါဆို ဒီဆေးဗူးကို ကျွန်တော်ဘာလုပ်ရမှာလဲ"

ဝိုင်နိုင်စွာ ဖမ်းမိထားပြီဖြစ်သော ဘောလုံးကို မည်သည့်နေရာကိုမျှ ကန်မတင်သေးဘဲ ကွင်းပြင်ပေါ်သို့ တစ်ချက်နှစ်ချက်





ပုတ်ကစားပြီး၊ ကန်တင်ရမည့် နေရာအခြေအနေကို လှမ်းကြည့်သကဲ့သို့ ခေါင်းကို အေးဆေးစွာ ကျွန်တော်တားသည်။ စိတ်ကို တည်တည် ငြိမ်ငြိမ်နေစေသည်။

"ကျွန်တော့်ကြောင့်ဖြစ်ရတယ်လို့ ယူဆပြီး ကျွန်တော် လာပေးတာပါ"

"ဟင့်အင်း မင်းတို့မှာ အပြစ်မရှိပါဘူး။ မတော်တဆ ဖြစ်တာပဲ၊ ဆေးဘူးကိုပြန်ယူထားပါ။ မင်းလည်း ဘောလုံးသမားပဲဟာ၊ ထိမိနိုက်မိရင် လိမ်းပေါ့"

ဖမ်းမိထားပြီးသောဘောလုံးကို ကန်မတင်သေးဘဲ လက်ထဲတွင် လိုသည်ထက်ပို၍ အချိန်ကြာမြင့်စွာ ကိုင်ထားပါက ဒိုင်လူကြီး အပြစ်ပေးနိုင်သည်။

ခပ်ဝေးဝေးကန်တင်ဖို့ ကျုပြန်တော့လည်း မိမိအသင်းမှ ကစားသူများအနီးတွင် တစ်ဘက်အသင်းက ထပ်ချပ်မကွာရှိနေတတ်သောအခါ ကျွန်တော်က ကျွန်တော်နှင့်အနီးဆုံးတွင်ရှိနေမည့် နောက်တန်းလူတစ်ဦးဦးထံသို့ ဘောလုံးကိုလက်ဖြင့် လျှင်မြန်စွာ ပစ်ပေးတတ်ခဲ့သည်။

ဘတ်(စ)ကားတစ်စီးလာနေပြီကို ကျွန်တော်မြင်သည်။ မမ၏ ဆေးဗူးလေးပေါ်သို့ ပရုတ်ဆီဗူးလေးကို ကျွန်တော်တင်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## (၉) ကန္တာရ…ဆောင်း

"ယူလိုက်ပါဗျာ၊ ကျွန်တော် ပြန်မယူသွားချင်လို့ပါ"

မမ၏မျက်နှာထား မည်သို့မျှ ပြောင်းလဲခြင်းမဖြစ်။ ဘတ်(စ) ကားက ရှေ့တည့်တည့်တွင် ရပ်သည်။ ကားပေါ်သို့ အနောက်ပေါက်မှ မမ ညင်သာစွာတက်သည်။ ထမင်းဘူးနှင့်အတူ ပရုပ်ဆီအဖြူဘူးလေးလည်း လိုက်ပါသွားသည်ကို ကျွန်တော်မြင်၏။

လွှင့်မပစ်သဖြင့် .တော်ပါသေးသည်။

ကျွန်တော်လက်ဖြင့် ပစ်ပေးလိုက်သောဘောလုံးသည် ကျွန်တော်ရောက်လိုရာ နောက်တန်းလူထံသို့ အနောက်အယှက်ကင်းစွာ ရောက်ရှိသွားသည့်ပမာ ကျွန်တော်ကျေနပ်သွားရ၏။ ကားဘီးရွေ့သောအခါ ကားအရှေ့ပေါက်မှ ကျွန်တော်တက်လိုက်သည်။

●●●

၁၀။

သန်းဦးအိမ်သို့ ကျွန်တော်ရောက်သောအခါ သန်းဦး ရေချိုးမပြီးသေး။ ကျွန်တော် ထိုင်စောင့်ရသေးသည်။ သန်းဦး၏မိခင်က သန်းဦးနှင့်ကျွန်တော် သောက်ဖို့ နွားနို့နှစ်ခွက်ဖျော်ပေးသည်။

"စောစောက မင်း..မေမေ၊ ဘောလုံးကွင်းထဲလာသွားတယ်"

သောက်နေသောနွားနို့တွေ လည်ချောင်းထဲတွင်နင်သွား၏။

"ဟာ မေမေက ဘာလာလုပ်တာလဲ၊ မင်းနဲ့ တွေ့လား၊ မင်း...ဘာပြောလိုက်သလဲ"

သန်းဦးက နွားနို့တစ်ကျိုက် သောက်လိုက်သေး၏။

www.burmeseclassic.com

www.burmeseclassic.com



"သူနာပြုဆရာမတစ်ယောက်နောက်ကို ပရုတ်ဆီဘူး လိုက်ပေးတယ်လို့ ပြောလိုက်တယ်"

"ဟာကွာ၊ ပြဿနာပဲ"

"ငါ့ကို ပြောသွားသေးတယ်။ အန်ကီလာသွားတာကို ကျော်ခန့်ဇော် လုံးဝမသိစေနဲ့တဲ့။ ဒီကောင် အိမ်ကို လိမ်နေတာ များပြီတဲ့"

"နောက်ကော ဘာပြောသေးလဲ"

"အဲဒီ သူနာပြုဆရာမဆိုတာ ဘယ်သူဘယ်ဝါဆိုတာ စုံစမ်းပေးထားပါတဲ့"

ကျွန်တော် ရင်မောသွားသည်။

"မင်းက ဘာလို့သွားပြောလိုက်တာလဲကွာ၊ မင်း…စုံစမ်းပေးမယ်လို့ ပြောလိုက်လား"

သန်းဦး ခေါင်းခါသည်။

"ကျွန်တော် မစုံစမ်းတတ်ဘူးလို့ ပြောလိုက်တယ်။ အန်တီလှသိချင်ရင် မနက်ဖြန်စောစော ကျော်ခန့်ဇော်နဲ့ အတူလိုက်ခဲ့ပေါ့လို့ ပြောလိုက်တယ်"

"ဟေ့ကောင် သန်းဦး"

"ဘာလဲ"

ကျွန်တော် နွားနို့ခွက်ကို စားပွဲပေါ်တင်သည်။





"မင်း…ငါ့ကို နောက်နေတာလား"

"ဘုရားပေးပေး ကျမ်းပေးပေးပါကွာ၊ ငါ…တကယ်နောက်နေတာပါ"

"ဘာ"

"နောက်နေတာ"

သန်းဦးက လေသံတိုးဖြင့် ပြော၏။ ကျွန်တော် ပျစ်ပျစ်နှစ်နှစ် ဆဲလိုက်မိသည်။

"ခွေးမသား"

သန်းဦး၏မိခင် အခန်းထဲမှ ထွက်လာသည်။ သန်းဦး ရယ်နေ၏။

"ကျော်ခန့်ဇော် မင်းတို့နှစ်ကောင်ကလေ… ဆဲလိုက်ဆိုလိုက်ရင်လေ မအေ မပါဘဲ မပြီးဘူး"

"ဟင်…ကျွန်တော်ဆဲတာ မအေ မပါပါဘူး"

"ဘယ့်နှယ့် မပါရမှာလဲ ငါ…အခုတင် ကြားတဲ့ဟာ"

"တကယ် မပါဘူး၊ မယုံရင် သန်းဦးကို မေးကြည့်၊ ကျွန်တော်ဆဲတာ ခွေးမသားလို့ ဆဲတာ"

"ဟဲ့…အဲဒါ မအေပါသွားပြီလေ"

"မပါပါဘူး အန်တီရဲ့၊ ခွေးမသားလို့ ဆဲ…ပါသွားပြီ



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်"

ကျွန်တော်ခေါင်းကို သန်းဦး၏ အမေက ဂေါက်ခနဲခေါက်လေတော့၏။ သန်းဦးနှင့်ကျွန်တော် တဟားဟားရယ်မိသည်။

●

သန်းဦး၏မိခင် ရေချိုးခန်းထဲမှာ အဝတ်လျှော်နေသည်ထင်၏။ မမထံသို့ ပရုတ်ဆီဘူးလေး ရောက်သွားပုံအထိ ကျွန်တော် လေသံသဲ့သဲ့ဖြင့် သန်းဦးကို သွက်လက်စွာ ပြောပြနေမိသည်။

"ပရုတ်ဆီဘူး ယူသွားတယ် မဟုတ်လား"

ဟု သန်းဦးမေးသည်။

"အင်းလေ၊ ယူသွားပါတယ်ဆိုမှ"

သန်းဦးက မေးစေ့ကို လက်မနှင့်ပွတ်ကာ စဉ်းစားတွက်ချက်ဟန်ပြု၏။ ပြီးမှ…

"မင်းတို့နှစ်ယောက်စလုံး ပူလောင်ရလိမ့်မယ်"

"ပေါက်ကရ မပြောစမ်းပါနဲ့ သန်းဦးရာ။ မင်းက ဗေဒင်ယောင်ယောင်၊ နက္ခတ်ယောင်ယောင်နဲ့၊ နောက်ပြီး မှန်တာလည်း မဟုတ်ဘူး"





"ဘာဖြစ်လို့ မမှန်ရမှာလဲ၊ ဒါ ဗေဒင်မဟုတ်ဘူးကွ၊ နိမိတ်နိမိတ်။ ဇမ္ဗူဒီပါ ညာလက်တောင်ကျွန်း"

"လက်ျာတောင်ကျွန်းပါကွာ"

"အေး… လက်ျာတောင်ကျွန်း၊ ညာလက်နဲ့ လက်ျာနဲ့ အတူတူပါပဲကွာ။ ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း၊ နိမိတ်ထွန်းတဲ့ ကျွန်းတဲ့၊ မှတ်ထား"

"အင်း…မှတ်ထားမယ်"

"မနောက်နဲ့၊ သေသေချာချာ နားထောင်…။ မင်း… ပေးလိုက်တဲ့ ပရုတ်ဆီက အဖြူရောင်မို့လား"

"ဟုတ်တယ်၊ ဘူးလည်း အဖြူရောင်၊ အထဲက ပရုတ်ဆီကလည်း အဖြူရောင်ပဲ"

သန်းဦးက နှုတ်ခမ်းရွဲ့ကာ မျက်လုံးမှိတ်ကာဖြင့်…

"မင်းတို့နှစ်ယောက် ပူလောင်လိမ့်မယ်။သာမန် ပူလောင်မှုမျိုး မဟုတ်ဘူး။ နူးညံ့ဖြူစင်တဲ့ ပူလောင်ခံစားမှုမျိုးဖြစ်လိမ့်မယ်၊ ကြဲ့လိမ့်မယ်။ မင်းစိတ်ကြိုက်ပြောရမယ်ဆိုရင် မင်းနဲ့ မင်းမားမားနဲ့"

"မမ…ပါကွာ၊ ပီအောင်ပြောစမ်းပါ"

"အေး…မင်းနဲ့ မင်းမမနဲ့က ချစ်လျက်နဲ့ ခွဲခွာကြရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဟောစာတမ်းကို ငါတစ်ဝက်ပဲ ကြိုက်တယ်။ ချစ်လျှက်··ဆိုတဲ့အထိပဲ ကြိုက်တယ်။ ခွဲခွာရလိမ့်မယ်ဆိုတဲ့ ဟောစာတမ်းကို ငါမကြိုက်ဘူး။ အဲဒီ တစ်ဝက်ကို ငါမယုံဘူး၊ ပယ်တယ်"

"မယုံမရှိနဲ့နော်၊ အဖြူရောင်ပရုတ်ဆီဆိုတာကို နိမိတ်ယူထားတာ။ ပရုတ်ဆီက ပူတယ်၊ အဖြူရောင်က ဖြူတယ်ပေါ့နော်။ ပူပူနဲ့ဖြူဖြူနဲ့ မင်းမမဟာ တကယ်တော့၊ ဖြူလည်းဖြူမယ် ပူလည်းပူမယ်ဆိုတဲ့ နိမိတ်ပဲ"

ပြောပြီး သန်းဦးရယ်သည်။

သန်းဦးလက်မောင်းကို ကျွန်တော်လက်သီးဆုတ်ဖြင့် ထိုးလိုက်သည်။

အရယ်ရပ်လျှက် သန်းဦးက···

"မင်း ဘယ်အထိ လိုက်သွားတာလဲ"

"ရန်ကုန်ဆေးရုံကြီးအထိပေါ့"

"အထဲအထိ မလိုက်ဖူးလား"

"ဘယ်အထဲလဲ"

"ရေခဲတိုက်ထဲ"

"မင်း···ရည်းစားကျမှပဲ အဲဒီအထဲသွားထား၊ အဲယားကွန်းပါ ငါဖွင့်ပေးမယ်"





"အထဲအထိ မလိုက်ဘူးလား မေးတာက ဆေးရုံဝင်းအထဲအထိ သူ့ဝပ်(ဒ)ထဲအထိ မလိုက်ဖူးလားလို့ မေးတာကွ။ မင်းက ဘာဖြစ်လို့ ဘယ်အထဲလဲလို့ ပြန်မေးရတာလဲ"

"ဘယ်အထဲမှ မလိုက်ဘူး။ သူ့···ဆေးရုံထဲလည်း ဝင်သွားရော ငါလည်း ရပ်ပြီးကျန်ခဲ့လိုက်တယ်"

"ကားပေါ်မှာ စကားပြောဖြစ်သေးလား"

"မပြောဖြစ်ဘူး၊ မမက နောက်ပေါက်။ ငါက ရှေ့ပေါက်မှာ"

"အနားသွားပြောပေါ့ကွ"

"ဟင့်အင်း အဲလိုတော့ ငါမပြောချင်ဘူး။ နောက်ယှက်သလိုဖြစ်သွားလိမ့်မယ်"

"မနက်ဖြန်မနက် မင်း··ဘာလိုက်ပေးဖို့ စဉ်းစားထားလဲ"

"ဘာလိုက်ပေးရမှာလဲကွ"

"မသိဘူးလေ၊ မင်းက ဒီနေ့အပူပစ္စည်း ပရုတ်ဆီပေးတော့ နောက်နေ့တွေလည်း တစ်နေ့တစ်မျိုး ပေးအုံးမှာလားလို့ပါ။ တေဇောဘမ်းတို့၊ ဦးအုန်းဖိန်တို့၊ ဦးစိုင်းတို့၊ ဒေါ်နုတို့၊ ဂရိတ်ဝေါတို့ အဲဒါတွေပြီးရင် ငြုပ်သီးမှုန့်လိုက်ပေးလိုက်"

"ဘာမှ လိုက်မပေးဘူး။ မြင်ရရုံလောက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com

## ၉၅ ကမ္ဘာရေ...အောင်း

ဟု ကျွန်တော်က ပြောၓ်။

"နာမည်ကော သိခဲ့ပြီလား"

ကျွန်တော် ခေါင်းခါသည်။

'ထားပါတော့၊ ငန်းကြောက်စွ မေးပြီးပြီ။ ဘောလုံးကိစ္စ ပြောမယ်။ ညနေကျရင် ချိန်းပွဲရှိတယ်။ တီ.တီ.စီ မှာ အဲဒါ မင်းရော၊ ငါရော သွားရလိမ့်မယ်'ဟု သန်းဦး ပြောသည်။

"ဘယ်သူပြောတာလဲ"

'ကနေ့ဒီ လာပြောတာ၊ အိမ်ဖောင်လည်း ဘက်က လာကစား လိမ့်မယ်'ဟု သန်းဦးပြောၓ်။

ကျွန်တော်ပြုံးလိုက်မိသည်။ ပြုံးနေပါလျက် ငိုချင်ၓ်။

●

*နင်းမရှိတဲ့ လမ်း*

*အခင်းမရှိတဲ့ ကြမ်းရယ်ပဲ*

*ပရမ်းပတာနဲ့*

*လွှမ်းစရာကောင်းလိုက်တာ...။*

●●●

www.burmeseclassic.com

## ၁၁။

မမနောက်သို့ ကျွန်တော်ရက်ပေါင်းများစွာ တကောက်ကောက်လိုက်ပါနေခဲ့မိသည်။ မမ၏နောက်တော်ပါးမှ အရိပ်တစ်ခုကဲ့သို့ လိုက်ပါနေသည်ကို မမ သိမသိ၊ မြင်မမြင်ကို ကျွန်တော် မခန့်မှန်းတတ်။ ကျွန်တော် သိမြင်သတိပြုမိသည်ကတော့ ထိုရက်ပေါင်းများစွာအတွင်း မမ…၏ ငှဲအကြည့်၊ စောင်းအကြည့်၊ စေ့အကြည့်၊ ဝိုက်အကြည့်၊ လှည့်အကြည့်၊ လှမ်းအကြည့် တစ်ခုတလေမျှကိုပင် ကျွန်တော် မရရှိခဲ့ချေ။

အနေးသို့ တိုးကပ်ချင်သည်။ အနီးသို့ ရွှေလှမ်းချင်သည်။ သို့သော် ခပ်ခွာခွာလိုက်ပါနေရသည်ကိုပင် ကျွန်တော့်မှာ စိုးစိုးရိမ်ရိမ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေရ၏။ တစ်ဘက်အသင်းကစားသမားကို ကြမ်းတမ်းစွာ လိုက်လံနှောက်ယှက်မိသော ဘောလုံးသမားတစ်ဦးကဲ့သို့ အနီကဒ် ပြခံရမှာကို ကျွန်တော်ကြောက်သည်။

ကျွန်တော်ထင်ခဲ့မိတာ တစ်ခုရှိသည်။

မိန်းကလေးတစ်ယောက်၏ အနောက်မှလည်းကောင်း၊ ဝံယာမနီးမဝေးမှလည်းကောင်း၊ ယောကျ်ားလေးတစ်ယောက် တကောက်ကောက်လိုက်ပါနေလျှင် ထိုမိန်းကလေးသည် တစ်ကြိမ်တစ်ခါလောက်တော့ ငဲ့ကြည့်ပေလိမ့်မည်။ မျက်စောင်းထိုးပေလိမ့်မည်။ မျက်နှာမူထားပေလိမ့်မယ်။ ဒါမှမဟုတ် သူလိုလားသူဖြစ်နေပါက မျက်နှာကြောလေး လျှော့ထားပေလိမ့်မည်။ တစ်ချက်မျှ မျက်မှောင်ကျုံ့ကြည့်ပြီး အံမကြိတ်ချင် ကြိတ်ချင်ဖြင့် အောက်နှုတ်ခမ်းကို ညင်သာစွာ ပါးပါးလေးကိုက်ပယ်ပြုပြီး မျက်လွှာလေးချပြီး မသိမသာပြုံးရောင်သမ်းနေပေလိမ့်မည်။ ထိုသို့ ကျွန်တော် ထင်ထားခဲ့မိပါသည်။

အခုတော့ မမ၏နောက်မှ နေ့စဉ်နှင့်အမျှ လိုက်ပါနေသောကျွန်တော့်မှာ မမ၏မျက်နှာပေါ်တွင် မည်သည့်အရိပ်အရောင်ကိုမျှ မတွေ့မြင်ရချေ။ တစ်နေ့တစ်ရက် ကြုံသည့်အချိန်၊ ကြုံသည့်နေရာတွင် တစ်ခါတစ်ရံလိုက်ပါခဲ့တာမျိုးဆိုလျှင်လည်း သတိမထားမိလို့နေမှာပါဟု ကျွန်တော် တွေးသိမ့်ဖြေသာနိုင်ပါသည်။





ကျွန်တော်လိုက်ပါနေသည်မှာ နေ့စဉ်နေ့တိုင်း အချိန်မှန်။ ဓာတ်တိုင်တစ်တိုင်အကွာ၊ တစ်ခေါ်လောက်အကွာမှ လိုက်ပါနေခြင်းသည်း မဟုတ်ချေ။ အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ ဝဲ၊ ယာ၏နီးမဝေး၊ မလှမ်းမကမ်း မြင်သာတွေ့သာသော အကွာအဝေးများမှလိုက်ပါနေခဲ့ခြင်းသာ ဖြစ်သည်။

အမှန်တကယ် သတိထားမိမည်ဆိုပါက မမှတ်မိစရာအကြောင်း မရှိ။ လူကို မမှတ်မိဘူးဆိုလျှင်တောင် ကျွန်တော့် ဝတ်စားဆင်ယဉ်မှုကို မှတ်မိနိုင်ပေလိမ့်မည်။ ကျွန်တော်ဝတ်ဆင်လေ့ရှိသောအဝတ်အစားများသည် ဘောလုံးကစားသမား၏ ဝတ်စုံများသာဖြစ်၏။

ဖေဖေက အလုပ်ဌာနတွင် နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခြင်းမရှိတော့သော်လည်း အသင်းအုပ်ချုပ်မှု၊ အသင်းအတွက် အကြံပေးမှုများတွင် လက်ရှိပါဝင်လျက်ရှိနေသေးသည်။ ဖေဖေ့ဌာနမှရသောအားကစားဝတ်စုံများသည် ကျွန်တော့်အသည်းစွဲ။

ငယ်စဉ်ကတည်းက ဖေဖေ့ဘောလုံးသမားအင်္ကျီတွေကို မတော်တတော်ဝတ်ဆင်ခဲ့သည်။ နောက် အရွယ်ရောက်သောအခါ သွားရင်းလာရင်း ပြည်ပအားကစားဝတ်စုံများကို ကျွန်တော်ဝယ်ယူဝတ်ဆင်သည်။ ရာသီဥတုပူလျှင် အားကစားအင်္ကျီလက်တို၊ ဂျင်းပြတ်နှင့် လုံချည် ပေါ့ပေါ့ပါးပါးကို ဝတ်ဆင်သည်။ ရာသီဥတုအေးလျှင်



www.burmeseclassic.com

www.burmeseclassic.com



အားကစားဝတ်စုံကို ဝတ်စုံပြည့်ဝတ်ဆင်သည်။ ထိုဂေါက်သီးဆင်ယင် မှုကို တချို့သူငယ်ချင်းများက နောက်ပြောင်သည်။ တချို့သူငယ်ချင်း များက နှစ်သက်သည်။ အဝေးကမြင်သည်နှင့် ကျွန်တော့်ကို မှတ်မိ တတ်ကြသည်။

ယခု မမကတော့ မှတ်မိဖို့နေနေသာသာ သတိထားမိဟန်ပင် မရှိ။

•

"ဒီနေ့ ကွင်းထဲကို မင်းဘာဖြစ်လို့ မလာတာလဲ"

ဟု သန်းဦးကို ကျွန်တော်မေးသည်။

"လာမလို့ပဲ၊ ဒါပေမယ့် ငါ့ကိုးကိုင်ဘေးမှာ မျောက်နှာကောင် ကောင် လာလာပြီး မှိုင်နေလို့၊ မြင်ရတွေ့ရတာ ကျက်သရေမရှိတာနဲ့ ဒီနေ့ ကွင်းထဲကို တမင်မလာတော့တာ"

"အေးပါ၊ မင်း...ပြောထားပါ သန်းဦး၊ ကျောင်းဖွင့်လို့ မင်း ငန်းကြောထကြည့်၊ မင်းကို ငါဘယ်လိုနှိပ်ကွပ်တယ်ဆိုတာ မင်း...သိစေရမယ်"

"ကိစ္စမရှိဘူး၊ ငါက မလွမ်းကတတ်ဘူး။ လွမ်းစရာတွေ့ရင်





သည်း ကျောက်ခေတ်ဦးက နည်းဗျူဟာကိုပဲသုံးမှာ"

"ကျောက်ခေတ်ဦးက နည်းဗျူဟာဆိုတာ ဘာကိုပြော တာလဲ"ဟု ကျွန်တော်မေးသည်။

"ကျောက်ခေတ်လူသားတွေက မိန်းမတစ်ယောက်ကိုကြိုက် ရင် တင်းပုတ်နဲ့ ခေါင်းကို ထုလိုက်တာပဲတဲ့...."

ပြောပြီး သန်းဦး တဟားဟားရယ်သည်။

"ဒီမနက် မင်းကွင်းထဲကိုလာရင် သိပ်ဖွံ့ဖြိုးသွားမှာ အမှန် ပဲ"

"ဘာဖြစ်လို့လဲ၊ ဘောလုံးကွင်းထဲကို ပန်းကန်ပြားပျံဆင်းလာ လို့လား၊ အင်း...ဖြစ်နိုင်တယ်၊ အင်္ဂါဂြိုဟ်တို့ ယူရေးနပ်ဂြိုဟ်တို့ ဒီနပ်(စ)ဂြိုဟ်တို့တွေလည်း ဘောလုံးအသင်းဖွဲ့ကြပြီထင်တယ်။ အဲဒီက ဂြိုဟ်သားတွေက...သူတို့အသင်းအတွက် ဘောလုံးသမားကောင်းတွေ မြန်မာပြည်မှာရှိတယ်ကြားလို့ ငါတို့ကွင်းထဲ ဆင်းရှာတာဖြစ်မယ်။ နောတယ်ကွာ၊ ဒီနေ့မှပဲ ငါကလည်း ကွင်းထဲမသွားဖြစ်ဘူး"

ကျွန်တော်ဘာစကားမျှ မပြောတော့ဘဲ၊ ငြိမ်ပစ်လိုက်သည်။ ထိုအခါကျမှ ကျွန်တော့်ကို သန်းဦး မျက်နှာချိုသွေး၏။

"နောက်တာပါကွာ၊ မင်းကလည်း ဒီမနက် မြို့နယ်က လူကြီးတွေ ငါ့ကိုလာခေါ်လို့ လိုက်သွားတာ။ အဲဒါကြောင့် ငါကွင်းထဲ

www.burmeseclassic.com



ကို မရောက်တာ။ ဂိုးဘယ်သူဖမ်းသလဲ"

"သိပ္ပံ"

"အဲဒီ အစိမ်းသေလေးကလည်း ဘောလုံးကွင်းထဲက ပျောက်ပျောက်သွားရင် ပေါ်မလာတော့ဘူး။ အခု ပြန်ပေါ်လာပြန်ပြီလား"

"ပြိုင်ပွဲနီးလို့ နေမှာပေါ့"ဟု ကျွန်တော်ပြောသည်။ မျက်နှာကို တည်ထားလျက်သာ ရှိသေး၏။

"ပြောစမ်းပါဦး၊ ကွင်းထဲမှာ ဒီမနက်ဘာဖြစ်သလဲ"

"မပြောတော့ဘူး"

"မင်းကလည်း စိတ်ချည်းပဲ၊ ပြောပါ မင်း--မမနဲ့ပတ်သက်ပြီး ဘာအံ့ဩစရာဖြစ်လို့လဲ"

ကျွန်တော် သန်းဦးကို တစ်ချက်ကြည့်လိုက်သည်။ ပြီးမှ...

"ဒီမနက် မမ ယူနီဖောင်းဝတ်မလာဘူး"

သန်းဦး မျက်လုံးဝိုင်းစက်သွားသည်။

"ဟာ ယူနီဖောင်း ဝတ်မလာဘူး ဟုတ်လား"

ကျွန်တော် ခေါင်းညိတ်သည်။

"ဟာ...ငါကြည့်ချင်လိုက်တာ"

ကျွန်တော် ရယ်မိတော့သည်။





"သန်းဦး မယုတ်မာနဲ့၊ ယူနီဖောင်းဝတ်မလာဘူးဆိုတာ သူနာပြုဝတ်စုံနဲ့ မဟုတ်ဘူး။ အရပ်ဝတ်နဲ့လာတာကို ပြောတာ"

"ဩော်...အဲဒီလို ပြောရောပေါ့ကွာ"

"မမက ဆံပင်အရှည်ကြီးပဲကွ၊ ပြီးတော့ အရမ်းလှတယ်"

"အံ့ဩစရာဆိုတာ အဲဒါကိုပြောတာလား"

"အင်းပေါ့၊ အခါတိုင်း သူနာပြုဝတ်စုံနဲ့၊ ဒီနေ့ အရပ်ဝတ်နဲ့၊ ပြီးတော့ ဒီမနက် ဆေးရုံကြီးကိုသွားတာမဟုတ်ဘူး။ သူနာပြုတက္ကသိုလ်ထဲကို ဝင်သွားတာ"

"ဒါဆို မင်း မှားမှာက၊ အဲ...မမက သူနာပြုဆရာမ မဟုတ်သေးဘူးပေါ့"

"အင်း...ငါ အဲဒီလိုထင်တာပဲ၊ ခန့်မှန်းကြည့်ရတာ၊ ဒုတိယနှစ်ကျောင်းသူလောက်တော့ ရှိမယ်"

"မင်းက ဘယ်လိုလုပ် ခန့်မှန်းသလဲ"

"သူ့ ကျောင်းသားကဒ်ကို ဘတ်(စ)ကားပေါ်မှာ မြင်ဖူးခဲ့တယ်၊ ဒါပေမယ့် မသဲမကွဲပဲ"

"ဒါဆို အခုထိ နာမည်မသိရသေးဘူးဆိုတဲ့ သဘောပေါ့"

"အေးကွာ"

ကျွန်တော် စိတ်ညစ်ငြူးသံဖြင့် ပြောမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ချက်လေးတောင် ငါ့ကို ငဲ့မကြည့်ဘူး"

"နောက်ထပ် ပရုတ်ဆီဘူး တစ်ဘူးလောက် သွားပေးလိုက်ပါလား။ မင်း...ပေးတဲ့ဘူး၊ အခုလောက်ဆို ကုန်ရော့မယ်"

"ငါ တကယ်ကြွေနေတာပါ သန်းဦးရာ၊ မင်း...သိပ်မနောက်ပါနဲ့။ အကြံလေးဘာလေး ပေးဖို့ပဲ စဉ်းစားပါ"

"ငါမှ ရည်းစားမထားဖူးဘဲ၊ ဘယ်လိုလုပ် မင်းကို ညွှန်ကြားတတ်မှာလဲ။ ပေးတတ်သလောက် ပေးမယ့်အကြံကိုလည်း မင်းလက်ခံမှာ မဟုတ်ဘူး"

"ဘယ်လို အကြံမျိုးမို့လဲ"

"မနက်ဖြန် မနက်၊ ငါ..ဟိုဘက်အသင်းကနေ ရေ့တန်းမှာ ကန်မယ်။ မင်းက မင်းဘက်ဂိုးမှာ မင်းဘာသာဂိုးဖမ်း၊ ဂိုးတိုင်နားမှာ လိမ်းဆေးပုလင်း တစ်ပုလင်းလောက် အဆင်သင့်ပြင်ထားလိုက်။ မင်း...မမလာတာကို မြင်တာနဲ့ ငါ...ဘောလုံးကို မင်းနဲ့အနီးဆုံးအထိ မရမကဆွဲလာခဲ့မယ်။ ပြီးတာနဲ့ မင်းမမရဲ့ ဖင်ခြောင့်ရိုးကို ငါဘောလုံးနဲ့ ခပ်ပြင်းပြင်းလေး ကန်ပစ်လိုက်မယ်။ သူ...လဲကျသွားမှာ သေချာတယ်။

သူလဲသွားတာကို မြင်တာနဲ့ မင်း...ဆေးပုလင်းယူပြီး သူ့ဆီကို ပြေးပေတော့။ မမ..ဘယ်နားနာသွားလဲလို့ မေးရင် သူက ဖင်ခြောင့်ရိုးလို့ ပြောလိမ့်မယ်။ မင်း...သူပြောတဲ့နေရာကို ဆေးလိမ်းပေးပေတော့။ အဲဒါ...ငါပေးတဲ့အကြံပဲ"





ရယ်ချင်စိတ်ကို ကျွန်တော်ထိန်းသည်။

"မင်း တော်တော်ရက်စက်တဲ့ကောင်ပဲ။ အသည်းနှလုံးရှိတဲ့ကောင်၊ မင်းအခုလို ပျော်စေပျက်စေပြောလိုက်တာတောင် ငါ...မေအတွက် ဘယ်လောက်စိုးရိမ်သွားတယ်ထင်လဲ"

"ဘာလဲ ဆေးတစ်ပုလင်းနဲ့ မလောက်မှာကို စိုးရိမ်တာလား"

"တော်ပါတော့ကွာ။ ဒါနဲ့ ဒီနှစ် မြို့နယ်ပွဲရှိလို့လား"

"မြို့နယ်ပွဲတော့မဟုတ်ဘူး၊ ခရိုင်ပွဲ ငါ...ပြန်ပါတယ်။ အဲဒါ ကန့်(မ)ဝင်ရတော့မယ်"

စကားစ ပြတ်သွားကြသည်။

"ကျော်ခန့်ဇော်"

သန်းဦးကို ကျွန်တော်ကြည့်သည်။

"မင်း တစ်နေရာရာမှာ ဝင်ကန်ပါတော့လားကွာ"

ကျွန်တော် ခေါင်းခါသည်။

"လောလောဆယ် မလွယ်သေးပါဘူးကွာ။ မေမေ့ကို နည်းစည်းရုံးရအုံးမှာ။ ကျောင်းဖွင့်ရင်တော့ မေကျာပွဲတွေကနေစပြီး



www.burmeseclassic.com

www.burmeseclassic.com



ငါ..ဝင်ကန်ဖြစ်လိမ့်မယ်ထင်တယ်။ လောလောဆယ် ငါ့ခေါင်းထဲမှာ မမကိုပဲ ရှိထားချင်တယ်"

ဘာကို လွှမ်းဆွတ်မိသည် မသိ။ ရင်ထဲမှာ...ဟာတာတာ ဖြစ်သွားသည်။

●●●



၁၂။

တစ်ခါတစ်ရံတွင် ညနေပိုင်း ဘောလုံးကစားခြင်းကိုပါ ကျွန်တော် ပျက်ကွက်ခဲ့သည်။

ညနေလေးနာရီသည် မမ၏ကျောင်း ဆင်းချိန်ဟု ကျွန်တော် သိခဲ့ရသည်။

ထိုအခါ ဘောလုံးကန်မည့်အဝတ်အစားဖြင့် မမ၏ကျောင်း ရှေ့မှ မမ၏ ကျောင်းဆင်းချိန်ကို စောင့်မျှော်ဖြစ်သည်။

မမ ကျောင်းဆင်းသောအခါ ဘတ်(စ)ကားတစ်စီးတည်းတွင် အတူစီးဖြစ်သည်။ ဘောလုံးကွင်းကိုဖြတ်ပြီး၊ မမ..ကွယ်ပျောက်သွား သောအခါကျမှ ကျွန်တော် ဘောလုံးဝင်ကန်ဖြစ်သည်။

မမ၏နောက်မှ လိုက်ပါစောင့်ကြိုနေမိခြင်းသည် သတ်သတ်

www.burmeseclassic.com

www.burmeseclassic.com



မှတ်မှတ် မဟုတ်တော့။ သတိရချိန်တိုင်းတွင် ခြေလှမ်းပြင်မိသည်ချည်း ဖြစ်၏။

ဘောလုံးကန်သည်ကို မေမေ မနှစ်သက်။ ဖေဖေသာလျှင် ကန့်ကွက်ခြင်းမရှိ။ သည်ကိစ္စမျိုး (အချိန်ကုန် လူပမ်း ရင်နင့်မောင်လွှမ်းမောစေသည့်)အဖြစ်မျိုးကိုတော့ ဖေဖေရော မေမေရော ကန့်ကွက် အရေးယူကြပေလိမ့်မည်။

ဘောလုံးကစားခြင်းအတွက် မေမေ့ကို လိမ်ညာခဲ့ဖူးသည်။ ယခုတော့ မမအတွက် မေမေ့ကိုရော ဖေဖေ့ကိုပါ လိမ်ညာနေသလို ဖြစ်နေပေပြီ။

ညနေ သုံးနာရီခွဲလောက်တွင် ဂိုးသမားအင်္ကျီကို ဝတ်သည်။ အပေါ်မှ ထရက်စုအင်္ကျီကို ထပ်ဝတ်သည်။ ပြီးနောက် ထရက်စုဘောင်းဘီရှည်ကို ဝတ်သည်။ ကင်းဘတ်ဖိနပ်ကို စီးပြီး ဘောကန်ဖိနပ်အိတ်ကို စလွယ်သိုင်းကာ အိမ်မှထွက်လာသော ကျွန်တော့်ကို ဘောလုံးကွင်းသွားသည်ဟု မေမေ ထင်ပေလိမ့်မည်။ ရုံးမှပြန်လာသောဖေဖေကလည်း ကျွန်တော့်ကို မတွေ့လျှင် ဘောလုံးသွားကစားနေသည်ဟု တွေးပေလိမ့်မည်။

ကျွန်တော်ကတော့ မမ၏ ကျောင်းရှေ့၊ ဓာတ်တိုင်တစ်တိုင်၏ အနီးတွင် ဝတ်စုံပြည့် စောင့်မျှော်နေမိသည်။





တစ်နေ့ထက်တစ်နေ့ အသက်ပိုကြီးလာသောကြောင့်လား မသိ။ ကျွန်တော့် မိဘကို ခဏခဏလိမ်ညာခဲ့ဖူးပြီ။

●

သူနာပြုတက္ကသိုလ်အတွင်းမှ တချို့ကျောင်းသူများက သူနာပြုဝတ်စုံဖြင့် ထွက်လာကြသည်။ သူနာပြုဝတ်စုံဖြင့် အမျိုးသား အနည်းငယ်ကိုလည်း တွေ့သည်။ တချို့ကျောင်းသူတွေကျတော့ သူနာပြုဝတ်စုံ ဝတ်ဆင်ထားခြင်းမရှိကြ။ မမလည်း အရပ်ဝတ်ဖြင့်သာ ကျောင်းဆင်းလာသည်။

မမ...ကို တွေ့သည်နှင့် ကျွန်တော် ဓာတ်တိုင်ဖြင့်ကွယ်လိုက်သည်။

တအောင့်ကြာမှ မမအနောက်သို့ ကျွန်တော်လိုက်သည်။ စကားပြောခွင့်ရရင် သိပ်ကောင်းမှာပဲဟု တွေးမိ၏။

ဘုန်းကြီးလမ်းဘက်သို့ မရောက်သေးပါဘဲလျက် ပလက်ဖောင်းတစ်ခု၏ အစွန်တစ်နေရာတွင် မမ...ခြေစုံရပ်လိုက်သည်ကို မြင်၏။ ဒါကို သတိမပြုမိဟန်ဆောင်က မမ ရပ်နေရာကို ဖြတ်ကျော်လျှောက်လှမ်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့"

မမ…၏ခေါ်သံဟု ကျွန်တော် အသေအချာသိလိုက်သည်။

ဘယ်သူ့ကို ခေါ်တာများလဲ၊ ဇဝေဇဝါဖြင့် ကျွန်တော်လှည့်ကြည့်လိုက်မိသည်။

"လာအုံး"

လာအုံးဆိုကာမှ ကျွန်တော့်ရင်ထဲ ဒိန်းကနဲဖြစ်သွား၏။ ဘောကန်ဖိနပ်ထည့်ထားရာအိတ်ကို ကျွန်တော်စလွယ်သိုင်း၍ လွယ်လိုက်သည်။

မမရပ်နေရာနေရာသို့ လျှောက်လှမ်းလျှက် တစ်ဖက်အသင်းမှကန်လိုက်သော ဘောလုံးတစ်လုံးက အလိုက်သင့် အနေတော်လေး ညင်သာစွာ ပြုတ်ကျလာသဖြင့် အဆင်သင့် စောင့်ဖမ်းခွင့်ရလိုသော ဂိုးသမားတစ်ယောက်ကဲ့သို့ ကျွန်တော်ပျော်သွားမိသေးသည်။

မမရပ်နေရာ ရှေ့တည့်တည့်သို့ ကျွန်တော်ရောက်သည်၊ လက်ပိုက်ထားရမလား၊ လက်နောက်ပစ်ထားရမလား၊ လက်ရှေ့ယှက်ထားရမလား ကျွန်တော်မသိ။ လက်ကိုပင် ဘယ်လိုထားရမည် မသိမှတော့ စိတ်ဆိုတာ ပို၍ဆိုးရော့မည်။

စိတ်တွေလှုပ်ရှားလွန်းနေ၏။ ညာဘက်လက်ဖြင့် နားတစ်ဘက်ကို ကိုင်နေမိသည်။ ကျွန်တော့် ညာဘက်နားရွက်တစ်ခုလုံး





လွန်စွာအေးစက်သွားသည်။ ကျွန်တော့် လက်ဖျားတွေ အေးစိမ့်နေသည်ဟု သိလိုက်၏။

"တို့နောက်က မင်း…ဘာလိုက်လုပ်နေတာလဲ"

"ဗျာ"

"တစ်နေ့ တစ်ရက် မဟုတ်တော့ဘူး။ မင်း…တရားလွန်နေပြီ"

ကျွန်တော် ခေါင်းငုံ့ထားမိသည်။

အသင်းစည်းကမ်းကို မလိုက်နာသဖြင့် အသင်းနည်းပြ၏ ဆူပူအပြောကို ခံလိုက်ရသော အားကစားသမားတစ်ဦးပမာ ကျွန်တော့်မှာ ငြိမ်သက်၍သာ နေနေရသည်။

ကျွန်တော်ဘာမျှ ပြန်မပြောတတ်…။

"ကျောင်းက သူငယ်ချင်းတွေ၊ ဆရာမတွေက မင်းကို ကျောင်းတက်ကျောင်းဆင်း တို့နောက်မှာ တကောက်ကောက်လိုက်ပါနေတာ တွေ့ကြ မြင်ကြတယ်။

တို့ အိမ်ရှေ့သိက္ခာကို ထိခိုက်နေပြီဆိုတာ မင်း…မစဉ်းစားမိဘူးလား။ ပြောလေ၊ မင်းဘာကြောင့် တကောက်ကောက်လိုက်နေတာလဲ"

ခန့်မှန်းသိဖြင့် သိသင့်ပါလျှက် မသိဟန်ပြုကာ မေးရက်လေ

www.burmeseclassic.com



သည်ဟု ကျွန်တော်ခွန်းတုံ့ပြန်ချင်သည်။

"ချစ်လို့ပါ..."ဟု ပြောကြားရဲချင်သည်။

ဒါပေမယ့် ကျွန်တော့်နှုတ်ဖျားမှ ဘာသံမျှ မထွက်။

""ဖြေလေ""

မေးသူကလည်း အဖြေသိနေပေလိမ့်မည်။

ဖြေမည့်သူမှာလည်း အဖြေရှိနေခဲ့ပါသည်။

သူမေးလာသော အမေး၏အဖြေစကားကို သူ ခန့်မှန်းနိုင်ပါလျက်...

ဖြေသူက အမှန်အတိုင်းဖြေလိုက်မည့် အဖြေစကားလုံးကို သူကြားလျှင်...

သူ...စိတ်မဆိုးဘဲ နေမှာလား။

သူသာ စိတ်မဆိုးဘူးဆိုလျှင် ကျွန်တော် ဖြေလိုက်ချင်ပါ သည်။ ကျွန်တော်က ဘယ်လောက်တောင် သတ္တိကောင်းနေလို့လဲ

မမ...စိတ်ဆိုးမှာ ကျွန်တော်ကြောက်တယ်။

ဘေးဘီကိုလည်း ကြည့်လိုက်မိသေးသည်။ သူ့ကိစ္စနဲ့သူ သွားလာနေတဲ့ လူတွေလေ။

ကျွန်တော့်အဖြေစကားကို မမကြားလိုက်လျှင် မမ..အော် ဟစ်လိုက်ပါက အဲဒီလူတွေ လှည့်မကြည့်ဘဲနေမှာလား။ ရပ်ကြည့်





နေကြမှာ သေချာသည်။ ထိုအခါ ကျွန်တော်ရှက်လို့ သေနိုင်သည်။

""ဖြေလေ၊ ဘာကြောင့် ထပ်ချပ်မကွာ လိုက်နေရတာလဲ""

ကျွန်တော် အား...မွေး..လိုက်...ပါ..ပြီ။

""ကျွန်...ကျွန်တော် မမကို စကားပြောချင်လို့ပါ""

ကျွန်တော့်ကို မမ..သေချာကြည့်သည်။ ကျွန်တော် အသေ အချာမကြည့်ရဲ။ နာရီကိုကြည့်ပြီး မမက...

""စကားပြောချင်တာ တစ်ခုတည်းပဲလား""

""ဟုတ်ကဲ့""

""ဒါဆိုလာ""

အနီးရှိ လက်ဖက်ရည်ဆိုင်ငယ်အတွင်းသို့ ကျွန်တော့်ကို ခေါ်သွားသည်။ ကျွန်တော် လိုက်ပါလာခဲ့မိသည်။ ကြည့်စမ်း၊ ကျွန် တော် မမနံဘေးကို ရောက်နေရပြီ၊ ပျော်ချင်လိုက်တာ။

●

စားပွဲလေးသေးသေးလေးအနီးရှိ ခုံသေးသေးလေးတွေမှာ ထိုင်ကြ သည်။ မမက အချိုရည်နှစ်ဘူးမှာသည်။

""ပြော...မင်း ဘာပြောချင်တာလဲ""



www.burmeseclassic.com

www.burmeseclassic.com



မမ...၏ မျက်ဝန်းကို ကျွန်တော် မဝံ့မရဲကြည့်သည်။ အခုမှ မမ...ပိုလှမှန်း ကျွန်တော်သိ၏။ ကျွန်တော်သာ နာတာရှည်လူမမာ တစ်ယောက်ဖြစ်နေပါက မမ...မျက်နှာလေးကို မြင်လိုက်ရုံဖြင့် ရောဂါဘယတွေ ကင်းစင်သွားပေမည်။

"ကျွန်တော် မမရဲ့နာမည်ကို သိချင်တယ်"

"မြမြနှင်း"

မနိုင့်တရိုပြုံးခြင်း၊ မထေမဲ့မြင်ပြုခြင်း မရှိဘဲ တည်ကြည်စွာ ပြောလိုက်သည်။ ရင်ထဲရှိ ကွက်လပ်များစွာအနက် တစ်ခုသော ကွက်လပ်လေး ပြည့်ဝသွားလေသည်။

"ကျေးဇူးတင်ပါတယ် မမ၊ ကျွန်တော့် နာမည်က..."

"ကျော်ခန့်ဇော်"ဟု မမပြောသည်။ ကျွန်တော် အံ့သြသည်။

"ထမင်းဘူးလွှင့်သွားတဲ့နေ့က မင်းနာမည်ကို ကြားဖူးလိုက်တယ်"

"မမကို ကျွန်တော် အဲဒီနေ့ကမှ စတွေ့ဖူးတာပါ"

"သြော်...၊ ကဲ...ဆိုပါဦး၊ တို့နောက်က ဘာကြောင့် တကောက်ကောက်လိုက်နေရတာလဲ"

ကျွန်တော် ခေါင်းခါသည်။

"ထက်ချပ်မကွာ လိုက်၊ မနီးမဝေးက လိုက်၊ နှစ်လလောက်





သောက်တောင်ရှိပြီ။ မင်းမို့လို့ မသော်မညာလိုက်နိုင်တယ်။ နောက်ဆို...ကစပြီး မင်း...အဲဒီအလုပ်ကို မလုပ်ပါနဲ့တော့"

အမိန့်ပေးသံဟု ထင်၏။

ကျွန်တော်...မမကို ကြည့်လိုက်မိသည်။

"ကို့က သုနာပြုတက္ကသိုလ်ကျောင်းသူ၊ တက္ကသိုလ်ကျောင်းသူဆိုတဲ့ သွက်လက်မှုမျိုးရှိသလို၊ သူနာပြုဆရာမဆိုတဲ့ ဂုဏ်ဒြပ် သိက္ခာသိမ်းကမ်းဆိုတာတွေလည်း ရှိတယ်။ အဲဒါတွေကို ထိခိုက်အောင်လုပ်နေပါတယ်လို့ မင်းကိုစွပ်စွဲရင် မင်း...ဘာပြောမလဲ"

"ကျွန်တော် မမကို နှောင့်ယှက်တာ မဟုတ်ပါဘူး"

"နှောင့်ယှက်တယ်လို့ မင်းကိုမစွပ်စွဲသေးပါဘူး။ တို့မှာ သူငယ်ချင်းတွေ လုပ်ဖော်ကိုင်ဘက်တွေရှိတယ်။ မင်းကို တွေ့ကြမြင်ကြတယ်။ မေးကြတယ်။ တို့ဘဝအခြေအနေက ပတ်ဝန်းကျင်အထင်လွဲမှားတာမျိုးနဲ့ ကြုံလို့မဖြစ်တဲ့ အခြေအနေပဲ။ အဲဒါကြောင့် မင်းကို ပွင့်ပွင့်လင်းလင်း ခေါ်ပြောတာ။ နောက်ကို အဲဒီလို မလုပ်ပါနဲ့။ တို့ တောင်းပန်တာပါ"

တောင်းပန်သူ၏စကားသံသည် ပြတ်သားလွန်းလှ၏။

ကျွန်တော် ငိုချင်သည်။

မမက အချိုရည်ဗူး နှစ်ဗူးကို ဖောက်သည်။ ကျွန်တော့်ရှေ့



www.burmeseclassic.com

www.burmeseclassic.com



ရှိ ဖန်ခွက်အတွင်းသို့ ထည့်ပေးသည်။

"ရော့ သောက်၊ မင်းက ကျောင်းမတက်ရဘူးလား"

"ကျွန်တော် ဆယ်တန်းအောင်ပြီးပြီ"

ခေါင်းငုံ့လျက် ပြော၏။

"ဪ လူတော်ကလေးပဲ၊ နောက်ပြီး မင်းက ဂိုးဖမ်း
သိပ်တော်ပုံရတယ်။ သွားရင်းလာရင်း မင်း··ဂိုးဖမ်းတာကို တစ်ခါနှစ်
ခါ မြင်ဖူးတယ်။ မင်းက ဘယ်အသင်းမှာ ကစားတာလဲ"

"ကျွန်တော် အပျော်ကစားတာ"

"မဖြစ်နိုင်ဘူး။ မင်းပုံစံက တကယ့်သမ္မာရင့် ဂိုးသမားပုံ
အပျော်မကစားပါနဲ့။ မြန်မာပြည်မှာ ဘောလုံးသမားကောင်းတွေ လိုအပ်
နေတယ်။ နိုင်ငံ့လက်ရွေးစင်ဖြစ်အောင် မလုပ်တော့ဘူးလား"

"ကျွန်တော့်မေမေက ကျွန်တော့်ကို ဘောလုံးသမား မလုပ်
ရဘူးတဲ့။ အဲဒါကြောင့် ကျွန်တော် အပျော်ပဲကန်နေတာ"

"ဘယ်တော့မှ လက်ရွေးစင်ဖြစ်အောင် မလုပ်တော့ဘူး
ပေါ့"

"ကျွန်တော့်မှာ ရည်ရွယ်ချက်တော့ ရှိပါတယ်။ ဒါပေမယ့်
အခုအချိန်ထိတော့ မေမေ့စကားကို နားထောင်နေတုန်းပဲ"

"မင်းမေမေက ဘောလုံးအားကစားကို အထင်သေး





သား"

"အဲလိုတော့ မဟုတ်ဘူး။ မေမေက နှလုံးရောဂါရှိတယ်။
ကျွန်တော်ထိခိုက်မိမှာကို စိုးရိမ်တာပါ။ ဖေဖေတုန်းကလည်း ခြေ
ထောက်ကျိုးထားပြီးပြီလေ၊ ဖေဖေ့လိုဖြစ်မှာ မေမေက စိုးရိမ်နေတယ်။
စိုးရိမ်လွန်ပြီး အထိတ်တလန့်ဖြစ်ရင် မေမေအသက်အန္တရာယ် ထိပါး
နိုင်တယ်။ အဲဒါကြောင့် ဘယ်ပြိုင်ပွဲမှ ဝင်မကန်ဘူးလို့ ကတိပေးပြီး
ကျွန်တော်အပျော်ပဲ ဝင်ကစားနေရတာ"

"မင်း···ဖေဖေက"

"ဖေဖေက ဘောလုံးသမားဟောင်းပါ။ အနားယူထားတာ
ကြာပြီ။ ဖေဖေက ကျွန်တော့်ကို သိပ်အားပေးတာ။ မေမေ့ကို
ငဲ့နေရလို့"

"တို့ စိတ်မကောင်းဘူး။ ရည်ရွယ်ချက်ရှိလျက်နဲ့ ရည်ရွယ်
ချက်ပန်းတိုင်ကို သွားဖို့အခက်အခဲဖြစ်နေတာကြားရတော့၊ တကယ်
စိတ်မကောင်းဘူး"

"ဘာပဲဖြစ်ဖြစ်၊ ကျွန်တော် ကန်ဖြစ်မှာပါ။ မေမေ့ကိုတော့
နားချရမှာပေါ့။ လက်ရွေးစင်ဖြစ်ချင်တာထက် နိုင်ငံခြားကကောင်းတွေ
နဲ့ယှဉ်ပြီး ကန်ချင်စိတ်က ပိုများတယ်။ သူတို့လည်း လူပဲ၊ ကိုယ်
လည်း လူပဲ၊ သူတို့လည်း ခြေထောက်နဲ့ကန်တာပဲ၊ ကိုယ်လည်း



www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်နဲ့ကန်တာပဲ။ မြန်မာတွေ မည့်ဘူးဆိုတာပြချင်တယ်။ အဲဒီ စိတ် ကျွန်တော့်မှာ ဝိုပြင်းထန်တယ်"

မမ၏ အပြုံးကို ပထမဆုံးအကြိမ် မြင်တွေ့လိုက်ရ၏။

"မင်းကို တို့ လေးစားတယ်။ မင်း ရည်ရွယ်ချက်ပြည့်ဝ ပါစေလို့ တို့ဆုတောင်းပါတယ်"

"ကျေးဇူးတင်ပါတယ် မမ"

"ကဲ...အအေးသောက်လိုက်အုံး"

အချိုရည်တွေ ချိုအေးနေသည်။

သောက်လက်စ အချိုရည်ခွက်လေးကို စားပွဲပေါ်မှာ ညင်သာ စွာတင်ပြီး မမက...

"မင်းက...လူရည်သန့်လေးပဲ၊ အဲဒါကြောင့် တို့က အေး အေးဆေးဆေး ခေါ်ပြောတာ။ တို့ပြောတာကို မင်းနားဝင်တယ်မို့လား။ တို့နောက်ကို မလိုက်နဲ့တော့နော်။ မင်းလည်း အချိန်ကုန်တယ်။ တို့ လည်း ပြဿနာတွေ ရင်ဆိုင်ရလိမ့်မယ်"

"ဘာပြဿနာလဲဟင်"

စိုးရိမ်စွာ ကျွန်တော်မေးသည်။

"ဒီလိုပဲပေါ့။ လူဆိုတာ ပြဿနာနဲ့ မကင်းဘူးလေ။ မီးဆို တာ မလောင်ခင်က တားရတယ်ကွဲ့။ အဲဒီလိုပဲ မင်း...နားလည်ထား





လိုက်ပါ။ မင်းသာ တကောက်ကောက်လိုက်နေအုံးမယ်ဆိုရင် တို့ ဘောလုံးကွင်းထဲက ဖြတ်လျှောက်တော့မှာ မဟုတ်ဘူးနော်။ တခြား လမ်းကပဲ သွားတော့မှာ"

အချိုရည်တွေက ရင်တွင်းသို့ ရောက်သွားသောအခါ စော စောကလောက် မချိုမြိန်တော့။ မအေးမြတော့။

"မင်းနေရာမှာ တခြားသူဆိုရင် တို့ အခုလို ဆွေးနွေးမှာ မဟုတ်ဘူး။ တခြား ထိရောက်မယ့်နည်းကို သုံးရမှာ"

"ကျွန်တော် ဆင်ခြင်ပါ့မယ် မမ"

"ကတိပေးလေ"

မမနှင့် အကြည့်ဆုံသည်။ မမ၏ မျက်လုံးလေးတွေထဲမှာ ဘာစုံတစ်ခုကို အမည်မသိစွာ ကျွန်တော်မြင်လိုက်သည်။

"ကျွန်တော် မမနောက်က တကောက်ကောက် မလိုက်တော့ ပါဘူး။ ကတိပေးပါတယ်"

"ကျေးဇူးပါပဲကွာ။ မင်း စိတ်မကောင်းဖြစ်သွားသလား"

ကျွန်တော် လေးပင့်စွာ ခေါင်းခါပြလိုက်သည်။

ခေါင်းငုံ့လျက်...

"ကျွန်တော် မမကို လမ်းမှာတွေ့ရင် နှုတ်ဆက်ပါရစေ။ ပြီးတော့ ခင်ခင်မင်မင် နေပါရစေ"



www.burmeseclassic.com

"Sorry ပဲကွာ။ အဲဒီလို အခွင့်အရေးလေးတွေကအစ တို့ မလိုက်လျောပါရစေနဲ့၊ မဖြစ်နိုင်ဘူး။ အဲဒီအတွက် တို့ကို မင်းစိတ်ဆိုးနိုင်ပါတယ်"

ကျွန်တော် မမ၏မျက်နှာကို မြတ်နိုးခြင်းကြီးစွာ မော့ကြည့်ပစ်လိုက်သည်။

"ကျွန်တော် မမကို ဘယ်တော့မှ၊ ဘယ်သောအခါမှ စိတ်ဆိုးမှာ မဟုတ်ဘူး"

"ပြန်ကြရအောင်ကွယ်"

မမ...မျက်လုံးတွေကို ကျွန်တော်မြင်သည်။

မမ..ဘာကြောင့် မျက်ရည်ဝဲတွေ ထိန်းသိမ်းလိုက်ရတာလဲ။

●

ဘတ်(စ)ကား မှတ်တိုင်အထိ မမနှင့်တွဲလျှောက်ဖြစ်ခဲ့သည်။ မှတ်တိုင်တွင် ကားရပ်သောအခါ ကားပေါ်သို့တက်ရင်း မမငဲ့ကြည့်သွားသည်။ ကားပေါ်သို့ လိုက်ပါတက်ရောက်ခြင်းမရှိဘဲ ငေးကြည့်ကျန်ရစ်ခဲ့ရသည့် ကျွန်တော့်ကို မမတွေ့မြင်ပေလိမ့်မည်။

သူ..မတားပါဘဲလျက် ကိုယ့်အားနာမှုနှင့် ကိုယ်ကျန်ရစ်ခဲ့





ရသည့် ကျွန်တော့်ရင်ထဲ၌ (ရှုံးနိမ့်နေပါလျက် ပြန်လည်ချေပဂိုးသွင်းခွင့်မရခင် ပွဲသိမ်းခရာသံကို ကြားလိုက်ရသူတစ်ဦးကဲ့သို့)ရှုံးနစ်လစ်ဟာသွားရ၏။

(ကျွန်တော် မမကို ချစ်တယ်)

●●●

www.burmeseclassic.com

၁၃။

ဖေဖော်ဝါရီလလယ်လောက်အထိ ဘောလုံးကွင်းနံဘေး၊ လူသွားလမ်း၏ ခပ်ဝေးဝေးမှာ နှင်းတွေကျနေတတ်သေးသည်။

မမ ဖြတ်သန်းသွားလာရာဘက်ရှိ ဂိုးကိုင်တွင် ကျွန်တော် မကစားတော့။ နှင်းကွဲခါစလောက်တွင် မမဖြတ်သန်းသွားသည်ကို မြင်ရလေ့ရှိသည်။ မြင်လျှင်မြင်ချင်း နီနီး…ဝေးဝေး ကျွန်တော် မျက်နှာလွှဲသည်။ သတိရလျှင်ရချင်း ကျွန်တော် မေ့ပစ်သည်။

တစ်ခါတစ်ရံ မေ့ပစ်နိုင်စေဖို့ ဘက္ကုတက ကြိုးပမ်းအားထုတ်နေရခြင်းသည်ပင်လျှင် မေ့မရခြင်းဖြစ်နေတတ်သည်..ဟု မေ့ဖို့ကြိုးစားမှ ပို၍သိလာရ၏။ တစ်ခါတစ်ရံတွင် မြင်တွေ့မိပါလျက် မျက်နှာလွှဲ



ကာ မေ့ပစ်နိုင်ခဲ့သည်။ တစ်ခါတစ်ရံတွင် မမဖြတ်သွားသလား၊ ဖြတ်မသွားဘူးလားဆိုသည်ကိုပင် သတိမပြုမိလိုက်သည်များ ရှိခဲ့၏။ တစ်ခါတစ်ရံ ဖြတ်သန်းသွားလာသည်ကို မတွေ့မမြင်ရပါဘဲ ဝေနေသောနှင်းလုကိုသာ တွေ့မြင်ပြီး 'မြူမြူနှင်း' ဟူသော အမည်နာမကို သတိရသည်။ ကြားယောင်သည်။

ထိုအခါ နှင်းများဝေနေသော်လည်း နှင်းမရှိသောဆောင်းတစ်ခုပါမှာ ကိုယ့်ကိုယ်ကို ထင်မြင်ခံစားမိသေး၏။ 'မြူ' ဟူသည်မှာ အစိမ်းရောင်တစ်ပါး၊ မြူမြူနှင်း၊ အစိမ်းရောက်ရှိသော နှင်း၊ စိမ်းလဲ့လဲ့နှင်း၊ စိမ်းကားသည့်နှင်းဟု လွမ်းမောဘမ်းတဖွာ အမည် ပေးနေမိသေးသည်။ မြူ…ဟူသည်မှာ ယခင်ကတည်းက စိမ်းခဲ့ပြီးသားမို့ စိမ်းကားသည်၊ စိမ်းကားလွန်းသည်ဟု ထူးထွေခံစားစွာပင် အပြစ်မဖို့ချင်တော့။ ဘာကြောင့်စိမ်းစိမ်း၊ စိမ်းပြီးသားမို့ စိမ်းသည်ထင်၏။ မမြူမြူနှင်းဟုပင် မခေါ်ချင်တော့။

စိမ်းဖို့စေခိုင်းသောအမှုကို ပြုရက်နိုင်စွမ်းသဖြင့် မြူမြူနှင်းဖြစ်ပါလျက် မြူ၏ အရောင်ဟပ်မှုကြောင့် နှင်း…ဟူသော ငွေရောင်ဖြူလေးပင်လျှင် စိမ်းရောင်သမ်းသွားနိုင်ပေမည်။ ထို့ကြောင့် မြူမြူစိမ်းဟု ခေါ်ချင်သည်။

သတိရစဉ် မမ..ကို မတွေ့မြင်သောအခါ မမ၏ကိုယ်ပွား

www.burmeseclassic.com



စိမ်းလဲ့လဲ့နှင်းပွင့်များကို ကိုယ်စားငေးကြည့်ဖြစ်သည်။ ထိုအခါမျိုး၌ ဘောလုံးကစားနေခြင်းဖြစ်သော်လည်း ဘောလုံးကို ခြေထောက်ဖြင့် ကန်တင်ရင်း၊ လက်ဖြင့် ပစ်ပေါက်ရင်း၊ ပုတ်ထုတ်ကာကွယ်ရင်းမှ တစ်စုံတစ်ဦး၏ ရောက်အလာကို နှင်းတောထဲမှာ ငေးမောစောင့်မျှော်နေမိသူဟု ကိုယ့်ကိုယ်ကို သိရှိခံစားခဲ့ရသည်။ ကျွန်တော့်ကို ကြည့်မြင်ပြီး နှင်းပွင့်လေးတွေ ငိုနေတာ၊ သိပါရဲ့လား ဆောင်း...။

မေ့သည်၊ ပို၍သတိရသည်။ မေ့ဖို့စွမ်းဆောင်လေလေ၊ ပို၍မေ့မရလေလေ ဖြစ်ရ၏။ သတိမရအောင် နေသည်။ ပို၍လွမ်းဖြစ်သည်။ လှိုက်စားနေသည့် ရင်တွင်းဒဏ်ကို ကျွန်တော် အမည်မဖော်တတ်။

"နောက်က လိုက်ပါမိရုံဖြင့် ခေါ်ပြောဟန်တားခြင်းကို ခံလိုက်ရတာပါလား"ဟု၊ တစိမ့်စိမ့်တွေးမိတာမှ တမြေ့မြေ့ခံစားရလေသည်။ လျှာစ၊အာစ လေးလံခဲ့သူပါလား...ဟု ကိုယ့်ကိုယ်ကိုတွေးပြီး အပြစ်တင်မိသည်။

"နောက်ကလိုက်တာ၊ နောက်ယုက်တာမှ မဟုတ်ဘဲ။ စကားလိုက်ပြောတာမှ မဟုတ်ဘဲ"...ဟု နှုတ်သွက်အာသွက်ဖြင့် ဘာကြောင့်များ ပြန်မပြောဖြစ်ခဲ့တာပါလိမ့်။

မမ၏အမိန့်ကို ကျွန်တော် မလိုက်နာချင်တော့ပါ။ မမကို





ဆန့်ကျင်လိုသောကြောင့် မဟုတ်။ မမ၏အမိန့်တော်တိုင်းကို ကျွန်တော့်ရင်တွင်းက သတိရခြင်းလှိုင်းတွေ၊ လွမ်းမိုးတိုက်စားလိုက်ခြင်းသာဖြစ်၏။

ဖြစ်နိုင်လျှင် မမကို သတိရမိသော မနက်ခင်းတိုင်း၌ နှင်းတွေ မဝေစေချင်ပါ။

တိုက်ဆိုင်မှုပဲ ထင်ပါရဲ့။ မမကို သတိရမိသည့်အခါကျမှ နှင်းတို့က ပို၍ အုံကြွနေကြ၏။ နှင်းရှိမှ ဆောင်းဥတု ပီသမည်ဆိုလျှင် မမရှိမှ နှင်းတွေပီသ ပိုလှပါလိမ့်မည်။

ကျွန်တော့်ဘဝကတော့ နှင်းခ၊မှ ပို၍အေးမြနိုင်လိမ့်မည်။

●

*အရုဏ်သစ်မှာ*
*ချစ်သူပျို မျက်နှာဦး*
*ဖူးမျှော်ဖို့ရောက်။*

*ကျောင်းသွားလျှင် တစ်ခါ*
*ကျောင်းပြန်လျှင် တစ်ခေါက်*
*ချစ်သူပျို လာမယ့်လမ်း*
*လွမ်းအကြိုထောက်။*



www.burmeseclassic.com

www.burmeseclassic.com



*တမ်းတခြင်း ခရီးရှည်*
*ရင်မှာနွေပေါက်။*

*မြေပြေရာ ဘယ်သူပေးမှာလဲ*
*မှုန်ချေးသူ တိတ်တခိုးနဲ့*
*ကြိတ်ပိုးနေ အမြေခက်စရာပေါ့,*
*ကြွေသက်ကာ ပန်စေချင်ပါသလား။*

*ဝေမြဲဝေ၊ မခြွေရက်လို့*
*တစ်သက်တာ သည်းကြည့်နဲ့*
*ပီတိမြေရင်မှာနှမ်းရင်း...*

*တစ်မနက် တစ်ခါ*
*လာ..လာလို့ လွမ်းကာပဲ*
*ပန်းနွယ်ပျို သခင့်အပြုံးကို*
*ပန်းကုံးလို သီကာသိမ်းမယ်*
*စိမ်းရိပ်တွေ ဖျောက်။*





မမ၏စကားကို ကျွန်တော် လိုက်နာပါသည်။ ပေးခဲ့ဖူးသော ကတိကို တည်ကြည်စွာ ကျွန်တော် ထိန်းပါသည်။

ကျွန်တော် မမ နောက်က တကောက်ကောက် မလိုက်တော့ ပါဘူးဟု ကတိပေးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်တော်၊ နောက်မှ တကောက်ကောက် မလိုက်တော့ပါ။ မနက်ပိုင်း ဘောလုံးကန်ချင်စိတ် နည်းပါးသော နေ့ဆိုလျှင် ထိုဘောလုံးကန်မည့် ဝတ်စားဆင်ယင်မှု ဖြင့် မမ၏ကျောင်းအနီး မလှမ်းမကမ်းတွင် မမထက်စော၍ ကျွန်တော် ရောက်နေတတ်သည်။ မမကို မြင်တွေ့ချင်ရုံ တစ်ခုတည်းအတွက် ဖြစ်သည်။ ကျွန်တော် မမနောက်မှ တကောက်ကောက် မလိုက်ပါ။

ညနေပိုင်းဆိုလျှင် မမ ကျောင်းမဆင်းခင် အပြန်လမ်း တစ်လျှောက်ရှိ တစ်နေရာရာမှ ကျွန်တော် ကြိုရောက်နေတတ်သည်။ ကျွန်တော်နောက်မှ တကောက်ကောက် မလိုက်ပါ။ မမ စကားကို ကျွန်တော် နားထောင်ပါသည်။ ပေးထားသောကတိကို ကျွန်တော် ထိန်းသိမ်းထားပါသည်။ မမ၏မမြင်ကွယ်ရာမှ ရပ်ကြည့်နေရုံမျှသာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်း...ကတိမတည်ဘူး"

ဆောင်းနှောင်းကာလ။ နှင်းမကွဲသေး။

ခါတ်တိုင်နောက်မှ ကွယ်လိုက်ရုံဖြင့် မမ မမြင်နိုင်ဟု ကျွန်တော် တွက်ဆခဲ့သည်။ ကျွန်တော့် မျက်နှာချင်းဆိုင်တည့်တည့်သို့ မမ ရောက်လာသောအခါကျမှ မမ မျက်နှာကို အသာပြန်ကြည့်ပြီး မလုံခြုံစွာ ပုန်းကွယ်မိသူဟု ကိုယ့်ကိုကို အပြစ်တင်ချင်သည်။

"ယောကျ်ားဆိုတာ ကတိတည်ရတယ်ကွ"

"ကျွန်တော် ဘာလုပ်လို့လဲ မမ"

အခြားသော စကားမျိုးကိုသာ မမ ပြောမည်ဆိုလျှင် ကျွန်တော် နှုတ်တုန့်ပြန်ဖြစ်မည်မဟုတ်ပါ။ အခု မမက ကျွန်တော် နာတတ်အောင် တမင်ပြောခြင်းဖြစ်ပေမည်။ "ယောကျ်ားဆိုတာ ကတိတည်ရသတဲ့လေ"။

"ကတိမတည်တဲ့ကောင်၊ ယောကျ်ားမပီသတဲ့...ကောင်" ဟု၊ အဓိပ္ပာယ်သက်ရောက်စေမည့် "ယောကျ်ားဆိုတာ ကတိတည်ရတယ်ကွ" ဟူသော စကားသံ လေသံဖြင့် ကျွန်တော့်ကို နှိမ်ချလိုက်သည်ဟု ကျွန်တော် ခံစားရသည်။

ထို့ကြောင့်လည်း ကတထန်သောမျက်နှာ၊ သိက္ခာကို အထိခိုက်ခံလိုက်ရသော ယောကျ်ားမြတ်တစ်ဦး၏ စိတ်မျိုးဖြင့်၊ မမကို ချက်ချင်း





လက်ငင်း ခွန်းတုန့်ပြန်လိုက်မိခြင်းဖြစ်သည်။

ကျွန်တော့်အသက် ငယ်ပါသေးသည်။ ကတိမတည်တဲ့ကောင်၊ ယောကျ်ားမပီသတဲ့ကောင်ဟု အထင်အမြင် အပြောအဆို ခံရမည်ကို စိုးရိမ်တတ်ခဲ့သဖြင့် ယောကျ်ားဆိုတာ ကတိတည်ရမှာပါလား...ဟု၊ အမြဲတမ်းနှလုံးသွင်းနိုင်ခဲ့၏။ ယခု မမရှေ့ကျမှ ကျွန်တော် ကတိပျက်တဲ့သူ ဖြစ်ခဲ့ရပေပြီ။

"မင်း ဘာဖြစ်လို့ ဒီမှာလာရပ်နေတာလဲ။ တို့စာမေးပွဲဖြေရတော့မယ်။ တို့ကို အနှောက်အယှက်လာမပေးပါနဲ့"

အသံအုပ်အုပ်ဖြင့် မမ ပြောသည်။ ခါတ်တိုင်ဖြင့်ကွယ်နေသော မမ၏ ကျောင်းအဆောက်အဦဘက်သို့ ကျွန်တော် တစ်ချက်ကြည့်လိုက်သည်။ ကားလမ်းမပေါ်တွင် ကားအသွားအလာ၊ လူအကူးအသန်း ကျဲပါးလျက်သာရှိသေး၏။

"ကျွန်တော် ရပ်နေတာပဲ။ နောက်က၊ တကောက်ကောက် လိုက်နေတာမှ မဟုတ်တာ။

ကျွန်တော် ယောကျ်ား။ ပေးထားပြီးသား ကတိကို ဘယ်တော့မှ မဖျက်ဘူး"

ရင်ထဲမှာရှိသော စကားများကို မမ သိမြင်စာနာတတ်အောင် ညင်သာစွာ ပြောတတ်ချင်သည်။ "မမမျက်နှာလေးကို တွေ့ရုံမြင်ရုံ



www.burmeseclassic.com

www.burmeseclassic.com



နီးကြည့်ရုံလေးပါ။ စိတ်မဆိုးပါနဲ့ မမရယ်''ဟု ချွဲကာနွဲ့ကာ ပြောတတ်ချင်သည်။

''မင်း...၊ တို့ရဲ့အနီးတဝိုက်မှာ ရှိနေလို့မဖြစ်ဘူး ကျော်ခန့် ဖော်။ မင်းက တကောက်ကောက် မလိုက်ဘူးဆိုပေမယ့်၊ ကျောင်းသွား ကျောင်းပြန် မင်းကို တွေ့တွေ့နေရတယ်''

''အဲဒီအတွက် မမက ကျွန်တော့်ကို ဘာပြောချင်တာလဲ''

စူးစိုက်စွာကြည့်ပြီး ကျွန်တော် မေးပစ်လိုက်သည်။ ကျွန်တော့် မျက်ခုံးနှစ်ဘက် တွန့်ကွေးနေသည်ကို မမ တွေ့မြင်ပေလိမ့် မည်။

''မင်းကို တို့ လုံးဝ မတွေ့ချင်ဘူး''

မာထန်လိုက်သည့်စကား။ နှင်းပွင့်များတောင် ခါးသွားနိုင် သည်။

''ဟား ဟား''

''မင်းက တို့ကို လှောင်တာလား''

''လှောင်တာ မဟုတ်ဘူး မမ။ မမ ပြောခဲ့သမျှတွေ အဓိပ္ပာယ်မရှိလို့ ရယ်ပစ်လိုက်တာ''

အောက်နှုတ်ခမ်း၏ အတွင်းသားလေးကို ဖိကိုက်ထားသည် ဟု သိ၏။

''ကျွန်တော် ကလေးကချေမဟုတ်ဘူး မမ။ မိကောင်းဖခင်





သားသမီး။ ကျွန်တော့်ကို မမ အနိုင်မကျင့်ပါနဲ့။

မမနောက်က တကောက်ကောက် လိုက်ခဲ့မိတုန်းကလည်း မမ ကျွန်တော့်ကို တားတယ်။ မမ နေရာမှာ မမ ဖြစ်နေလို့၊ ကျွန်တော် နားထောင်ခဲ့တာ။ တကယ်တမ်း စဉ်းစားကြည့်ရင်၊ မမမှာ တားပိုင်ခွင့် မရှိဘူး''

အဝေးသို့ ငေးငိုင်သွားသော မမ၏မျက်လုံးထဲတွင် နှင်းငွေ့ တွေကို မြင်သည်။

''ကျွန်တော့်ဘာသာ နောက်ကပဲ လိုက်လိုက်၊ ရှေ့ကပဲ လိုက်လိုက်၊ မြေလျှိုးပြီးပဲ လိုက်လိုက်၊ မိုးပျံပြီးပဲ လိုက်လိုက်။ ဘယ် နေရာမှာ ဘယ်လိုပဲ ရပ်ကြည့်နေနေ။ ကာယိန္ဒြေကို မထိခိုက်မချင်း မမမှာ တားပိုင်ခွင့်မရှိဘူး။ ဘယ်သူမှ တားပိုင်ခွင့် မရှိဘူး။

ဒါပေမယ့် ချိုချိုသာသာ တားဆီးခဲ့လို့၊ မမ ပြောစကားကို၊ ကျွန်တော် နားထောင်ခဲ့တယ်၊ လိုက်နာခဲ့တယ်၊ ကတိတောင်ပေးခဲ့ တာပဲ။ အခု ကျွန်တော့်ဘာသာ ရပ်နေတာ။ မမ မမြင်အောင်ရပ်နေ တာ။ ဒါကို...လုံးဝ မတွေ့ချင်ဘူးလို့ အမိန့်ပေးရလောက်အောင် ကျွန်တော် လမ်းဘေးက ကောင်မဟုတ်ဘူး''

ချစ်ခင်နှစ်သက်စရာ စကားလှလှလေးတွေကို တသွင်သွင် စီးဆင်းစွာ မပြောတတ်ခဲ့သော ကျွန်တော့်ပါးစပ်မှ အခုလို လှိုင်လုံး



www.burmeseclassic.com

www.burmeseclassic.com



တွေ ထွက်ကျလာသဖြင့် ကိုယ့်ကိုယ်ကို အံ့သြချင်သည်။

"ငါ့ နောက်က လိုက်နေတာပဲ၊ ငါ့ကို တကြည့်ကြည့် လုပ်နေတာပဲ၊ ငါ အော်လိုက် ငေါက်လိုက်ရင် အမြီးကုတ်သွားမှာပဲ လို့ထင်ပြီး၊ ချိုးချိုးနှိမ်နှိမ် ပြောတာမျိုးတော့ ကျွန်တော် မခံနိုင်ဘူး။ လုံးဝ မတွေ့ချင်ဘူးလို့ အပြောခံရလောက်တဲ့အထိ ကျွန်တော် မမကို မနှောက်ယှက်ရသေးပါဘူး"

မမ မျက်ရည်တွေ စီးကျလာသည်။ မျက်ရည်တွေကို လက်ကိုင်ပုဝါဖြင့် ဖိတို့လိုက်ပြီး...

"ဟုတ်တယ်၊ မင်း ပြောတာမှန်တယ်၊ ငါ မှားသွားတယ် မင်း နေချင်သလိုနေ၊ လုပ်ချင်သလိုလုပ်၊ လိုက်ချင်သလိုလိုက်၊ ငါ မတားတော့ဘူး"

စကားသံ တိမ်ဝင်သွား၏။

"ငါ့စကားကို မင်းနားထောင်မယ်ထင်လို့ ငါ ပြောမိတာပါ ငါ စိတ်လောသွားတယ်။ အဲဒီအတွက် မင်း ငါ့ကို ခွင့်လွှတ်ပါ"

ထွက်ခွာသွားသောအခါ ရင်ထဲတွင် နင့်၍ကျန်ရစ်ခဲ့၏။ ဘာဖြစ်လို့ ငိုတာလဲ။

●





ခါတ်တိုင်ကို ကျောမှီကာ ကျွန်တော် ကျန်ရစ်ခဲ့သည်။ မမထွက်ခွာသွားရာဘက်သို့ လှည့်ကြည့်မိသေးသည်။ မမကို မမြင်ရတော့ချေ။ အခုလေးတွင် မမနဲ့ငါ စကားပြောခဲ့ကြတာပါလားဟု တသသစွာတွေးရင်း တမ်းတစွာ ငေးမောကြည့်မိသည်။

ငေးကြည့်မိရာ လမ်းမတွင် မမ မရှိတော့သဖြင့် နှင်းငွေ့တွေ သည်း ကွယ်ပျောက်သွားကြပြီထင်၏။

●



www.burmeseclassic.com

www.burmeseclassic.com



နင်းမရှိတဲ့ လမ်း
အခင်းမရှိတဲ့ ကြမ်းလိုပါပဲ၊
ပရမ်းပတာနဲ့
လွှမ်းစရာ ကောင်းလိုက်တာ။
ဆောင်းမိုက် မဲမှောင်
နင်း…ကိုယ်တိုင်၊ ကိုယ်ရောင်ပျောက်မှတော့..
(ဘယ်လောက်ပဲ လွမ်းပါစေ)
ပျောက်ရှသွားတဲ့ ခြေရာအတွက်
နောက်ဘဝများအထိ၊ ဝေဒနာဆက်လေမလား
နှလုံးသားမှာ…
နှေ၏တံခါး၊ ဖွင့်ထားသည်။

●●●



BURMESE CLASSIC .com

၁၄။

"ငါ ဒီညနေ ကမ့်(မ)ဝင်ရတော့မယ်။ မနက်က ကွင်းထဲကို ငါလာသေးတယ်။ မင်း မရှိဘူး" ဟု သန်းဦးပြောသည်။

"မင်း ဘယ်သွားနေတာလဲ"

စကားပြောခွက်ကိုကိုင်ကာ အနီးအနားသို့ ကျွန်တော် ငုံကြည့်လိုက်သေးသည်။ မေမေနှင့်ဖေဖေကို မတွေ့တော့မှ…

"မမ ကျောင်းနားကို သွားနေတာ" ဟု ပြောလိုက်၏။

"မင်း တရားလွန်နေပြီ ကျော်ခန့်ဇော်"

"မင်း အပြစ်တင်တာ နောက်ကျသွားပြီ သန်းဦး။ မမနဲ့ ငါနဲ့ မနက်က ပြဿနာဖြစ်တယ်။ မမ ငိုသွားတယ်ကွာ"

ကျွန်တော် လေသံတိုးတိုးဖြင့်ပြောသည်။ မမ၏မျက်ရည်များ

www.burmeseclassic.com

www.burmeseclassic.com



၏ သမိုင်းအစကို ကျွန်တော် အသေးစိပ်ပြောပြလိုက်၏။

"ဖုန်းထဲက ပြောပြနေရလို့ပေါ့ကွာ။ မင်းရှေ့မှာသာ လာပြောပြရင် ငါပါ ငိုမိမှာ။ မမငိုတာကို မြင်လိုက်ရတော့၊ ငါ့ရင်ထဲ မကောင်းဘူးကွာ၊ သနားတယ်"

"ကူဖြေပျက်လောက်အောင် မင်း မပြုမူရသေးဘူးဆိုတာ သေချာရဲ့လား"

"သေချာပါတယ်ကွာ"

"အဲဒါဆို မင်းမမက ဘာကြောင့် အဲသည်းအသန် တားရတာလဲ။ မင်းနေရာမှာ တခြားတစ်ယောက်ဆိုရင် သူ အဲဒီလို လာပြောရဲမှာ မဟုတ်ဘူး"

ကျွန်တော် ဖုန်းပြောနေရာအနီးတွင် မေမေလာထိုင်သည်ကို မြင်၏။

"မင်းတို့ ပထမပွဲက ဘယ်ကွင်းမှာ ကန်ရမှာလဲ"

"ဟင်"

"ကွင်းဖွင့်ပွဲက ဘယ်ကွင်းမှာ ကန်ရမှာလဲလို့ မေးတာ"

"ဟော့ကောင်၊ မင်းရဲ့ မမအကြောင်း ပြောနေတာလေ"

"ဟုတ်ပါတယ်.. ကွင်းသိထားရတော့ ငါ လာကြည့်လို့ ရတာပေါ့"





မေမေ့ကို ငဲ့မကြည့်ဖြစ်အောင်၊ ကျွန်တော် နေရ၏။

"မင်း မမအကြောင်း ပြောနေရင်းကနေ ဘယ်လိုလုပ် ဘောလုံးအကြောင်း စိတ်ရောက်သွားရတာလဲ"

"ဒီလိုပေါ့ကွ၊ ပထမပွဲက အင်းစိန်နဲ့မတွေ့သေးဘူး မဟုတ်လား၊ အုပ်စု မတူဘူးမို့လား"

သန်းဦးရယ်လေသည်။

"ကျော်ခန့်ဇော်၊ မင်း...ဘေးနားမှာ မင်းမေမေရောက်နေတယ်မို့လား။ ဒါမှမဟုတ် မင်း မေမေရောက်နေတယ် မဟုတ်လား"

"အေး"

"ဘာ အေးတာလဲ"

"မင်းပြောတာကို အေးတာ"

"ငါ ဘာပြောလို့လဲ"

"မင်း စောစောက အဲဒါပြောတာလေ။ မင်း ကမ်(မ)ဝင်ရမယ်ဆိုတော့ လုပ်စရာရှိတာ လုပ်တော့လေ။ တစ်အောင့်နေရင် ငါလာခဲ့မယ်။ ဒါပဲမို့လား"

မေမေ နားစွင့်နေသည်ဟု ကျွန်တော် သိ၏။

"ဟော့ကောင်၊ ဖုန်းမချနဲ့နော်။ ဖုန်းချရင် ငါ ထပ်ဆက်မှာ။ မင်း လုပ်တုန်းကလုပ်ပြီး အခုမှ ဘာကြောက်နေတာလဲ"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"မင်း...မညစ်နဲ့နော် သန်းဦး"

"မညစ်ပါဘူး၊ ငါ မင်းကို မေးခွန်းတစ်ခု မေးစရာရှိတယ်။ အဲဒီမေးခွန်းကို ကျယ်ကျယ်လေးဖြေပြီးရင် မင်း ဖုန်းချလိုက်တော့"

"မေး မေးမေး၊ မြန်မြန်မေး"

"မင်း မမနှာမည်က၊ ဘယ်သူလဲ"

"ခွေးမသား"

"ဟဲ့...သား၊ ဖုန်းထဲကနေ ဘယ်သူ့ကို ဆဲနေတာတုန်း"

"သန်းဦးကိုဆဲတာ မေမေ။ ဒီကောင် တော်တော်နှောက်တဲ့ကောင်" ဟု မေမေ့ဘက်သို့လှည့်ပြီး ကျွန်တော် ပြောသည်။ သန်းဦး၏ ရယ်သံကို ကြားနေရ၏။

"သန်းဦး၊ ငါ ဖုန်းချလိုက်ပြီနော်။ ထမင်းစားပြီးရင် ငါ လာခဲ့မယ်"

စကားပြောခွက်ကို ဖုန်းပုခက်ပေါ်သို့ ကျွန်တော် တင်လိုက်၏။ မေမေ ကျွန်တော့်ကို ကြည့်နေသည်။





ခါးကိုညွတ်ကွေးလျက် မေမေ့ရှေ့မှ ခေါင်းငုံ့ဖြတ်လျှောက်ပြီး ကျွန်တော် အခန်းထဲသို့ ဝင်မည်ပြုသည်။

"သား"

မေမေ့ခေါ်သံကြောင့် ကျွန်တော် လှည့်ကြည့်သည်။ ယခုမှ မေမေ့မျက်နှာကို ကျွန်တော် အသေအချာကြည့်ဖြစ်သည်။ မေမေ ပိန်သွားလိုက်တာ၊ မေမေ နေမကောင်းရဲ့လား။

"ထိုင်အုံးသား၊ မေမေ ပြောစရာရှိလို့"

မေမေ့နံဘေးတွင် ကျွန်တော်ဝင်ထိုင်သည်။ ဖေဖေကတော့ အခန်းတွင်းသို့ ထွက်မလာသေး။

"ပြောလေ မေမေ၊ ဘာပြောမလို့လဲ။ မေမေ နေကောင်းရဲ့လား"

"ကောင်းပါတယ်" ဟု၊ မေမေ ပြောသည်။ မေမေ ကျွန်တော့်ကို မမှိတ်မသုန်ကြည့်သည်။ ပြီးမှ...

"မောင်သန်းဦးက ဘယ်အသင်းမှာ ကစားနေတာလဲ...သား"

"ခရိုင်အသင်းမှာပါ မေမေ။ ခရိုင်အသင်းဆိုတာက မြို့နယ်အသင်းသဘောမျိုးပေါ့။ အခုမြို့နယ်ပေါင်းစုံပြိုင်ပွဲမလုပ်တော့ဘဲ

www.burmeseclassic.com



ခရိုင်အလိုက်ပဲ အသင်းဖွဲ့ကြတော့တယ်။ သန်းဦးက အနောက်ပိုင်းခရိုင်ပေါ့ မေမေ"

"သားရော ဘယ်အသင်းမှာ၊ ကစားချင်သလဲ"

ကျွန်တော် ခေါင်းခါသည်။ ဖေဖေ အခန်းတွင်းမှ ထွက်လာသည်ကို မြင်၏။ ကျွန်တော့်ရှေ့တွင် ဖေဖေထိုင်သည်။ ပြည်ပမဂ္ဂဇင်းတစ်စောင်ကို ဖတ်နေ၏။

"သား ကစားချင်တယ်၊ အသင်းအဖွဲ့တစ်ခုခုကို ကိုယ်စားပြုပြီး ပြိုင်ပွဲဝင်ချင်တယ်ဆိုရင် မေမေ ခွင့်ပြုပါတယ်"

"ဗျာ"

ကျွန်တော့်ရင်ထဲ လှုပ်ကနဲ ဖြစ်သွားရ၏။

"မေမေ၊ မေမေ တကယ်ပြောတာလား ဟင်"

ဖေဖေကိုပင် ကျွန်တော် ငုံ့မကြည့်ဖြစ်။

"တကယ်ပြောတာပေါ့ သား၊ မေမေ သားကို ခွင့်ပြုပါတယ်။ သား ဖေဖေ့ဌာနမှာ ကန်ချင်လည်း ကန်။ ဒါမှမဟုတ်၊ တခြားအသင်းမှာ ကန်ချင်လည်းကန်၊ မေမေ သဘောတူပါတယ်။ ယှဉ်ပြိုင်တဲ့အခါမှာ မပေါ်မနိုက်မိအောင် သတိတော့ ကြီးကြီးထားပါသား"

"ကျေးဇူးတင်လိုက်တာ မေမေရယ်"





ကျွန်တော့်စကားသံ တုန်ရင်သွားရ၏။

မေမေ ထိုင်နေရာမှ ထသည်။ မည်သည့်စကားမျှ မဆိုတော့ဘဲ အိမ်အနောက်ဘက်သို့ ဝင်သွား၏။ ဖေဖေ ကျွန်တော့်ကို ပြုံးကြည့်နေသည်။

"သားကို ဘောလုံးကန်ခွင့်ပေးလိုက်ပြီ ဖေဖေ။ မေမေက သားကို ဘောလုံးကန်ခွင့်ပေးလိုက်ပြီ"

လက်ထဲမှမဂ္ဂဇင်းကို စားပွဲပေါ်တွင် ဖေဖေ တင်သည်။

"သား၊ ဝမ်းသာသွားပြီ မဟုတ်လား"

"ဟုတ်တယ် ဖေဖေ၊ သား အရမ်းဝမ်းသာတာပဲ"

"ဘာကြောင့် ကစားခွင့်ပြုလိုက်တယ်လို့ သား ထင်သလဲ"

"မသိဘူး ဖေဖေ၊ သား အံ့သြနေတာတော့ အမှန်ပဲ"

"သားကို စိုးရိမ်လို့..တဲ့"

"ဗျာ... စိုးရိမ်လို့၊ ဟုတ်လား"

"ဟုတ်တယ် သား...၊ သားကို ကောင်မလေးတစ်ယောက်နဲ့ တွေ့တယ်ဆိုတဲ့ သတင်း၊ ဖေဖေရော မေမေရော ကြားတယ်။

ကြားကြားချင်း မင်းမေမေ ငိုတယ်ကွာ။ သားက လုပ်ချင်ရာကို မလုပ်ရလို့ စိတ်တွေလေနေပြီထင်တယ်တဲ့။ ဖေဖေကလည်း ဟုတ်တယ်။ ဖြစ်နိုင်တယ်လို့ ပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘောလုံးကွင်းထဲမှာ ပြိုင်ရင်းဆိုင်ရင်းနဲ့ ထိခိုက်ဒဏ်ရာရတာ ဟာ၊ စိတ်လေပြီး ဘဝကို ထိခိုက်တာလောက် မဆိုးဘူးလို့ ဖေဖေ ပြောလိုက်တယ်"

"သား၊ သား စိတ်မလေပါဘူး ဖေဖေ"

"ဘာပဲဖြစ်ဖြစ်ပေါ့သားရယ်။ သားမေမေ ခွင့်ပြုလိုက်ပြီပဲ။ သားအတွက် ပိုကောင်းသွားတာပေါ့။ ဘောလုံးကွင်းထဲမှာ ထိမိခိုက်မိ မှာကို မင်းမေမေ စိုးရိမ်နေတုန်းပါပဲ။ ဒါပေမယ့် စိတ်လေလွင့်ပြီး ဘဝကို ထိခိုက်မှာကို ပိုပြီးစိုးရိမ်တယ်၊ ထင်ပါရဲ့ကွာ"

မမမျက်နှာကို ကျွန်တော် မြင်ယောင်သည်။ မြင်ယောင်သူ မျက်နှာထားနေရာတွင် မေမေ့မျက်နှာ ဝင်ရောက်လာ၏။

မေမေ့ကို ကျွန်တော် ပို၍ သနားသွားသည်။

●●●

၁၅။

ကျွန်တော်...

စိတ်တွေလေလွင့်နေခြင်းကြောင့်၊ မမကို နှစ်သက်ခဲ့ခြင်း မဟုတ်ပါ။ ဖေဖေနှင့်မေမေကတော့ ကျွန်တော် စိတ်လေခဲ့သည်ဟု ထင်နေခဲ့ကြပေလိမ့်မည်။ စိတ်လေလွင့်ကာ မမနှင့်တွေ့ဆုံခဲ့ရခြင်း မဟုတ်ကြောင်း မေမေ့ကိုလည်း ရှင်းမပြချင်။ ဖေဖေ့ကိုလည်း ပြောမပြ ဝံ့ချေ။

မည်သို့ပင်ဖြစ်စေ...

မမြမြနှင့်ကျွန်တော်၊ ပြန်လည်ဆက်နွယ်စရာ အကြောင်းမရှိ ချေ။ နဂိုကတည်းက မသိကျွမ်း မရင်းနှီးခဲ့သူနှစ်ယောက်၊ ယခုမှ

www.burmeseclassic.com



ပို၍ ဝေးသွားပြီဟု တွေးမိသေးသည်။ ဦးနှောက်ထဲ အသည်းနှလုံးထဲမှ မမကို ဖယ်ခွာပစ်ချင်သည်။ ထုတ်နုတ်မေ့ပျောက်နိုင်ချင်သည်။ ခက်ခဲလိမ့်မည်ဟုတော့ သိနေ၏။

●

မေမေက ကျွန်တော့်ကို...ဘောလုံးပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ပြုလိုက်ပြီဖြစ်ကြောင်း သန်းဦးနှင့် အခြားသော ကစားဖော်များကို ကျွန်တော် ပြောပြဖြစ်ခဲ့သည်။ အဘယ်ကြောင့် ကစားခွင့်ပြုခဲ့သည်ဆိုတာကိုတော့...၊ သန်းဦးတစ်ယောက်တည်းကိုသာ ပြောပြဖြစ်သည်။

"ဒီလိုဆိုတော့လည်း မင်း မေမေက၊ သိပ်သနားဖို့ကောင်းတာပဲနော်"ဟု သန်းဦးပြောစဉ်က၊ ကျွန်တော့်ရင်ထဲ ဝမ်းနည်းမိသေးသည်။

ခရိုင်အလိုက် ဘောလုံးပြိုင်ပွဲများတွင် သန်းဦး ပါဝင်ကစားခဲ့သောအသင်းသည်၊ ဗိုလ်လုပွဲသို့မရောက်ခဲ့ချေ။

ထို့နောက်တွင် ဒုတိယတန်းပွဲများမှာ ပါဝင်ယှဉ်ပြိုင်နေသော ဌာနတစ်ခု၏ ကိုယ်စားပြုအသင်း၌ ကျွန်တော်နှင့်သန်းဦး ဝင်ရောက်





အရွေးခံခဲ့ကြသည်။

ငင်းအသင်းတွင် သန်းဦးက ပါမစ်နစ်ဂိုးသမား၊ ကျွန်တော်က အရံဂိုးဖမ်းသမားအဖြစ် အရွေးခြယ်ခံခဲ့ကြရ၏။

ဘုရားရှိခိုးကျောင်းဝင်းအတွင်းရှိ ဘောလုံးကွင်းသို့ ကျွန်တော်ရော သန်းဦးပါ၊ နေ့စဉ်ရက်ဆက် မရောက်ရှိတော့ချေ။

ဌာန၏လေ့ကျင့်ခန်းသည် မနက်တိုင်းပြုလုပ်ရသောကြောင့် ကျွန်တော်တို့ကစားနေကျကွင်းသို့ ညနေစောင်းမှသာ နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါတော့ ရောက်ဖြစ်သည်။

မမကို သတိမရမိတော့ဘူးလို့ ထင်ပါသလား...။ မျက်စေ့တောင်းမှောက်၊ ရှေ့နောက်ဝဲယာ၊ ဝေ့ကြည့်ဝိုက်ကြည့် ငဲ့စောင်းရှာဖွေမိခြင်း မရှိခဲ့သည်မှအပ၊ သတိရမိသည်မှာ အခါခါဖြစ်သည်။

●

မေမေ့ကို ဆေးရုံတင်ထားရသည်။ မေမေက Training မပျက်စေနဲ့ဟု ပြောသော်လည်း မေမေ ဆေးရုံတင်ထားရသဖြင့် အသင်းအုပ်ချုပ်သူထံသို့ ကျွန်တော် ခွင့်စာတင်ခဲ့သည်။

မနက်မှ ညနေအထိ မေမေ့အနီးတွင် ကျွန်တော်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သန်းဦးက ညနေစောင်းမှ ရောက်လာသည်။ သန်းဦးကို လူနာဆောင်မှာထားခဲ့ပြီး၊ မေမေ့အတွက် လိုအပ်သည်များ ထွက်ဝယ်သည်။ ဖေဖေရုံးမှ ရောက်မလာသေး။

ဆေးရုံဝင်းအဝင်ဝတွင် သူနာပြုဆရာမတစ်ယောက်နှင့် ကျွန်တော် ဝင်တိုက်မိသည်။ ကျွန်တော့်လက်ထဲတွင် ခတ်ဗူးတစ်လုံး၊ ရေသန့်ဗူးနှစ်ဗူးနှင့် မနိုင်မနင်းဖြစ်နေသောကြောင့်၊ လွတ်ကျသွားသော သံပုရာသီးသုံးလုံးကို ကောက်ယူရခက်သွား၏။ ကျွန်တော်နှင့် ဝင်တိုက်မိသော သူနာပြုဆရာမလေးက သံပုရာသီးတွေကို ကောက်ယူပြီး ကျွန်တော့်လက်ထဲသို့ ထည့်ပေးသည်။

"မမ"

ထိုသူနာပြုဆရာမလေးသည် မမြမြနှင်းဟု ကျွန်တော်ကြိုတင်သိထားပါက "မမ"ဟု ခေါ်မိလိမ့်မည် မဟုတ်ချေ။ မျက်နှာချင်းဆိုင် နီးကပ်စွာ တွေ့လိုက်ရသောအခါကျမှ မမြမြနှင်းဟု သိလိုက်ရသဖြင့် အံ့ဩစွာ နှုတ်မှ ရေရွတ်လိုက်မိခြင်းဖြစ်သည်။

"ဘယ်သူ ဘာဖြစ်လို့လဲ"

"မေမေ ဆေးရုံတင်ထားလို့"

"ဟုတ်လား... ဘာရောဂါဖြစ်လို့လဲ"

"နှလုံးသွေးကြောကျဉ်းတာ၊ မောနေလို့...။ အခုတော့





သက်သာသွားပါပြီ"

အခန်းနံပါတ်ကို မမ မေးသည်။ ကျွန်တော် ပြောပြသည်။ ညဘက်သူနာပြု အဆင်ပြေ မပြေ မေးသည်။ အဆင်ပြေကြောင်း၊ ကျွန်တော်ပြောသည်။ ဘာပြဿနာမျှ မဖြစ်ခဲ့သော အသိမိတ်ဆွေနှစ်ယောက် စကားပြောဆိုနေကြသည်နှင့် တူလှ၏။ ရန်ဖြစ်ပြီး ပြန်ခေါ်ကြသော မောင်နှမနှစ်ယောက်နှင့်လည်း တူပါသည်။ သို့သော် နှစ်ဦးစလုံး၏ မျက်နှာထားများတွင် ရယ်ခြင်း၊ ပြုံးခြင်းမရှိကြ။

"မမ စာမေးပွဲ မဖြေရသေးဘူးလား"

"ဖြေနေတယ်၊ အခု ဒီမှာ ဘိုက်ဗာလာဖြေတာ"

"ဖြေနိုင်လား"

မမ ခေါင်းညိတ်သည်။ "သွားမယ်"ဟု မမပြောသည်။ ကျွန်တော် ခေါင်းညိတ်သည်။ လှည့်ကြည့်ချင်စိတ်ကို တမင်ထိန်းသိမ်း၏။

●

ဖေဖေ ဆေးရုံသို့ရောက်လာသောအခါကျမှ မေမေ့ကို နှုတ်ဆက်ပြီး သန်းဦးနှင့်အတူ အိမ်ပြန်ခဲ့သည်။ အိမ်အပြန်လမ်းတွင်



www.burmeseclassic.com

www.burmeseclassic.com



သန်းဦးက...

"ငါ့အထင်ပြောရမလား"

"ဘာကိုလဲ"

"မင်း မေမေ နေမကောင်းဖြစ်တာ၊ မင်းကြောင့်လို့ ငါထင်တယ်"

"ဘာကို ဆိုလိုတာလဲကွာ"

"ဘောလုံးကိုလည်း မကန်စေချင်ဘူး၊ စိတ်လေပြီး ရည်းစားတွေဘာတွေထားမှာလည်း စိုးရိမ်၊ အဲဒီလို မစိုးရိမ်ချင်လို့ မကန်စေချင်တဲ့ဘောလုံးကို ကန်ခွင့်ပြု၊ စိတ်ထဲမှာ ကြိတ်ခံစားပြီးတော့ ရောဂါဖြစ်တယ်လို့ ငါထင်တယ်"

ကျွန်တော် သက်ပြင်းချသည်။

"မင်းပြောတာ ဟုတ်နိုင်တယ်။ ငါ သားလိမ္မာပဲ ဖြစ်ချင်တယ် သန်းဦးရာ...။ ငါ့ကြောင့် မေမေ ဘာမှ မဖြစ်စေချင်ဘူး"

"အဲဒါဆိုရင် မင်း ဘောလုံးကစားရင် မထိမိမခိုက်မိအောင် အထူးဂရုစိုက်၊ ပြီးတော့ မမြမြနှင်းနဲ့ လုံးဝမပတ်သက်နဲ့၊ ဘယ်မိန်းကလေးနဲ့မှ မပတ်သက်နဲ့။ ဒါဆို မင်းအတွက် မင်း မေမေ ဘာကိုမှ စိုးရိမ်စရာမလိုတော့ဘူး"

"မင်းပြောတဲ့ နှစ်ခုစလုံးက တော်တော်ခက်ခဲမယ့် ကိစ္စတွေ





ခြည်းပဲ"

"ခက်ခဲတယ် ဟုတ်လား"

"ဟုတ်တယ်...၊ ငါက ဂိုးသမားလေ။ မထိခိုက်မိအောင် ကိုယ့်ကိုယ်ကို ညှာပြီးကစားရတာကို ငါ အားမရဘူး။ ကျိုးချင်ကျိုး ပွံ့ချင်ပွံ့၊ အသေအလဲပဲ ကစားချင်တယ်။

ဘယ်မိန်းကလေးနဲ့မှ မပတ်သက်ဖို့ ဆိုတာလည်း၊ တခြားသူတွေနဲ့ မပတ်သက်ဘဲ တစ်သက်လုံးနေနိုင်တယ်။ မမနဲ့လည်း မပတ်သက်ဘဲ နေနိုင်မှာပါ။ ဒါပေမယ့် ငါ...မေ့လို့ရမှာမဟုတ်ဘူး။ ခုနက စကားပြောခွင့်ရလိုက်တာလေးကိုတောင် ငါ့မှာ အရမ်းကြည်နူးသွားရတာကွ"

"ထားပါတော့လေ။ ဖြစ်သမျှအကြောင်း အကောင်းခြည်းပဲပေါ့။ နောက်တစ်ခု ငါစဉ်းစားမိသေးတယ်"

"ဘာလဲ"

"မမြမြနှင်းက မင်းအပေါ် သံယောဇဉ်စိတ် ရှိနေမယ် ထင်တယ်"

"မဖြစ်နိုင်ဘူး။ မမနဲ့ငါနဲ့က စကားတောင် များများစားစား ပြောဖူးခဲ့တာမှ မဟုတ်ဘူး"

"မှန်ပါတယ်။ ဒါပေမယ့် မင်းအပေါ် တူးတူးခါးခါး ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့သူဆိုရင် စောစောက မင်းလွတ်ကျသွားတဲ့ သံပုရာသီးတွေကို ကောက်ပေးစရာမလိုဘူး။ လူမှုရေးအရ ကောက်ပေးခဲ့ရရင်တောင် ဘာစကားမှမပြောဘဲ လှည့်ထွက်သွားရုံပဲလေ"

"သန်းဦး၊ မင်း ငါ့ကို စိတ်ချမ်းသာအောင် ပြောနေတာလား"

"မင်း စိတ်ချမ်းသာအောင်၊ ငါ ရွှေနားတော်သွင်းနေတာ မဟုတ်ဘူး။ ငါထင်တာ ငါပြောတာ။ ထင်တယ် တွေးတယ်၊ စဉ်းစားတယ်ဆိုတာ ပိုက်ဆံပေးရတာမှ မဟုတ်ဘဲ။ ကောင်းတာတွေပဲ တွေးကောင်းတာတွေပဲထင်၊ ကောင်းတာတွေပဲ စဉ်းစားတော့ ကျက်သရေရှိနေတာပေါ့ကွ။ မဟုတ်ဘူးလား"

"ဒါဆို မမ ငါ့ကို ချစ်လာလိမ့်မယ်လို့ တွေးလိုက်တော့မယ်"ဟု ကျွန်တော် ပြောသည်။ "မင်းက မြှောက်ပေးလို့မရဘူးနော်"ဟု သန်းဦးပြောသည်။ ပြိုင်တူရယ်ဖြစ်ကြ၏။

●●●



၁၆။

ကျွန်တော် အိပ်ရာထ နောက်ကျနေသဖြင့် ဆေးရုံသို့ ဖေဖေ အရင်သွားနှင့်သည်။ လူနာဆောင်အတွင်းသို့ ကျွန်တော်ရောက်သောအခါ မနက်ကိုးနာရီထိုးလုပြီ။

"တစ်ရက်နှစ်ရက်နေရင် ဆင်းရတော့မှာပါ"ဟု ဖေဖေ ပြောသည်။ မေမေ လန်းလန်းဆန်းဆန်းဖြစ်နေသလိုမြင်သည်။ "လှလှ၊ ကိုယ် ရုံးသွားလိုက်အုံးမယ်"ဟု မေမေ့ကို ဖေဖေနှုတ်ဆက်သည်။ ဖေဖေက ကျွန်တော့်ပခုံးပေါ်လက်တင်ပြီး၊ ပခုံးကို လက်ဖြင့်ကုတ်၏။ ဖေဖေ အခန်းပြင်သို့ထွက်သောအခါ ကျွန်တော်ပါ ဖေဖေနှင့် လိုက်ပါခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သားမရောက်ခင်က ကောင်မလေးနှစ်ယောက်လာတယ်။ တစ်ယောက်က မြမြနှင်းတဲ့...။ Sprite ဗူးနဲ့၊ မုန့်ဗူးလာပေးတာ။ ကျော်ခန့်ဇော်ရဲ့ မေမေလားလို့ မေးပြီး ပေးသွားတာ၊ သား သူငယ်ချင်းတွေလား"

"ဟုတ်ကဲ့"ဟု ကျွန်တော် ဖြေသည်။ မျက်လုံးတွေ ဆေးရုံ၏ နေရာအနှံ့သို့ ရောက်သွားသည်။

"ကလေးမလေးတွေ လာတုန်းက သားမေမေ အိပ်ပျော်နေတုန်းပဲ။ သူတို့လာသွားတာကို သားမေမေ မသိစေနဲ့နော်"

"ဘာဖြစ်လို့လဲ ဖေဖေ"

"သား မေမေက၊ သားကို စိုးရိမ်နေတာ။ ရည်းစားထားမှာ စိုးရိမ်နေတာ"

"မြမြနှင်းက သားရဲ့ရည်းစားမဟုတ်ဘူး ဖေဖေ"

"အေးပါ၊ မဟုတ်ပေမယ့် မင်းမှာ မိန်းကလေးအပေါင်းအသင်း သူငယ်ချင်းရှိနေတာကို မင်းမေမေ မသိစေချင်လို့ ဖေဖေ ပြောနေတာ။ ကလေးမလေးတွေကိုတွေ့ရင် ဖေဖေက ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်အုံး"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"ဟု ကျွန်တော် ပြောလိုက်သည်။

ဖေဖေ့ကို ဆေးရုံတံခါးဝသို့လိုက်ပို့ပြီးနောက်၊ မေမေ့ထံသို့





ပြန်ရောက်သောအခါ မမြမြနှင်း၏ပစ္စည်းတွေကို တွေ့ရသည်။ မေမေ ကျွန်တော့်ကို ကြည်လင်စွာ ကြည့်နေ၏။

●

အခြားသော သူနာပြုကျောင်းသူတွေကို မြင်တွေ့ရပြီးသည်အထိ မမ ထွက်မလာသေး။ စာမေးပွဲများ ပြီးသွားပြီလားဟု ကျွန်တော်တွေးသေးသည်။ တွေးမိနေစဉ် မမကို မြင်လိုက်ရသည်။

ရပ်စောင့်နေရာမှ မမလာနေရာသို့ တည့်တည့်သွား၏။

"မမကို ပြောစရာရှိလို့ လာစောင့်နေတာပါ"

"ပြော..."

မမ ခြေလှမ်းမရပ်၊ လမ်းဆက်လျှောက်သည်။

"မမ မနက်က လာသွားတယ်ဆို"

"ဟုတ်တယ်၊ လူနာအတွက် လိုအပ်မယ်ထင်တာလေးတွေ လာပေးတာ။ လူနာက နေကောင်းနေပြီပဲ၊ စိတ်ချမ်းသာအောင်ထားပေါ့"

ကျွန်တော် ခေါင်းညိတ်သည်။

"ကျွန်တော် မမကို ကျေးဇူးတင်ပါတယ်။ ဖေဖေကလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်တဲ့အကြောင်းကို ပြောနိုင်းလိုက်ပါတယ်"

"ရပါတယ်"

"မမ စာမေးပွဲပြီးသွားပြီလား"

"ဒီနေ့ပြီးတယ်၊ မနက်ဖြန် ကျောင်းပိတ်ပြီ"

"အောင်စာရင်းက ဘယ်တော့ထွက်တာလဲဟင်"

"ပေယ်လမှာထွက်တာ၊ မေ..မှာ ကျောင်းပြန်ဖွင့်တယ်"

"မမ အောင်မှာပါ၊ ဒီနှစ်အောင်ရင် မမက ဘယ်ရီးယား တက်ရမှာလဲ"

"သတ္တဗေဒ ရီးယား"

အထွက်တံခါးဝသို့ ရောက်လာသည်။

"ကျွန်တော် မမကို ပြောစရာကျန်သေးတယ်"

"ပြော"

မမ ခြေစုံရပ်သည်။

"မေမေက ကျွန်တော့်ကို ဘောလုံးကန်ခွင့်ပေးလိုက်ပြီ။ အခု ကျွန်တော် ......အသင်းမှာ အရံဂိုးသမား၊ ကျောင်းဖွင့်ရင် ကျောင်းပွဲတွေမှာလည်း ဝင်ကန်မယ်လို့ စိတ်ကူးထားတယ်။

ကျွန်တော် ဘောလုံးကန်ခွင့်ရပြီဆိုတာ၊ မမသိစေချင်လို့ ပြောပြတာပါ"





မမ၏ဝမ်းသာရိပ်တွေကို မျက်လုံးထဲမှာသာ တွေ့ရ၏။

"ကြားရတာ တို့ဝမ်းသာတယ်။ ကြိုးစားပေါ့။ သွားတော့ မယ်"

ကျွန်တော် ခေါင်းညိတ်မပြမိ။ လှည့်ကြည့်ချင်စိတ်ကို တားဆီး၍မမီလိုက်။ ငေးကြည့် ကျန်ရစ်ခဲ့ရသည်။ ဘယ်လောက်တောင် ဝေးသွားပြီလဲကွယ်။

●

ဆေးရုံပေါ်တွင် မေမေ ဆယ်ရက်ခန့်သာကြာခဲ့သည်။ ဆိုးဆိုးရွားရွား ဘာမှမဖြစ်ခဲ့။

ဆိုးရွားစွာခံစားရခြင်းကို တိတ်တဆိတ်မြိုသိပ်ထားရသူမှာ ကျွန်တော်သာဖြစ်သည်။ မမြမြနှင်း၏ ဒုတိယနှစ်စာမေးပွဲ ဖြေဆိုပြီးစီးသွားပြီ။ စာသင်နှစ်ကုန်ဆုံးသွားပြီဟု သိလိုက်ရပြီးသည့်နောက် မမကို နွေပေါင်းရက်ပေါင်းများစွာ တွေ့ရတော့မှာ မဟုတ်ပါလားဟု ခံစားလွမ်းမောနေမိသည်။

ဘောလုံးကွင်းအတွင်းသို့ မနက်စောစောရောက်ဖြစ်သော အခါ မြေနီလမ်းကလေးကိုကြည့်လျက် မမ၏ ကျောင်းသွားချိန်ပါလား



www.burmeseclassic.com

www.burmeseclassic.com



ဟု မလာနိုင်မှန်းသိလျက် လာလိမ့်နိုး တွေးတောမျှော်ကိုးဖြစ်သေးသည်။

ညနေပိုင်း တိမ်းစောင်းစ နေရောင်ခြည်တွင် ဖြာကျနေသည့် မြေနီလမ်းကလေးကို ငေးကြည့်မိပြန်လျှင်လည်း၊ ဒါ...မမ ကျောင်းပြန်ချိန်ပဲဟု မဆုံနိုင်မှန်းသိလျက် ဆုံတွေ့မြင်သာလိမ့်နိုး၊ ကံကိုကိုး၍ မျှော်ကိုးဖြစ်သေးသည်။

မနေသာသည့်အဆုံး...

တစ်ခုသောနေ့ရက်တစ်ရက်၏ ညနေပိုင်းတွင် မမ လာနေကျဖြစ်သော ရထားသံလမ်းများဘက်ရှိ ရပ်ကွက်အတွင်းသို့ သန်းဦးနှင့်အတူ ခြေစကြာ ဖြန့်ဖြစ်သည်။ မမြမြနှင်းနှင့်တော့မတွေ့။

ဖြူဖြူထွန်းဆိုတဲ့ ကောင်မလေးတစ်ယောက်နှင့်တွေ့သည်။ သူက ကျွန်တော်တို့အတန်းထဲက ကောင်မလေးလေ။

"နင်တို့နှစ်ယောက် ဘာလာလုပ်ကြတာလဲ"

"သူ့မမကိုလာရှာတာ"ဟု သန်းဦးက ကျွန်တော့်ကိုယ်စား ဝင်ဖြေသည်။ ကျွန်တော်က..

"ဖြူဖြူထွန်း၊ ဒီရပ်ကွက်ထဲမှာ သူနာပြုတက္ကသိုလ်တက်တဲ့ ကျောင်းသူ ဘယ်သူရှိသလဲဟင်"

"ဘာလုပ်မလို့လဲ"





"သိချင်လို့ပေါ့"

ဖြူဖြူထွန်းက ကျွန်တော်နှင့်သန်းဦးကို တစ်လှည့်စီကြည့်သည်။

"မြမြနှင်းဆိုတဲ့ တစ်ယောက်တော့ရှိတယ်"

"ဟာ...ဟုတ်တယ်။ မမနာမည် မြမြနှင်း။ ဟုတ်တယ်။ ဘယ်အိမ်လဲ၊ သူ့အိမ်ဘယ်အိမ်လဲ"

"ဒီအိမ်ပဲ"

"အာ...မနောက်ပါနဲ့ ဖြူဖြူထွန်းရာ"

ဖြူဖြူထွန်းက သူ့အိမ်ထဲသို့ လက်ညှိုးထိုးပြသဖြင့် ထိုအိမ်ထဲသို့ ကြည့်မင် မကြည့်ဖြစ်။

"ဒါ နင့်အိမ်ပဲဟာ"ဟု သန်းဦးပြောသည်။

"မမနှင်းက ငါတို့အိမ်မှာနေရင်း ကျောင်းတက်တာဟ၊ သူက ပုသိမ်မှာနေတာ။ အခု ကျောင်းပိတ်ရက် အိမ်ခဏပြန်သွားတယ်"

"နင်တကယ်ပြောနေတာလား"ဟု သန်းဦးမေးပေးသည်။

"အမယ်၊ ငါ့ကို အမှုစစ်နေတာ ကျနေတာပဲ။ သိစေချင်လို့လည်း ပြောပြရသေးတယ်၊ တကယ်မပြောဘဲ နင်တို့ကိုလိမ်တော့ ငါ ဘာရမှာမို့လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မမက၊ မမြမြနှင်းက နှင်နဲ့ဆွေမျိုးတော်လို့လား"

"အခုလောလောဆယ်တော့ မတော်သေးဘူး...။ သူ ကျောင်းပြီးရင်တော့ ဆွေမျိုးတော်လိမ့်မယ်"

"နှင်ပြောတာ ငါ နားမရှင်းဘူး"

"ကျော်ခန့်ဇော်ရယ်။ နှင်က သိပ်ဒုန်းဝေးတာပဲ။ မမြမြနှင်းက ငါ့ရဲ့ ယောင်းမလောင်း...၊ ကဲ သိပြီလား"

ကျွန်တော့်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ သန်းဦးက...

"ဩော်...၊ မမြမြနှင်းရဲ့မောင်နဲ့ နှင်နဲ့ ယူကြရမှာပေါ့။ ဟုတ်လား"

"သေနာ... မဟုတ်ဘူးဟဲ့၊ မမနှင်းက တစ်ဦးတည်းသော သမီး၊ သူမှာ မောင်လည်းမရှိဘူး၊ အစ်ကိုလည်း မရှိဘူး။

ငါ့အစ်ကိုနဲ့ သူနဲ့ယူမှာ။ လိုပါသေးကယ်။ သူ ကျောင်းပြီးမှ နဲ့တူတယ်၊ ငါ့အစ်ကိုက နိုင်ငံခြားမှာ တစ်ယောက်နဲ့တစ်ယောက် ခတ်ပုံပဲမြင်ဖူးကြသေးတာ"

"သူ ဘယ်တော့ ပြန်လာမှာလဲ"

"ငါ့အစ်ကိုလား"

"မဟုတ်ဘူး၊ မမြမြနှင်း"

"မေလလောက်ဆို ပြန်ရောက်မှာပေါ့။ အဲဒီအချိန် ကျောင်း





တက်ရပြီ။ နှင်က ဘာလုပ်မလို့လဲ"

"ဘာမှမလုပ်ပါဘူး။ မြင်ဖူးတွေ့ဖူးလို့ မေးကြည့်တာပါ"

"ကျော်ခန့်ဇော်နော်။ နှင့်ကို လူအေးလို့ထင်တာ။ နှင် သန်းဦးနဲ့ပေါင်းပြီး၊ တော်တော်လေး ပျက်စီးနေပြီထင်တယ်။ ဟုတ်လား"

"မဟုတ်ပါဘူး ဟာ"

ကြိုးစား၍ ရယ်မောနေရသည်။

"နှင့်ကိုကြည့်ရတာ၊ မမနှင်းကို ကြိုက်နေတဲ့ပုံပဲ။ မကြိုက်ပါနဲ့ဟာ။ သူမှာ နံပါတ်ရှိနေပြီးပြီပဲ။

ငါတို့အမေနဲ့ သူ့အမေက သူငယ်ချင်းတွေဟ။ ငယ်ငယ်က ကတိတွေ ပေးထားကြတယ် ထင်ပါတယ်။ တော်သေးတယ်။ မမနှင်း နေရာမှာ မိန်းကလေးမဟုတ်ဘဲ ယောကျာ်းလေးဆိုရင် ငါ ယူရမှာ ဟ"

ဖြူဖြူထွန်းက ရယ်ရယ်မောမောနှင့်ပြောသည်။ သန်းဦးပင် လျှင် ရယ်ဖို့ခက်နေပေလိမ့်မည်။

"နှင် ဘာမေးရှာရလဲ"

ကျွန်တော် စကားလမ်းကြောင်း လွှဲလိုက်သည်။

"မက်(စ)၊ နှင်ကော"

"နှင်နဲ့အတူတူပဲ၊ သန်းဦးကတော့ ဟစ်စရီပဲ ရတယ်"



www.burmeseclassic.com

"ကျောင်းမှာ နင် ဘောလုံးကန်မယ် မို့လား"ဟု၊ ဖြူဖြူထွန်း မေးသည်။ ကျွန်တော် ခေါင်းညိတ်သည်။ ဖြူဖြူထွန်း ပျော်သွားပုံရ၏။

အရှုံးပွဲကို အလီလီကြုံတွေ့ရပြီး ပြိုင်ပွဲ ပွဲစဉ်မှ စောစီးစွာ ထွက်လိုက်ရသော ဘောလုံးအသင်း၏ အသင်းသားတစ်ယောက်ကဲ့သို့ ကျွန်တော့်ရင်ထဲမှာ မျက်ရည်စတွေ ခဲနေ၏။

●●●



၁၇။

ဖြူဖြူထွန်းထံမှ ပြန်လာသောအခါမှာတော့ ရထားလမ်း တလျှောက် မှောင်မိုက်နေပေပြီ။ ကျွန်တော်နှင့်သန်းဦးတို့ နှစ်ယောက် စလုံး ရည်ရွယ်ချက်မဲ့စွာ ရထားလမ်းအတိုင်း လမ်းလျှောက်ခဲ့ကြ၏။ လရောင်ကင်းမဲ့နေလေသည်။

"ဖြူဖြူထွန်း နောက်တာ မဖြစ်နိုင်ဘူးနော်"

"ဟုတ်တယ်၊ သန်းဦး။ နောက်တာပြောင်တာ ဖြစ်ပါစေလို့ပဲ ငါဆုတောင်းနေတယ်"

"မင်း မမြမြနှင်းကို အရမ်းစွဲလန်းနေတာလား"

"ငါမသိဘူးလေ။ ဒါမျိုးကို တစ်ခါမှမျှ ငါ မခံစားဖူးတာ"

www.burmeseclassic.com

www.burmeseclassic.com



"ငါ့အမေပြောဖူးတယ်ကွ။ မမြင်ဖူးရင် မှုး..မြစ် ထင်တတ်တဲ့။ မချစ်ဖူးဘဲ ချစ်လိုက်တော့ မင်းက အချစ်ဦးလေးရဲ့ အချစ်ရူးလေး ဖြစ်သွားတာနေမှာပေါ့"

"ဟုတ်ရင်လည်း ဟုတ်မှာပေါ့။ ဒါပေမယ့် ငါ ခံစားရတယ်ဆိုတာပဲ သိတယ်။ ဘာကြောင့်ဆိုတာ ငါ မသိဘူး။

အခု နာရီပိုင်းအတွင်းမှာ ငါ့ရင်ထဲကို ငါသိလိုက်တာ တစ်ခု တော့ရှိတယ်။ အဲဒါ ဘာလဲဆိုတော့ မမကိုငါ...သိပ်ချစ်တယ်။ အရမ်းချစ်တယ်။ ဘယ်သူ့ကိုမှ မပေးချင်လောက်အောင် ချစ်မိပြီ ဆိုတာပဲ"

"ဟာ ကျော်ခန့်ဇော်၊ မပြောသင့်ဘူးလေကွာ။ မမြမြနှင်း အခြေအနေကို အခုတွင် မင်းကြားခဲ့ပြီးပြီပဲ"

"မမပြောတဲ့စကားကိုပဲ၊ ငါ အတည်ပြုချင်တယ်။ မမ မြန်မြန်လာရင် သိပ်ကောင်းမယ်ကွာ"

"မင်းမှာ မေးပိုင်ခွင့်မရှိဘူးလေ။ သူနဲ့မင်းနဲ့က တရင်းတနှီး ပတ်သက်ဖူးတာမျိုး ရှိမှမရှိဘဲ။ မေးထူးခေါ်ပြောအဆင့်လောက်သောင် ရှိလို့လား ကျော်ခန့်ဇော်"

ရထားသံလမ်းတစ်ဘက်တစ်ချက်ကို ကျောက်ခဲပေါင်းများ စွာအနက်၊ အကျစ်လျစ်ဆုံး ကျောက်ခဲတစ်တုံးကို ကောက်ယူပြီး၊





မြင်ကွင်းတလျှောက်ရှိ သံလမ်းရှိရာနေရာကို မှန်းဆ ပစ်ပေါက်လိုက်သည်။ ဒေါင်ခနဲ မြည်သံကြားရ၏။ အသည်းနှလုံး ကျကွဲသံဟု ထင်ချင်သည်။

"တစ်ဘက်သတ်ခံစားတာ မကောင်းဘူးကွ။ ရည်းစား မထားဘူးပေမယ့်၊ ငါ အဲဒါတော့ သိတယ်"

တစ်ဘက်သတ်အချစ်ဆိုတာ ကိုယ်ကတော့ ချစ်သူမျက်နှာကို ကဗျာဆန်ဆန် လွမ်းလွမ်းမောမောလေး ငေးကြည့်လို့။

ချစ်သူကောင်မလေးက အဲဒါကို မသိဘဲ၊ သန်းဥဆွဲနေသလိုမျိုးပေါ့။ နှာခေါင်းထဲ လက်နှိုက်ပြီး နပ်ချေးဘတ်ချာနေသလိုမျိုးပေါ့။ ဘယ်လိုမှ ကဗျာမဆန်ဘူး။ ဘယ်လိုမှ လွမ်းစရာမကောင်းဘူး"

"မင်း...ပြောတာနဲ့၊ ငါ့ အဖြစ်အပျက်နဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့။ မမြမြနှင်းအပေါ် မင်းထားတဲ့ မေတ္တာစိတ်က ဘယ်လောက်ပဲကြီးကြီး၊ ဘယ်လောက်ပဲ ခံစားရခံစားရ၊ မမြမြနှင်းက သူ့အလုပ်သူလုပ်နေတာပဲ မဟုတ်လား။

မင်း ခံစားနေရတာကို သူမှမသိဘဲ။ သိလည်း မင်းခံစားရသလောက်တော့ သူ ခံစားရမှာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူက မြမြနှင်း။ မင်းက ကျော်ခန့်ဇော်"

"မမကို တွေ့တဲ့အခါ ဖြူဖြူဖွေ့နွဲ့ပြောတာ ဟုတ်သလားလို့

www.burmeseclassic.com



မေးရင်ကောင်းမလား"

"မကောင်းဘူး၊ သူ့ကိုယ်ရေးကိုယ်တာကို မေးရလောက်တဲ့ အထိ၊ မင်းကို သူ ဘာအခွင့်အရေးမှ ပေးမထားဘူးသေးဘူးလေ"

သက်ပြင်းချလိုက်မိသည်။ ရထားဥသြသံကြားရ၏။ ရှည်လျားလွန်းသည့် လွမ်းမောဖွယ် မြည်သံ…ဝေး။

●

ကျွန်တော်နှင့်သန်းဦး ပါဝင်သော ဘောလုံးအသင်း ပြိုင်ပွဲဝင်ရသည်။ ကျွန်တော်တို့အသင်း တတိယနေရာသာ ရရှိသည် ကျွန်တော်က ပွဲစဉ်တလျှောက်လုံးတွင် နှစ်ပွဲသာ ပါဝင်ကစားခွင့်ရသည်။ တတိယနေရာလုသည့် ပွဲတစ်ပွဲတည်းကိုသာ ကျွန်တော် အနိုင်ကစားနိုင်ခဲ့၏။

မမ၏ ကျောင်းပိတ်ရက်တစ်နွေလုံး ကျွန်တော် တစ်ယောက်တည်း လွမ်းခဲ့ရ၏။ မမ သတိရစေချင်သည်။

●●●



၁၈။

တစ်ချိန်က ဖေဖေရရှိခဲ့သောဆုတံဆိပ်များ နံဘေးတွင် ကျွန်တော်ရရှိခဲ့သည့် တတိယဆုဟူသော ဆွဲပြားလေးက မျက်နှာငယ်နေရှာသေးသည်။

"သားကစားတာကို ဖေဖေ သုံးသပ်ရမယ်ဆိုရင်၊ သားက ဒေါသကြီးတယ်။ သတိလက်လွတ်ဖြစ်တယ်။

ဟိုတလောက ပွဲမှာဆိုင်ရင် ကိုယ့်နောက်တန်းလူ လဲကျသွားပြီဆိုပြီး သား ဒေါသတကြီးနဲ့ ပြေးထွက်တယ်။ တစ်ဘက်အသင်းရဲ့ တိုက်စစ်မှူး… သား ရှူးရှူးရှဲရှဲဖြစ်တာကို သိလိုက်တာနဲ့၊ ထောင့်ထဲကို လိမ့်ဘောလေးပဲ ကန်သွင်းလိုက်တော့၊ သား ဘာမှမတတ်နိုင်တော့

www.burmeseclassic.com



ဘူးမို့လား၊ ဒေါသဖြစ်တာပဲ အဖတ်တင်တယ်"

ကျွန်တော် ဖေဖေ့စကားကို ခေါင်းညိတ်နားထောင်သည်။ သန်းဦးလည်း နားထောင်မှတ်သားနေမည်ထင်၏။

"ဘောလုံးပဲကန်ကန်၊ တခြားဘယ်ကိစ္စမှပဲဖြစ်ဖြစ်၊ ဒေါသ မကြီးရဘူး။ ခေါင်းအေးအေးထားရတယ်။ တစ်ဘက်အသင်းက လိုတာထက်ပိုပြီး ကြမ်းကြမ်း မကြမ်းကြမ်း၊ ဒိုင်က ဘက်လိုက်လိုက် မလိုက်လိုက်၊ အဲဒါ ကိုယ်နဲ့မဆိုင်ဘူး။

မခံချင်စိတ်၊ မကျေနပ်စိတ်က သတ်သတ်။ ကိုယ့်အသင်း နိုင်ရမယ်၊ ကိုယ့်တာဝန် ကိုယ်ကျေရမယ်ဆိုတဲ့ စိတ်ကသတ်သတ်။ အဲဒီလို သတိနဲ့ခွဲခြားထားရတယ်။ ဒီနေ့ခေတ်ကာလက ဘယ်နေရာမှာ ပဲ ဖြစ်ဖြစ်၊ ဒေါသမထိန်းနိုင်တဲ့လူ ကျဆုံးမှာပဲ။

စစ်တိုက်သလိုပေါ့ သားရယ်။ တစ်ဘက်ရန်သူက ဒရဲဆတ် ပစ်ခတ်နေမှန်းသိရက်နဲ့ ကတုတ်ကျင်းထဲမှာ သည်းခံပြီးမနေဘဲ မခံ ချင်စိတ်၊ ဒေါသစိတ်နဲ့ ကတုတ်ကျင်းထဲက ထပစ်တော့ မြန်မြန် သေရတာပေါ့။ ရန်သူက ကြမ်းတမ်းနေရင် ကိုယ်က သူ့ရဲ့ဟာကွက် ပျော့ကွက်ကို သည်းခံပြီး စောင့်ရတယ်။ အားကစားသမားဆိုတာ ဒေါသမကြီးရဘူး သားရဲ့"

"ဟုတ်ကဲ့ ဖေဖေ"





"မောင်သန်းဦးက အရပ်ရှည်တယ်။ ခါးဖြတ်ဘောတွေ သတိထား၊ အရပ်ရှည်တဲ့ဂိုးသမားကို တော်ရုံတန်ရုံလူက ဘားရှော့ ကန်မှာမဟုတ်ဘူး။ အတက်အဆင်း သိပ်မရဲနဲ့။ ကိုယ်က အရပ်မြင့် တော့ တော်ရုံဘောလုံးကို စောင့်ဖမ်းရုံပဲ၊ သဘောပေါက်လား"

မေမေက ကော်ဖီပန်းကန်တွေ လာချပေးပြီး...

"ကဲ...သောက်၊ ကွင်းထဲသွားကြမှာ မဟုတ်လား"

နှစ်ယောက်စလုံး ခေါင်းညိတ်ကြသည်။ အိမ်အပြင်တွင် မိုးဖွဲဖွဲကျနေ၏။

●

"ကျော်ခန့်ဇော်... ညွှဲသည်"

ဘောလုံးကွင်းအလယ်လောက်မှ ဒိုင်လူကြီးလုပ်ပေးသူ ဦးငွေ၏ အော်ပြောသံကို ကြားရသည်။ ဦးငွေညွှန်ပြရာသို့ ကျွန်တော် လှမ်းကြည့်လိုက်သည်။ ယခင်အခါကာလများက ကျွန်တော်နေရာယူ ထားလေ့ရှိခဲ့သော ဂိုးတိုင်အောက်တွင် သန်းဦးကို တွေ့သည်။

ဂိုးတိုင်၏အနီး မိုးဖွဲဖွဲလေးအောက်ရှိ လူသွားလမ်းလေးပေါ် တွင် ထီးဆောင်းထားသော အမျိုးသမီးတစ်ယောက်ကို လှမ်းမြင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရ၏။

ရက်ပေါင်းများစွာ လပေါင်းအနည်းငယ်အတွင်း သတိမရမိအောင် အကြိမ်ကြိမ်ကြိုးစားပါလျက် လွမ်းဆွတ်နေမိသော အာရုံထင် အကြင်နာမျက်နှာတစ်ခုကို ဝေးကွာစွာမြင်တွေ့လိုက်ရခြင်းဖြစ်ပါလျက် ထိုအမျိုးသမီးမှာ မမြမြနှင်းဖြစ်ကြောင်း၊ အလွမ်းအာရုံကြောင့် ကျွန်တော် သိလိုက်ရသည်။ မိုးစက်ပွင့်တို့၏ ဂီတပန်းချီကားချပ်အတွင်း မိုးမင်းသမီးလေးတစ်ပါး ချင်းနှင်းဝင်ရောက် ဆင်းသက်ခိုနားလာသည်နှင့် တူလှန်းလှပေသည်။

နောက်တန်းကစားသူတစ်ဦးက ကျွန်တော့်နေရာတွင် ဝင်ရောက် နေရာယူပြီးကာမှ ကစားကွင်း၏ စည်းအပြင်သို့ ကျွန်တော် ထွက်လိုက်သည်။ ထရစ်စုအင်္ကျီကို ခြေလှမ်းရင်း ကျွန်တော်ဝတ်သည်။

●

မိုးဖွဲဖွဲများအကြားမှ မမရှိရာသို့ ကျွန်တော် အပြေးသွားသည်။ ဤနေရာ၊ ဤအရပ်၊ သည်ကာလ၊ သည်အချိန်မှာ၊ ကျွန်တော့် ညှို့သည်အဖြစ် ဘာအကြောင်းကြောင့်များ မမ ရောက်လာပါသလဲ။

မမ ရှေ့တည့်တည့်သို့ ကျွန်တော်ရောက်သောအခါ မျက်လုံး





များဖြင့်သာ မမ ပြုံးပြပါသည်။ မမ၏အနောက်ဘက်တွင် မိုးဖွဲဖွဲလေးများ ခစားနေကြဟန်ရှိ၏။ မိုးဖွဲဖွဲလေးများ၏ ရွှေတာစောင်း မျှင်းဖျောင့်ကောက်ကြောင်းတို့ နောက်ခံထားမှုကြောင့် မမ၏မျက်နှာ ပို၍ဝင်းပနေလေသည်။ မြင်သူ၏ရင်ကို ပို၍အေးမြစေလေ၏။

"မမ"

စက္ကန့်ဝက်မျှ နီးကပ်စွာကြည့်မိသည်။ အမွေးပွပွ၊ အနွေးအင်္ကျီလေးကို မြတ်နိုးစဖွယ် ဝတ်ဆင်ထားသည်။

"မမ၊ နေကောင်းလား"

မမ ခေါင်းညိတ်၏။ အလွမ်းရက်ရှည်များ၏ကိုယ်စား တဒင်္ဂသာ ကြည့်မြင်လိုက်ရသော အကြင်နာမျက်နှာကြောင့် အလွမ်းများ ပြေးသွားစေသည်။

"မင်းကို လာရှာတာ သုံးလေးရက်ရှိပြီ"

"ဖြိုင်ပွဲကန်နေလို့၊ ကွင်းထဲကို ဒီနေ့မှရောက်တာ၊ ကိစ္စရှိလို့လား မမ"

"စကားနည်းနည်း ပြောချင်တယ်"

"မမ ကျောင်းမတက်ဘူးလား"

"တက်မယ်"

"ကျွန်တော် အခု လိုက်ခဲ့ရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



မမ ခေါင်းညိတ်သည်။

ကျွန်တော် ဘောကန်ဖိနပ်ကို ချွတ်သည်။ ကင်းဘတ်ဖိနပ် ပြောင်းစီးသည်။ မမ ထီးမိုးပေးထား၏။

"သန်းဦး၊ အပြန်ကျရင် မင်းအိမ်ကို ဝါဝင်ခဲ့မယ်" ဟု သန်းဦးကို ကျွန်တော်မှာသည်။ ကွင်းလယ်သို့ တစ်ချက်ကြည့်ပြီး သန်းဦးက

"ကျော်ခန့်ဇော်" ဟု တီးတိုးခေါ်သည်။

"ဘာလဲ"

"ပုပ္ဗနိမိတ်အရ ပြောရမယ်ဆိုရင်၊ ဒီနေ့ မင်းတို့နှစ်ယောက် အေးချမ်းစွာ ငိုကြွေးကြရလိမ့်မယ်။ မိုးတွေရွာနေတယ်လေ ဟဲဟဲ"

"အရေးထဲ ပုဏ္ဏားစုတ်နဲ့ လာတွေ့နေပြန်ပြီ" ဟု ကျွန်တော် ပြောခဲ့၏။ ကျွန်တော် ရင်တွေခုန်နေသည်။

●●●



၁၉။

"ရတယ်မမ၊ ကျွန်တော်က စိုရွဲပြီးသား၊ မမပဲ ဆောင်း"

မမ၏ ထမင်းဗူးလေးကို ကျွန်တော် ကိုင်ပေးထားချင်သည်။ မမ၏လွယ်အိတ်လေးကို ကျွန်တော် လွယ်ပေးထားချင်သည်။ ဒါမှ မဟုတ် မမကို ကျွန်တော် ထီးမိုးပေးချင်သည်။

"ဒီဘက်က သွားမယ်" ဟု မမပြောသည်။ ယခင်နေ့များက ကဲ့သို့ မြေနီလမ်းအတိုင်းမဆင်းဘဲ ဘုရားရှိခိုးကျောင်းရှိရာ ညာဘက် သဲလမ်းလေးပေါ်သို့ မမ ခြေဦးကွေ့သည်။ စိမ်းလန်းစွတ်စိုသော သစ်ရိပ်ဝါးရိပ်သို့ ခိုဝင်လျှောက်ခဲ့ကြသည်။ မမ၏ခြေနှံလှလှလေး ခထက်မှာ မိုးရေစက်များ ခိုကပ်နေခြင်းသည် လှလွန်းသောပန်းပွင့်

www.burmeseclassic.com

www.burmeseclassic.com



ဖတ်ပေါ်၌ ပုလဲပွင့်တွေ ရွှဲရွှဲစိုနေကြသည်နှင့် တူလှန်းလှ၏။

"မင်း မမကို တစ်ခုကူညီပါ"

ခြေခုံအထက်သို့ ပြုတ်ကျနေသော ကျွန်တော့်မျက်လုံးတွေကို မမ၏မျက်နှာအနီးသို့ ကောက်တင်လိုက်သည်။

"ပြောပါ မမ၊ ကျွန်တော် အစွမ်းကုန် ကူညီပါ့မယ်"

"မင်းနဲ့ ဖြူဖြူထွန်းနဲ့ အတန်းဖော်တွေဆို"

"ဟုတ်ကဲ့"

ခေါင်းတစ်ချက်အညိတ်တွင် ဖြူဖြူထွန်း၏ စကားလုံးများကို ပြန်လည်သတိရဖြစ်သည်။

"မင်းနဲ့မမနဲ့ ဘယ်လိုမှ မပတ်သက်ခဲ့ဖူးဘူးဆိုတဲ့အကြောင်းကို မင်းကိုယ်တိုင် ဖြူဖြူထွန်းသိအောင်၊ လက်ခံအောင် ပြောပြပေးပါ။ အဲဒါ မမ တောင်းတဲ့ အကူအညီပါပဲ"

ခြေလက်ခန္ဓာ အရာအားလုံး လေးလံထိုင်းမှိုင်းသွားသည်ဟု ခံစားရ၏။ ရင်ထဲမှာ ပါးလုပ်စွာ နာကျင်သည်။

ဘုရားရှိခိုးကျောင်း၏ မျက်စောင်းထိုးရှိ အဆောက်အဦပျက်ကြီး၏ အုတ်တိုင်တွေအောက်တွင် မမနှင့်အတူ ကျွန်တော်ပါ ရပ်သည်။ ဦးခေါင်းကို မိုးလုံသော်လည်း လေအဝေ့ကြောင့် မျက်နှာပြင်နှင့် ခန္ဓာအနှံ့သို့ မိုးစက်ပေါက်တွေ ဖျန်းရှသည်။ မမ ထီးမပိတ်သေး။





"ဘာကြောင့်လဲဆိုတာကို ကျွန်တော် သိခွင့်မရှိဘူးလား မမ"

"မသိစေချင်လို့၊ အသိမပေးရက်လို့ မပတ်သက်အောင် မင်းကို မမ တားမြစ်ခဲ့ပြီးပြီပဲ။ လုံးဝ မတွေ့ချင်ဘူးလို့ ပြောခဲ့ပြီးပြီပဲ"

"အဲဒါဆို ကျွန်တော်က အရင်ကတည်းက နောက်ကျပြီး သွားပေါ့နော်"

ဝမ်းနည်းလှုပ်ခပ်စွာ ကျွန်တော် မေးသည်။

"နောက်ကျတယ်၊ စောတယ်ဆိုတဲ့ စကားလုံးကို မမ မသုံးချင်ဘူး။ ပျိုးကျဲပြီးသား၊ အကွက်အကန့်ပြုပြီးသား စိုက်ခင်းထဲကို နောက်ထပ် ဘာသစ်ပင်မှ ထပ်မစိုက်သင့်တော့ဘူး မောင်လေး"

"ဖြူဖြူထွန်းက မမကို ဘယ်လိုစွက်ဖွဲ့လို့လဲ"

"သူ မစွတ်စွဲပါဘူး။ သူ့အစ်ကိုနဲ့လက်ထပ်ရမယ့် မိန်းမတစ်ယောက်ကို တခြားဘယ်သူနဲ့မှ မရင်းနှီးစေချင်ဘူးနဲ့ တူပါတယ်။

သူ့မေးခွန်းက တစ်ခွန်းတည်းပါ။ ကျော်ခန့်ဇော်နဲ့ ဘယ်လိုပတ်သက်သလဲတဲ့။ ကျော်ခန့်ဇော်ကိုပဲ မေးကြည့်ပါလို့ မမ ပြောလိုက်တယ်။ မင်း ဘယ်လိုဖြေမလဲ မောင်လေး"

ဟိုး အဝေးကြီးမှာ မိုးတွေရွာနေသည်ကို ကျွန်တော်မြင်၏။ ကျွန်တော့်မျက်လုံးထဲမှာ အုံ့မှိုင်းလာသော မိုးရိပ်မိုးငွေ့တွေကို မမ



www.burmeseclassic.com

www.burmeseclassic.com



မြင်ပေလိမ့်မည်။

"ကျော်ခန့်ဇော်ဆိုတဲ့ ကောင်လေးက မမကို ဣန္ဒြေပျက်အောင်၊ လိုက်နှောင့်ယှက်နေတာပါလို့ မမ ဖြေလိုက်ပေါ့"

ကိုယ့်ဂုဏ်သိက္ခာကို ကာကွယ်ဖို့ သူတစ်ပါးကို မှိုချိုးမှုစ်ချိုးပြောရမှာ မမ မလိုလားဘူး။ မင်းဟာ ဟော့ဟော့ရမ်းရမ်း မဟုတ်ဘူးဆိုတာ မမ သိနေတဲ့အတွက် အဲဒီလိုပြောရမှာ မမအားနာတယ်"

"ဖြူဖြူထွန်းကို မမက ဘာကြောင့် ဖြေရှင်းစေချင်တာလဲ။ မမက သူ့အပေါ်ကို ငဲ့ကွက်စရာ အလျှော့ပေးစရာရှိနေလို့လား"

မမခေါင်းခါသည်။

"မေမေ ကြားသွားမှာစိုးလို့ပါ။ မမ တစ်သက်လုံးမှာ အမေ့စကားကို မြေဝယ်မကျ နားထောင်လိုက်နာတဲ့ သမီးကောင်းတစ်ယောက် ဖြစ်ချင်တယ်။ မေမေ့ကို စိတ်အနှောင့်အယှက် မဖြစ်စေချင်ဘူးလေ။ သံသယဖြစ်စရာ ဘာမှမရှိချင်ဘူး။ အဲဒါကြောင့် မင်းကို မမ အတန်တန်တားခဲ့တာပါ"

ရင်မောစွာဖြင့် မမပြောသည်။

"ကျွန်တော် ဖြူဖြူထွန်းကို ပြောပေးပါ့မယ်။ ဘယ်လိုပြောစေချင်တယ်ဆိုတာသာ မမ သင်ပေးပါ"

အကြည့်ဆုံသော မျက်ဝန်းများအနက် မမမျက်လုံးထဲမှာ





မျက်ရည်တွေ ဝိုင်းနေသည်။

"မမ မသင်ပေးဘူး။ မင်း အဆင်ပြေသလိုသာ ပြောလိုက်ပါ။ မမနဲ့ ဘာမှ မပတ်သက်ဘူးလို့ အစ်မှာယ်သက်ရောက်ရင် မမ ကျေးဇူးတင်ပါပြီ"

"စိတ်ချပါ မမ၊ ကျွန်တော် ပြောပေးပါ့မယ်။ ကျွန်တော် သိချင်တာတွေတော့ မေးပါရစေ၊ မမဖြေနော်"

မမ ခေါင်းညိတ်သည်။ ကျွန်တော်မျက်နှာပေါ်သို့ လွင့်စင်လာသော မိုးစက်တွေကို မမက ထီးဖြင့်ကာပေးသည်။ အုတ်တိုင်ကြီးကို ကျွန်တော်မှီလိုက်၏။

"ဖြူဖြူထွန်းက မမနဲ့ သူ့အစ်ကိုနဲ့ လက်ထပ်ရမှာလို့ ပြောပြ ...းတယ်"

"သူလည်း မင်းတို့လာမေးတယ်ဆိုတာ မမကို ပြန်ပြောပြ တယ်" ဟု မမ စကားဖြတ်ပြော၏။

"ဖြူဖြူထွန်းပြောတာ တကယ်လားမမ"

"တကယ်"

လျှာဖျား၊ နှုတ်ခမ်းဖျားမှ တိမ်ဝင်စွာ ထွက်ပေါ်လာသည့် ...ကယ်။

"ဘယ်တော့ လက်ထပ်မှာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အခု မမက သာဒ်ီရီးယား၊ ဖိုင်နယ်ဖြေပြီးရင် စီစဉ်ကြ
လိမ့်မယ် ထင်တယ်"

"အဲဒီလူနာမည် ဘယ်သူလဲဟင်"

"နေထွန်းအောင်"

"သူ့ကို မမ ချစ်သလား"

တစ်ဦးနှင့်တစ်ဦး လူချင်းပင် မမြင်ဖူးသေးကြသေးဟု
ကျွန်တော် သိကြားထားသည်လေ။

"သူက မမချစ်သူလားဟင်"

ကျွန်တော့်ကိုယ်စား မိုးတွေ ပို၍ငိုလာသည်။

"မမေးနဲ့လေ..."

"မမေးတော့ပါဘူး၊ ဒါပေမယ့် မမ ဖြေလိုက်သလိုပါပဲ။
မမရင်ထဲကို ကျွန်တော် ကြားပါတယ်၊ မြင်ပါတယ်"

ထိုးကိုင်သောလက်ကို မမ ပြောင်းသည်။ မမ ထမင်းဗူးကို
ကျွန်တော်ကိုင်ပေးလိုက်၏။ မိုးဖွဲများက လေပြင်းပြင်းကြောင့် မိုးသည်း
သကဲ့သို့ ဖြစ်လာ၏။ အုတ်တိုင်ဖြင့် မမ အကွယ်ပြုသည်။ ကျွန်တော်
နှင့် ပို၍နီးသွား၏။ သင်းရနံ့တစ်ခု ရင်ထဲသို့ စိမ့်ဝင်လာသည်။

"ကျွန်တော်လေ... မမကို ချစ်တယ်လို့ မပြောခဲ့ဘူးသေး
ဘူးနော်"





"မပြောနဲ့"

တိုးလျပြတ်တောက်စွာ တားမြစ်သော စကားသံနှ။

"ဖြစ်နိုင်မယ်ဆိုရင် အဲဒီစကားကို သိမ်းထားချင်ပါတယ်
မမ။ ဒါပေမယ့် ထွက်ခွာပြီးစ ရထားပေါ်ကို အမှာချင်ဆုံး စကား
တစ်ခွန်းလောက် အော်ဟစ်လိုက်တယ်လို့ပဲ၊ မမ သဘောထားပါ။
ကျွန်တော် မမကို..."

"မပြောနဲ့၊ မပြောနဲ့"

မမငိုသည်။

"မမကို ကျွန်တော်ချစ်တယ်"

မမ၏လက်တစ်ဖက် မြောက်တက်သွားသည်။

သူ ဘယ်လောက်အထိ ရက်စက်မှာမို့လို့လဲ။
လောက်အထိ ရက်စက်နိုင်စွမ်းကြီးမလဲ။ ချစ်ခြင်း၏ စကားတင
အတွက် ကျွန်တော် ရဲဝံ့စွာ ပါးတစ်ဖက် ထိုးပေးလိုက်သည်။

ထီးကိုင်လက်ဖြင့် မျက်နှာကိုကွယ်လျက် မမငိုသည်။
မြောက်တက်သွားသော လက်ျာလက်က ပြန်လည်ပြုတ်ကျသွားပြီး
ငှ်ဖတ်များကို သိမ်းဆည်းလိုက်သည့် ပန်းဖူးလေးတစ်ဖူးဖြစ်သွား
သည်။ လက်သီးဆုတ်လေး ဖွဖွဆုတ်လျက် သူငို၏။

"ရိုက်လိုက်ပါ မမ။ မမရဲ့ တုန့်ပြန်မှုတိုင်းကို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်နိုင်တယ်။ ဒေါသစိတ်ကို ထိန်းမပစ်လိုက်ပါနဲ့ မမ။ ဖောက်ခွဲလိုက်ပါ။ ကျွန်တော့်ပါးကို ရိုက်လိုက်ပါ"

ရှိုက်သံများက ရင်ကို နင့်လွန်းစေသည်။

မမ၏မျက်ရည်စက်များ ခိုနားစရာ ကျွန်တော့်ရင်ခွင်တစ်ခုလုံး ရှိပါသည်။ ပခုံးအထက် လက်ဝဲဘက် ရင်ခွင်ဦး၌ မမ၏မျက်ရည်စက်တွေ ပေကျံပြီ။ ကျွန်တော့်ဘယ်ဘက် လက်ချောင်းတွေကြားမှာ ရှည်လျားသော မမ၏ဆံနွယ်စတွေ တစ်ပွေ့တစ်ပိုက်၊ ကင်ဆုကတစ်ခဲ။

မမ၏မျက်နှာကိုလည်းကောင်း၊ ကျွန်တော့်၏မျက်နှာကိုလည်းကောင်း၊ မည်သည့်မိုးရေစက်မျှ မထိမှန်ကြတော့။ ထီးတစ်လက်ဖြင့် မျက်နှာနှစ်ခုကို အကာပြုနိုင်စွမ်းသည်။ လေပြင်းသံကိုမေ့သွားသည်။ မိုးစက်ကြွေသံ ဘိသံတွေကို ကျွန်တော်မမှားသည်။ မိုးရင်ပြင်ကျယ်တစ်ခုလုံး ဟိုး···အဝေးကြီးသို့ ရောက်သွား၏။

သတိပြုမိသည့်အချိန်မှာတော့ မမ၏မျက်ဝန်းထဲမှာ မျက်ရည်တွေ ကျန်နေသေးသည်။ မမ၏ပါးပြင်မှာ မျက်ရည်စက်တွေ ကျွန်တော့်ပါးပြင်တွင် ကူးစက်ကုန်သည်။ ပခုံးစွန်းမှ မျက်နှာခွာလျက် မမ ကျွန်တော့်ကို မော့ကြည့်သည်။

"မိဘစကားကို တစ်သွေမတိမ်းလိုက်နာကဲ့ သမီးလိမ္မာ





တစ်ယောက် ဖြစ်ချင်တယ်။ မမကို မောင်လေးကူညီနော်"

"အဲဒါ မမရဲ့အဖြေလား"

"ဟုတ်တယ်"

"ကျွန်တော် သိမ်းထားပါ့မယ် မမ"

မိုးကောင်းကင်ကို ကျွန်တော် မော့ကြည့်လိုက်သည်။ အရှေ့ဘက်မှာ တိမ်စိုင်တိမ်တိတ်တွေ ရှိနေသေး၏။ မိုးတိမ်ထု၏ မည်းနက်မှုကြောင့် ရင်ထဲမှာ ပို၍ အုံ့မှိုင်းနေချေသည်။

●

*စကားရှိရှိ*
*ဘားမြမြသွေး*
*အမှန်းပေးလည်း*
*ဆေးတစ်ခွက်လို သောက်ပါ့မယ်။*

●



www.burmeseclassic.com

www.burmeseclassic.com



မမ၏ဆန္ဒတိုင်း ကျွန်တော့်ဘဝ ဖြစ်ချင်၏။ မမနှင့် မည်သည့်မျှ ပတ်သက်ခြင်းမရှိကြောင်း ဖြူဖြူထွန်းကို ကျွန်တော်ပြောပြပါမည်။ ကျွန်တော်နှင့်မမ မည်သို့ပတ်သက်သွားကြသည်ကို ကျွန်တော့်ကိုယ် ကျွန်တော် မည်သို့ပြောရမည် မသိ။

ဝေါဟာရကင်းမဲ့သော အရုပ်တစ်ခု၌ ချစ်ခြင်းသည် ရုံဖန်ရုံခါ ထုထည်တစ်ခုအဖြစ် ဝေဝါးစွာ တည်ဖွဲ့နေတတ်သည်။ အမည်မဲ့စွာ တည်ဖွဲ့နေတတ်သော နှစ်ကိုယ်အကြား ကိန်းအောင်းနေတတ်သည့် တစ်စုံတစ်ခုသောအရာကို အချစ်ဟုခေါ်သော် ရနိုင်လိမ့်မည်ထင်ပါသည်။

●●●



၂၀။

ကျောင်းဖွင့်လျှင်ဖွင့်ချင်း သန်းဦးနှင့်ကျွန်တော် နားစွန့်နေသောကိစ္စမှာ ကျောင်းတွင် ဘောလုံးပွဲရှိမရှိဟူသော ကိစ္စပဲဖြစ်သည်။

"မေဂျာပွဲတွေရှိတယ်"ဟု သန်းဦး သတင်းပေးသည်။

"ဒါဆို မင်းနဲ့ ငါနဲ့ အသင်းကွဲပြီ။ တွေ့ကြပြီပေါ့ သန်းဦးရာ"ဟု ကျွန်တော်ပြောသည်။

"စိမ်လိုက်လေ၊ တစ်ဂိုးလွှတ်ပေးရင် ဘယ်လောက်ပေးရမလဲ၊ အခုကတည်းက ပြောထား"ဟု သန်းဦး နောက်သည်။

"ဟေ့ကောင်၊ ငါ့မျက်နှာကို သေသေချာချာကြည့်ထား။ ဘယ်တော့မှ ခေါက်ဆွဲမစားဘူး။ ဟဲဟဲ ကြေးအိုးပဲသောက်မယ်"ဟု

www.burmeseclassic.com



ကျွန်တော် ပြန်ပြောလိုက်၏။

ဖြူဖြူထွန်းနှင့် အဖော်နှစ်ယောက် ကျွန်တော်နှင့်သန်းဦး ထိုင်နေရာ ခုံတန်းအနီးသို့ ရောက်လာသည်။

"ကျော်ခန့်ဇော်၊ နင်နဲ့ငါ စကားပြောစရာရှိတယ်"

သူ ဘာပြောမည်ကို ကျွန်တော်သိ၏။ သန်းဦးက..

"ငါ ရှောင်ပေးရမှာပေါ့နော်"

'အင်း၊ ပိုကောင်းတာပေါ့'ဟု ဖြူဖြူထွန်း ပြော၏။ ဖြူဖြူထွန်းနှင့်ပါလာသော အဖော်နှစ်ယောက်ကိုကြည့်ကာ သန်းဦးက...

"လာ တို့တွေ ရှောင်ပေးလိုက်ကြရအောင်"

'ရတယ် ရတယ်။ သက်သက်ဆီရှောင်ပါ့မယ်'ဟု နှင်ယောက်အနက် တစ်ယောက်က ပြောသွား၏။ သန်းဦး ရယ်၍ ကျန်ခဲ့သည်။

"မမနှင်းနဲ့ နင်နဲ့ ဘယ်လိုသိခဲ့ကြတာလဲ ကျော်ခန့်ဇော်"

တကြည့်တိုက်သို့တက်ရာ လှေကားထစ်များ၏ အောက်ခြေကို ငေးကြည့်ကာ ကျွန်တော်က...





"နင့်မေးခွန်းက တစ်ခုခုကို မယုံသင်္ကာလို့ မေးနေသလိုမျိုးလား၊ ဖြူဖြူထွန်း"

သူရယ်မောသည်။

"မဟုတ်ပါဘူး ဟ၊ နင်က လူအေးလေးဆိုတာလည်း ငါသိတာပဲ။ မမနှင်းက ရိုးရိုးအေးအေးလေးဆိုတာလည်း ငါသိတာပဲ။ နင်တို့နှစ်ယောက် ဘယ်လိုလုပ် သိကျွမ်းမိတယ်ဆိုတာ စိတ်ဝင်စားလို့ပါ။ ရိုးရိုးသားသား သိချင်တာပါဟာ၊ တခြားဘာရည်ရွယ်ချက်မှ မရှိပါဘူး"

သတိရစိတ်ကို ဖျောက်ဖျက်နိုင်သော ဂါထာမန္တာန်များရှိလျှင် လိုချင်သည်။

"နင့်အစ်ကိုနဲ့ လက်ထပ်ရမယ့် မိန်းကလေးတစ်ယောက်ရဲ့ နောက်ကြောင်းရာဇဝင်ကို စူးစမ်းနေတာ မဟုတ်ဘူးလား"

ကျွန်တော် ပြုံးလျက်မေးသည်။

"မဟုတ်ပါဘူး"

"အဲဒါဆိုလည်း ငါ ဖြေမယ်။ ငါနဲ့ မမြမြနှင်းနဲ့က စကားတောင် ရှည်ရှည်ကြာကြာ မပြောဖူးသေးဘူး။ လူငယ်သဘာဝ နောက်မိ ပြောင်မိတာတော့ ရှိခဲ့မှာပေါ့ဟာ။ အဲဒါကို နင်က ဘယ်လိုထင်နေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဂိုးရှေ့သို့ ဘောလုံးကို လွတ်လွတ်ကျွတ်ကျွတ် ဆွဲလာပြီးနောက် ဂိုးသွင်းရတော့မည့် အခြေအနေကို ဂိုးမသွင်းသေးဘဲ ဇာကာဝိုက်ကာ လိမ်ကာလှည့်ကာဖြင့် ကစားနေသည့် ပွဲကြည့်ပရိသတ်အထင်မှားစေသော ဘောလုံးသမားတစ်ယောက်ကဲ့သို့ ကျွန်တော်ဇာဝိုက်လိမ်ဖယ်ကာ ပြောဆိုနေရသည်။

ထိုသို့ လိမ်ညာကာ ကစားနေခြင်းဖြစ်ပါလျက် ပရိသတ်က မရိပ်စားမိသေးသလိုပင် ကျွန်တော့်၏ အဇာအဝိုက်များကိုလည်း ဖြူဖြူထွန်း ရိပ်စားမိခြင်းမရှိသေး။

"ငါ နင့်ကိုရော၊ မမနှင်းကိုရော ဘယ်လိုမှ မထင်ပါဘူးဆို။ ဘယ်လိုပတ်သက်တယ်၊ သိကျွမ်းတယ်ဆိုတာလောက်ပဲ သိချင်တာပါ"

"ဘယ်လိုမှ မပတ်သက်ဘူး"ဟု ကျွန်တော် လေသံမာစွာ ပြော၏။

"တော်ပါသေးရဲ့"

ရင်ဘတ်လေးကို လက်ဖြင့်ဖိကာ ပြော၏။

"နင်က ဘာကို စိုးရိမ်နေတာလဲ ဖြူဖြူထွန်း"

"ဘာကို စိုးရိမ်တယ်လို့ နင်ထင်လဲ"

"ငါ မထင်တတ်ဘူး"





"မမနှင်းက ဘောလုံးကန်တာကို အရမ်းသဘောကျတာပါ။ နင်က ဘောလုံးသမားဆိုတော့ ငါက စိုးရိမ်တာပေါ့"

မမ၏ဝါသနာစိတ်ကို ယခုမှသာ ကြားသိခွင့်ရ၏။

"အေး၊ ဘာကို စိုးရိမ်တာလဲလို့ ငါမေးနေတယ်"

"ငါ စိုးရိမ်တာ မဟုတ်တော့ဘူးဆို ပြီးတာပဲ"

ရွှန်းလဲ့စွာ သူ ကြည့်သည်။

"မမနှင်းနဲ့ နင်နဲ့ ဟိုလိုဒီလိုမပတ်သက်ဘူးဆိုတာ သေချာတယ်နော်"

"သေချာတယ်"

မမအတွက် သေချာလိုက်ခြင်း ဖြစ်သည်။

"ဟူး... တော်ပါသေးရဲ့။ မမနှင်းကို ငါ မေးကြည့်သေးတယ်ဟ။ မမနှင်းက နင့်ကိုမေးဆိုလို့ ငါမေးရတာ။ နင် စိတ်ဆိုးသွားလား"

"ဒါ စိတ်ဆိုးစရာမှ မဟုတ်ဘဲ"

"ငါက ငါ့အစ်ကိုတွက် စိုးရိမ်တာလည်း မဟုတ်ဘူး။ မမနှင်းအတွက် စိုးရိမ်တာလည်း မဟုတ်ဘူး။ ငါ့မိသားစုအတွက် စိုးရိမ်တာလည်း မဟုတ်ဘူး။ ငါက အတ္တကြီးတယ် ကျော်ခန့်ဇော်။ ငါက ငါ့အတွက်ပဲ ငါ စိုးရိမ်တတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူထွန်း ထိုင်ရာမှ ထသည်။

"နင့်အတွက်ပဲ နင်စိုးရိမ်ရအောင် နင်က ဘာကိုစိုးရိမ်တာလဲ။

"ငါသွားတော့မယ် ကျော်ခန့်ဇော်၊ မမနှင်းကို နင်ခေါ်နိုင်ပြောနိုင်ပါတယ်။ ငါ နင့်စကားကို ယုံလိုက်ပြီနော်။ ဘာအတွက်မှ ငါ မစိုးရိမ်တော့ဘူး"

ရူးစိုက်စွာကြည့်လျက် ပြောသွားသည်။

ကျွန်တော်တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ ဖြူဖြူထွန်း ထွက်ခွာသွားကာမှ မမ၏မျက်နှာလေးတွေ ကျွန်ုပ်တော့်အတွေးထဲသို့ ဝင်ရောက်လာလေသည်။

●

"မင်း ပြောပုံအရဆိုရင် ဖြူဖြူထွန်းစကားကြီးက တစ်မျိုးကြီးပဲ"

"ဟုတ်တယ်၊ အဓိပ္ပာယ်တစ်မျိုးကြီး ဖြစ်နေတယ်။ ငါ့ကို မျက်နှာတည်နဲ့များ နောက်သွားသလား မသိဘူး"

"နောက်တာတော့ မဖြစ်နိုင်ဘူးကွ။ သူက စကားသွက်တာ





ပဲ ရှိတယ်။ နောက်နောက်ပြောင်ပြောင် နေလေ့နေထမှ မရှိတာ"

"သူက ဘာကို စိုးရိမ်တာလဲ"

ကျွန်တော် တစ်ကိုယ်တည်း မေးသကဲ့သို့ မေးသည်။

"သန်းဦး၊ မင်း စဉ်းစားစမ်းကွာ။ သူက ဘာကို စိုးရိမ်နေတာလဲ"

သန်းဦးက တွေးဆဟန်ဖြင့်···

"ငါ့အထင်ပြောရရင် မင်း လင်ယူသွားမှာကို သူ စိုးရိမ်နေတာဖြစ်မယ်"

"မင်းက စကားအကောင်း ပြောလို့ကိုမရဘူး"

"ရမလားကွ။ ရှင်းနေတဲ့အဖြေကို မင်းက ထပ်ပြီးရှုပ်အောင်လုပ်နေတာကိုး။ ပြောတဲ့စကားက···

သူ့အတွက်သူ စိုးရိမ်ပါတယ်တဲ့။ မေးတဲ့မေးခွန်းက မင်းနဲ့ မမြမြနှင်းနဲ့ ဘယ်လိုပတ်သက်သလဲတဲ့။ ဘယ်လိုမှ မပတ်သက်ပါဘူးဆိုတော့ သူ မစိုးရိမ်တော့ဘူးတဲ့။ သူ့အတွက်သူ စိုးရိမ်တာတဲ့။ အခု မစိုးရိမ်တော့ဘူးတဲ့၊ ဒီအထိ မင်း မရှင်းမသေးဘူးလား"

သန်းဦးကို ပြောမပြခင်ကတည်းက ကျွန်တော့် ရှင်းလင်းစွာ သိလိုက်ရသော ကိစ္စဖြစ်၏။

ဒါပေမယ့် ကျွန်တော်မကြည်နူးပါ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တစ်ရက် တစ်လတစ်နှစ် စသည်ဖြင့် 'စက္ကန့်မိနစ်မှ အစပြုကာ ကုန်ခဲ့ပြောင်းလဲလာရသည့် ဘဝအတွေ့အကြုံများသည် စက္ကန့်အလိုက် နာရီအလိုက် အချိန်တိုင်း မမျှော်လင့်ဘွာ ပြောင်းလဲနေသည်ဟု ကျွန်တော် စတင်တွေးတောတတ်ပေပြီ။

မထင်ထားတာတွေဖြစ်သည်။ ထင်မြင်မျှော်လင့်ထားတာတွေ မဖြစ်ခဲ့။ "ဖြစ်ချင်တာတွေလည်း မဖြစ်ရပါ။ မဖြစ်ချင်တာတွေလည်း ဖြစ်ရမှာ" ဟူသော တရားတေးသွားကို ကျွန်တော် နှလုံးသွင်းဆင်ခြင် ဖူးခဲ့ပြီ။

ခက်ခဲနေတာ တစ်ခုတော့ရှိ၏။ ဖြစ်ချင်တာမဖြစ်ရင် ဘယ်လိုရင်ဆိုင်ရမလဲ၊ ဘယ်လိုတုန့်ပြန်ရမလဲ။ မဖြစ်ချင်တာ ဖြစ်ရင်ကော ဘယ်လိုကြိုးပမ်းရမလဲ၊ ဘယ်လိုခံစားရမလဲ။ ဘယ်လိုနှလုံးသွင်းရမလဲ။ အဲဒါတွေကို ကျွန်တော်သိချင်သည်။

မမြမြနှင်းကို ချစ်ခင်နှစ်သက်မိသောကြောင့် ကျွန်တော့်ရင်ထဲမှာ မမြမြနှင်းကို ရှိနေစေချင်သည်၊ ရှိနေစေခဲ့သည်။ ဘယ်နှယ့်ကြောင့် ဖြူဖြူထွန်းရင်ထဲမှာ ကျွန်တော် ရှိနေရတာလဲ။

လောကကြီးရဲ့တာဝန်ဟာ လူတွေကိုကမောက်ကမဖြစ်အောင် ဖန်ဆင်းနှောက်ယှက်ဖို့တော့ မဟုတ်တန်ကောင်းဘူးထင်ပါရဲ့။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်အာရုံကို တစ်နေရာတည်းမှာ





ထားချင်သည်။

ဘာဖြစ်လို့လည်းဆိုတော့...

ကျွန်တော် ဂိုးဖမ်းသမား၊ အာရုံတွေပြား၍ မဖြစ်။

www.burmeseclassic.com

www.burmeseclassic.com

ပျော်ရှိုက်တာလေ

မနက်ခင်းပေါင်းများစွာ..

ကြင်ကြင်နာနာ ပိုက်ထွေး

နွေးနွေးထွေးထွေး ထွေးဖက်

ချစ်ရတဲ့မင်း

သက်ဝေ...နှင်း။

www.burmeseclassic.com

www.burmeseclassic.com

## ၂၁။

ကျောင်းတွင်းဘောလုံးပြိုင်ပွဲများ ကျင်းပသည်။ ပွဲစဉ်တစ်လျှောက်တွင် ကျွန်တော်တို့မေဂျာက ရှုံးပွဲမရှိခဲ့ချေ။ သန်းဦးနှင့် ကျွန်တော် အဓိကဘာသာရပ်ချင်း မတူသဖြင့်၊ ဘောလုံးအသင်းချင်း ကွဲပြားခဲ့ရ၏။ ကျွန်တော်တို့ သင်္ချာဘာသာအသင်းနှင့် သန်းဦးတို့ သမိုင်းဘာသာအသင်းတို့ နောက်ဆုံးဗိုလ်လုပွဲမှာ တွေ့ကြရသည်။

ပြိုင်ပွဲကို ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးဘောလုံးကွင်းမှာ ကျင်းပသည်။ နောက်ဆုံးဗိုလ်လုပွဲ မစတင်မီ ကျွန်တော်တို့ ဘောလုံးသမားများကို ကျွန်တော်တို့မေဂျာမှ ကျောင်းသူများက ပန်းစည်းကမ်းကြ၏။

www.burmeseclassic.com

ကျွန်တော့်ရှေ့တည့်တည့်တွင် ပန်းစည်းလေးကိုင်ထားသော ဖြူဖြူထွန်းကို တွေ့၏။ ဖြူဖြူထွန်း ကျွန်တော့်ကို ပန်းစည်းပေးသည်။

"ဒီနေ့ ငါတို့မေဂျာ နိုင်မှာပါ"ဟု ဖြူဖြူထွန်းက ပြုံးလျက်ပြောသည်။ သူပေးသောပန်းစည်းကို ယူလျက် "နိုင်ရမှာပေါ့"ဟု ကျွန်တော်ပြောသည်။ ဒီနေ့ ရုံးပိတ်ရက်ဖြစ်သဖြင့် ပွဲကြည့်စင်ပေါ်မှာ ဖေဖေလည်း ရှိနေပေလိမ့်မည်။

●

ပြိုင်ပွဲစလျှင်စချင်း ကျွန်တော်တို့အသင်းမှာ ခံစစ်ဖြစ်နေသည်။တစ်ဖက်အသင်း၏ ထိုးဖောက်မှုကို မရှုမလှခံနေရ၏။ တစ်ဖက်အသင်း၏ဂိုးသမား သန်းဦးကလည်း လက်ရှိပြိုင်ပွဲဝင် ဂိုးသမားစစ်စစ်ပေါ့အပြင် သူတို့အသင်း၏ နောက်တန်းလူတစ်ဦးနှင့် ရှေ့တန်းလူနှစ်ဦးသည် ဌာနတစ်ခု၏ ကိုယ်စားပြု ဘောလုံးသမားများဖြစ်သည်။

ကျွန်တော်တို့အသင်းမှာ အသင်းလိုက်ညီညွတ်မှုရှိခြင်းနှင့် ဂိုးဖမ်းသူ ကျွန်တော်ဖြစ်နေခြင်းမှအပ အခြားသော ခန့်ညားမှုမျိုး မရှိချေ။ ရှုံးများ ရှုံးလေမည်လားဟု ကျွန်တော် တွေးမိသေးသည်။ ပတ်လည်မွ ကန်စဉ်တုန်းက သန်းဦးတို့မေဂျာအသင်းကို ကျွန်တော်တို့အသင်းက





တစ်ဂိုးတည်းဖြင့်သာ အနိုင်ရခဲ့ဖူးသည်။ ထိုဂိုးကလည်း ပိုင်နယ်တီဂိုး။

အဆင်းအတက် ညီညွတ်မှုတော့ ရှိသားပဲဟု ကိုယ့်အသင်းကို ကိုယ့်ဘာသာသုံးသပ်ပြီး စိတ်ဖြေရသည်။ ပွဲစပြီးပြီးချင်း မိနစ်သုံးဆယ်၌ နောက်တန်းလူများ ရှုပ်နေသည့်ကြားမှ တစ်ဖက်အသင်းက ကျွန်တော့်ထံသို့ ဂိုးသွင်းသွားခဲ့သည်။ ပထမပိုင်းလေးဆယ်ငါးမိနစ်အပြီး၌ ကျွန်တော်တို့အသင်း တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်နေ၏။

●

အနားယူနေချိန်တွင် ကွင်း၏ပြင်ပ သံတိုင်များအနီးတွင် ဖေဖေ့ကိုတွေ့၏။ ဖေဖေ့ထံသို့ ကျွန်တော်သွားသည်။

"သား... မလောနဲ့။ မင်း နောက်တန်းလူတွေကို မင်းထိန်းရမှာနော်။ မောင်သန်းဦးတို့အသင်းက နှစ်ယောက်လောက်ပဲ ထိုးဖောက်နိုင်တာ။ သားတို့အသင်းက တစ်သင်းလုံး အတက်အဆင်း ညီတယ်။ စိတ်ကို ငြိမ်ငြိမ်ထားနော်၊ နိုင်ဖို့များတယ်"

"ဟုတ်ကဲ့ ဖေဖေ၊ သားတို့ နိုင်မှာပါ"

"အေး...သွား၊ သွား"

ဖေဖေနှင့်စကားပြောပြီး အသင်းသားများထိုင်နေရာသို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လာသည်။ အသင်းနည်းပြက မှာကြားစရာရှိသည်များကို တစ်ဦးတစ်ယောက်ချင်း မှာကြားနေ၏။

"မင်းတို့ကို မန်နေဂျာဖမ်းပြီး ကန်နိုင်းတာမဟုတ်ဘူး၊ ကစားကွက်ကျဉ်းနိုင်းတာ။ တစ်ဖက်အသင်းရဲ့ ဧရိယာထဲမှာပဲ ဘောလုံးကို ရှိစေချင်တာ။ လူကျွံအောင် တမင်ရှေ့တက်ခိုင်းတာမျိုး မဟုတ်ဘူး။ ဟိုဘက်အသင်းက နှစ်ယောက်က အရမ်းမြန်နေတယ်၊ လူကျွံဘောဖမ်းရင် မင်းတို့ ကျန်ခဲ့မှာပဲ။ ဘောလုံးကို သဲ့သဲ့ပြီး ဖြေးဖြေးချင်းယူသွားမှ ရလိမ့်မယ်၊ ရှင်းလား"

"ဟုတ်ကဲ့၊ ရှင်းပါတယ်"

အသင်းနည်းပြက ကျွန်တော့်ပခုံးကို ပုတ်ကာ...

"ဂိုးသမား ကောင်းပါတယ်" ဟု ပြော၏။ နောက်တန်းကစားသူလေးဦးကို ကျွန်တော်က...

"ငါ နည်းနည်းပြောမယ်ကွာ"

"ပြောလေ"

"မင်းတို့ဘောလုံးကို မမီနိုင်တော့ဘူးဆိုရင် ဂိုးသမားလွှဲသာ အော်လိုက်၊ ကျယ်ကျယ်သာ အော်လိုက်။ ကျန်တာ ငါကြည့်လုပ်သွားမယ်။

မင်းတို့မီမယ်ထင်ပြီး ပိတ်မယ့်သူဘက်ကို အာရုံထားလိုက်





တဲ့အချိန်မှာ မင်းတို့ဘက်က ပေါက်ထွက်လာရင် ငါ ဗျာများသွားရော"

"အိုကေ၊ ရှင်းတယ်။ ငါတို့နိုင်မှာပါ"

နံပါတ်လေးကို ဝတ်ဆင်ထားသော နောက်တန်းကစားသမားက ယုံကြည်နိုင်မာစွာပြော၏။ အချင်းချင်း လက်ဝါးချင်းရိုက်လိုက်ကြသည်။

●

"ဂိုး"

"ဂိုး"

ပွဲကြည့်စင်ဘက်မှ ဆူညံသောအသံကို ကြည်နူးစွာ ကြားလိုက်ရသည်။ မထင်မှတ်သော ဂိုး။

ထောင့်ကန်ဘော ကန်တင်သည့်အလုံးကို သန်းဦးက လက်တစ်ဘက်တည်းဖြင့် လှမ်းဆွဲ၏။ သူ့လက်ထဲ ဘောလုံးက ရှောရှော ရှုရှုပါသွားပါလျက် ခါးလည်လောက်တွင် လွတ်ကျသည်။ လွတ်ကျသော ဘောလုံးကို ကျွန်တော်တို့အသင်း နောက်တန်းလူ(နံပါတ်လေး) က ပြေးကန်လိုက်ခြင်းဖြစ်၏။

သန်းဇော်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ချောပဂိုးသွင်းလိုက်နိုင်ပြီဖြစ်သဖြင့် ကျွန်တော်ပျော်သွားသည်။ ဘောလုံးကို လက်တစ်ဖက်တည်းဖြင့် ပေါ့တန်စွာဖမ်းယူသည့်အတွက် တော့ သန်းဦးကို ကျွန်တော် ချေသဖြစ်မိ၏။ ဒုတိယပိုင်း ဆယ့်ငါးမိနစ်တွင် တစ်ဂိုးစီသရေကျနေသည်။

တစ်ဘက်အသင်း၏ ဇရိယာထဲ၌သာ ဘောလုံးကိုထားပြီး ကိုယ့်ဘက်မကျံအောင် ဘောသမားများအားလုံး ရှေ့တက်ကစားခြင်းကို လူကျံဘောဖမ်း၍ ကစားခြင်းဟု တချို့က ခေါ်ဝေါ်ထင်မြင်တတ်ကြသည်။

အမှန်က မိမိအသင်းဘက်သို့ တစ်ဘက်အသင်း၏ လူရော ဘောလုံးပါ ကျံမလာအောင် မိမိအသင်းသားများက တစ်ဖက်အသင်းဘက်သို့ ကျဉ်းမြောင်း၍ အရနိုင်ဆုံးနေရာအထိ တက်ရောက်နေရာယူ ကစားခြင်းသာဖြစ်သည်။

ကျွန်တော်တို့အသင်းသားများ ထိုသို့ ကစားနေရင်းမှ ဘောလုံးသည် တစ်ဘက်အသင်း၏ နောက်တန်းလူထံ ရောက်သွားသည်။ ၎င်းနောက်တန်းလူက သူရသောဘောလုံးကို အပေးအယူလုပ်





မနေတော့ဘဲ ကွင်းလယ်သို့ တဟုန်ထိုးကန်တင်လိုက်၏။

ကျွန်တော့်နောက်တန်းလူများကို ကျော်၍ ဘောလုံးကျသည်။ ထိုဘောလုံးကို တစ်ဘက်အသင်း တိုက်စစ်မှူးနံပါတ်တစ်ဆယ် လွတ်လွတ်ကျွတ်ကျွတ် သယ်ဆောင်လာလေ၏။ ဘောလုံးသယ်ဆောင်သူနှင့်အပြိုင် တစ်ဘက်အသင်းမှ ရှေ့တန်းကစားသမားတစ်ဦးက ကွင်းလယ်မှ ပြေးလာသည်ကို ကျွန်တော်မြင်၏။ နံပါတ်တစ်ဆယ်က ဘောလုံးကို ညာတောင်ပံမှယူလာသဖြင့် ကျွန်တော် ညာဘက်သို့ ပြေးတက်ကာ အသင့်ပြင်ထားသည်။

လွန်စွာနီးကပ်လာသောအခါ ကျွန်တော်က သူ့ထံသို့ ပြေးဟန်ပြုလိုက်သည်။ ထိုအခါ နံပါတ်တစ်ဆယ်က ဂိုးမသွင်းတော့ဘဲ ပြေးလာသူရှေ့သို့ မ,တင်ပေးလိုက်၏။

ရှေ့သို့တက်ဟန်ပြုပြီး တကယ်မတက်လိုက်သဖြင့် ကျွန်တော်က သူ မ,ပေးလိုက်သောဘောလုံး၏ လမ်းကြောင်းအတွင်းသို့ တစ်ကိုယ်လုံး ပစ်လွှဲလိုက်ပြီး ဘောလုံးကို လေထဲမှာ ဆွဲယူလိုက်သည်။ ဘောလုံးလွတ်ကျသေးသည်။ လွတ်ကျသောဘောလုံးကို စောစောက အလယ်မှပြေးလာသူက ပြေး၍ကန်လိုက်၏။ ဘောလုံး၏ ရှေ့ကို ညာဘက်လက်ဖျံဖြင့် ကာဆောက်ပြီး ဘယ်လက်ဖြင့် ဘောလုံးကို ရောပိုက်လျက် ကျွန်တော် ပြုမ်းထိုး၍ထွက်လိုက်သည်။ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ၌ ကျွန်တော်ချစ်သော ဘောလုံးလေး နွေးထွေးစွာရောက်ရှိလာတော့၏။ ကျွန်တော့်ပခုံး တစ်ချက်ထိသွားသည်။

လက်ခုတ်သံများ ကွင်းလုံးလျှံသွားသည်။ ဒုတိယပိုင်းအချိန်ပြည့်ခါနီးပြီဟု ကျွန်တော်သိသည်။

●

ထိနိုက်သွားသော ပခုံးကို လက်ဖြင့်ဖိလျက်…

ဘယ်တောင်ပံရှိ နောက်တန်းလူထံသို့ ကျွန်တော် ဘောလုံးကို အလျင်အမြန် ပစ်ပေးလိုက်သည်။ နောက်တန်းလူက သူ့ရှေ့ရှိ အလယ်လူတစ်ယောက်ကို ဖြေးညင်းစွာ ကန်ပေးလိုက်သည်။ အလယ်တန်းလူက ဘောလုံးကိုအယူ၌ တစ်ဘက်အသင်းမှ ဝင်ဖျက်သည်။ သို့သော် ဘောလုံးကမပျက်ဘဲ အလယ်တန်းလူသာ ပြန်ရ၏။ ထိုဘောလုံးကို အနီးရှိ နံပါတ်ဆယ့်ငါးအား ပေးပြီး သူက ရှေ့ကိုပြေးသည်။

နံပါတ်ဆယ့်ငါးက ရှေ့ကိုပြေးသွားသော အလယ်တန်းလူ၏ ပြေးလမ်းပေါ်သို့ ဘောလုံးကိုမချဘဲ သူနှင့်ဆန့်ကျင်ဘက် ဟိုးခပ်ဝေးဝေးရှိ နံပါတ်ကိုးရှိရာသို့ ကန်တင်ပစ်လိုက်သည်။

နံပါတ်ကိုး ဘောလုံးရသည်၊ နံပါတ်ကိုး နှစ်ယောက်ကို





လှိမ်သည်၊ ပြီးနောက် အလယ်ရှိ နံပါတ်ဆယ့်နှစ်ကိုပေးပြီး ဂိုးရှေ့သို့ပြေး၏။ နံပါတ်ဆယ့်နှစ်က ဂိုးရှေ့သို့ပြေးသွားသော နံပါတ်ကိုးထံသို့ ဘောလုံးမပေးဘဲ စောစောက ပြေးလက်စရှိနေခဲ့သော နံပါတ်ဆယ့်ငါး၏ပြေးလမ်းကြောင်းသို့ လှိမ့်၍ကန်ပေးလိုက်သည်။

နံပါတ်ဆယ့်ငါး မနားတမ်းပြေးကန်သည်။ သန်းဦးပြေးအထွက် သန်းဦး၏ခါးနှင့် တစ်ပေလောက်အကွာမှဖြတ်ပြီး ဘောလုံးက ဂိုးပေါက်ထဲသို့ ပြင်းထန်စွာ ဝင်သွားလေတော့၏။

"ဂိုး"

"ဂိုး"

ပွဲကြည့်စဉ်တစ်ခုလုံး ဆူညံသွားလေသည်။ ကျွန်တော်တို့အသင်းသားများ တစ်ယောက်နှင့်တစ်ယောက် ပြေးတက်နေကြသည်ကို တွေ့၏။

"ရွှီ…ရွှီ…ရွှီ"

ပြိုင်ပွဲပြီးဆုံးသည့် ခရာသံကို ကြားရသည်။ ကျွန်တော့်ထံသို့ ကျွန်တော့်အသင်းသားများ ပြေးလာကြ၏။

●●●



www.burmeseclassic.com

www.burmeseclassic.com

၂၂။

"ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆုကိုရရှိသူကတော့ သချာင်္ဘာသာအသင်းမှ ကျောနံပါတ်ဆယ့်ရှစ် ဂိုးသမား မောင်ကျော်ခန့်ဇော် ဖြစ်ပါတယ်"

လက်ခုပ်သံများကို ကျွန်တော် ကြားရသည်။

ဖေဖေလည်း ကြားသိပေလိမ့်မည်။

အိမ်မှာကျန်ရစ်ခဲ့သော မေမေ့ကို သတိရ၏။

အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။ သန်းဦးနှင့်ကျွန်တော် ဘောလုံးကွင်းအပြင်သို့အထွက်တွင် ဖေဖေ့ကိုတွေ့၏။ ဖေဖေ့ကို တွေ့လျှင်တွေ့ချင်း ကျွန်တော့်လည်ပင်းမှဆုတံဆိပ်ကို ကျွန်တော် ချွတ်



သည်။ အကောင်းဆုံးဘောလုံးသမားဆုနှင့် ပထမဆုရခွဲပြားကို ဖေဖေ့လက်ထဲသို့ ကျွန်တော် ထည့်လိုက်သည်။

"ဖေဖေ့ကို သား ကန်တော့တာ"

ဖေဖေ့ကို ကျွန်တော် ကန်တော့သည်။ ဖေဖေပြုံးနေ၏။ ဆုတံဆိပ်များကို ယုယစွာပိုက်လျက် ဖေဖေက 'ပြိုင်ပွဲတိုင်း အနိုင်ရပါစေကွာ' ဟု ဆုပေးသည်။ ပြီးနောက်...

"ဖေဖေပြန်နှင့်မယ် သား။ မင်း မေမေကို ဖေဖေ သွားကြွားလိုက်အုံးမယ်"

"ဟုတ်ကဲ့ ဖေဖေ"

ဖေဖေပြန်သွားသောအခါ သန်းဦးကို ကျွန်တော် အပြစ်တင်စကားများ၊ အားမရသည်များ ပြောသည်။

"လက်တစ်ဘက်တည်းနဲ့ လှမ်းဆွဲရအောင်၊ မင်းက ဆရာ့ဆရာကြီးလား"

သန်းဦး ရယ်သည်။

'ငါက မင်းနဲ့ ပိုင်နယ်တိုပြိုင်ဖမ်းရမယ်လို့ တွက်ထားတာ' ဟု ကျွန်တော့်ပြောသည်။

ထိုစဉ် ကျွန်တော့်ထံသို့ ဖြူဖြူထွန်း ရောက်လာ၏။ ဖြူဖြူထွန်း၏ နံဘေးမှာ...



www.burmeseclassic.com

www.burmeseclassic.com



"မမ"

"ဟုတ်တယ်၊ ငါတို့မေရှာနိုင်မယ်ဆိုတာ ကျိမ်းသေသိလို့ မမနှင်းကို ငါခေါ်လာတာ"ဟု ဖြူဖြူထွန်းပြောသည်။

မမကို မြင်လျှင်မြင်ချင်း ကျွန်တော် ဝမ်းသာသွားသည်။ ဝမ်းသာဟန်တွေ တစ်ပုံတပင် ဖော်ပြချင်သည်။

"ကျေးဇူးတင်ပါတယ် မမ"

မမ ပြုံးနေသည်။

မမ၏လက်အတွင်းမှ အချိုရည်ဘူးနှစ်ဘူးကို ယူပြီး ဖြူဖြူထွန်းက သန်းဦးနှင့်ကျွန်တော့်ကို ပေး၏။

"ရော့ နင်တို့အသင်းရှုံးလို့ သနားလို့တိုက်တာ"

သန်းဦးက အချိုရည်ဘူးကို လှမ်းယူပြီး...

"နင်တို့မေရှာ နိုင်ပါစေဆိုပြီး ငါတမင်လွှတ်ပေးလိုက်တာ။ မယုံရင် ကျော်ခန့်ဇော်ကိုမေးကြည့်"

"ဟား ဟေ့" ဖြူဖြူထွန်း လှောင်ပြောင်၏။

"ဖြူဖြူထွန်း"

"ဘာလဲ ကျော်ခန့်ဇော်"

"နင့်ကို ငါ ကျေးဇူးတင်တယ်"

"ဘာလဲ၊ အချိုရည်ဘူး တိုက်လို့လား။ အဲဒါ ငါတိုက်တာ





မဟုတ်ဘူး။ မမနှင်းတိုက်တာ"

"အချိုရည်ဘူးတိုက်တဲ့ ပရိသတ်တစ်ယောက်ကို ဘောလုံးပွဲကြည့်ဖို့ခေါ်လာလို့ နင့်ကို ငါ ကျေးဇူးတင်တာ"

မမ ပြုံးနေခြင်းဖြင့် တည်ငြိမ်သည်။

"နင် အကောင်းဆုံးဂိုးသမားဆု ရလိမ့်မယ်လို့ ပွဲမပြီးခင်ကတည်းက မမနှင်း ပြောတာဟ"

"ဟုတ်လား၊ မမက ရှေ့ပွဲတွေ ကြည့်သေးလို့လား"

ခေါင်းခါသည်။

"ဒီတစ်ပွဲပဲ ကြည့်ရတာပါ"

စကားတွေအများကြီး ပြောချင်သည်...။

စကားတွေအများကြီး ကြားချင်သည်...။

ယခု တွေ့ကြုံပြောဆိုနေရသည်ထက် စကားတွေအများကြီး ပို၍ ပြောဆိုဖောင်ဖွဲ့ချင်သည်။

"ကျော်ခန့်ဇော်၊ ရော့.."

အတန်းထဲက ကောင်မလေးသုံးယောက်က ကျွန်တော့်ကို အချိုရည်ဘူးသုံးဘူး လာပေးသည်။ ကျွန်တော် ယူသည်။

"ကျေးဇူးပဲ"

ထိုကောင်မလေးသုံးယောက် အလှမ်းဝေးသွားသောအခါ..



www.burmeseclassic.com

www.burmeseclassic.com



"နင်က အကုန်လုံးကို ကျေးဇူးတင်နေတော့တာပဲနော်"

ဖြူဖြူထွန်း မျက်စောင်းထိုးကာပြော၏။ သန်းဦးက...

"နင်လည်း နောက်ထပ် ကျွဲရိုင်းဘူး သုံးဘူးလောက် ထပ်ပေးလိုက်ပေါ့။ နင့်ကို ကျေးဇူးတင်တယ်လို့ ဒီကောင် ထပ်ပြောလိမ့်မယ်"

ရယ်မောဖြစ်ကြသည်။

"ပခုံးထိသွားတယ် မို့လား၊ ရော့.."

မမ၏လက်အတွင်းမှ အဖြူရောင်ပရုတ်ဆီဘူးလေး ကျွန်တော့်လက်ထဲသို့ ရောက်လာသည်။

ကျွန်တော်တို့နှစ်ဦးစလုံး ထို ပရုတ်ဆီဘူးလေးကို မှတ်မိနေကြသည်။

နောက်တစ်နေ့ ညနေပိုင်းမှာတော့ မမ၏ကျောင်းအရှေ့တွင် မမကို ကျွန်တော် သွားစောင့်နေမိသည်။ ကျွန်တော့်ကိုတွေ့လျှင် တွေ့ချင်း မမ ပြုံးမပြ။

"ကျွန်တော်လာစောင့်နေလို့ မမ ဒိတ်ဆိုးသွားလားဟင်"





"မဆိုးပါဘူးကွာ။ ဒါပေမယ့် မလာစေချင်တာတော့ အမှန်ပဲ"

"ဖြူဖြူထွန်းက ကျွန်တော့်ကို မမနဲ့ပြောဆိုခင်မင်ခွင့် ပေးထားပါတယ်"

"သူ ခွင့်ပေးပေမယ့် အခြေအနေက ခွင့်မပေးဘူးလေ"

"ခွင့်မပေးဘူးလို့ တရားဝင်သတ်မှတ်တဲ့ နောက်ဆုံးအချိန်အထိ မမဘေးနားမှာ ကျွန်တော်ရှိပါရစေ။ အနည်းဆုံး ပြုံးပြနှုတ်ဆက်ပါရစေ မမ"

ခြေလှမ်းတွေ မရွေ့ဖြစ်ကြသေး။

"ရောင်းရန်မဟုတ်လို့ စာတန်းကပ်ထားတဲ့ အရာဝတ္ထုတစ်ခုကို၊ မင်း ငေးကြည့်မနေသင့်တော့ဘူး"

မမ၏ နှုတ်ခမ်းနှုယ်စလေးများကို ကျော်လွန်ပြီး မိုးကောင်းကင်ကို ကျွန်တော် ငေးကြည့်သည်။

"'ပန်းတွေနဲ့ဝေ' ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားတစ်ကားကို အရမ်းကြည့်ချင်လွန်းလို့ ကျွန်တော် လက်မှတ်တန်းစီဖူးတယ် မမ။ လက်မှတ်ကုန်သွားပြီတဲ့။ ကျွန်တော် လက်မှတ်ကို မရ,ရတဲ့နည်းနဲ့ လိုက်ဝယ်ပါသေးတယ်။ ဒါပေမယ့် ဘယ်မှာမှ ဝယ်လို့မရဘူး။

ဝယ်လို့မရတဲ့အဆုံး ရုပ်ရှင်ရုံရှေ့က 'ပန်းတွေနဲ့ဝေ' ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပိုစတာကြီးကို ရုပ်ရှင်စပြတဲ့အချိန်ကနေရုံလွှတ်တဲ့အချိန်အထိ ကျွန်တော် ထိုင်ကြည့်ခဲ့ဖူးတယ်။

ရုပ်ရှင်ရုံလွှတ်တော့ အဲဒီဇာတ်ကားကိုကြည့်ပြီး ပြန်လာတဲ့ လူအုပ်ကြီးနဲ့အတူ ကျွန်တော် အိမ်ပြန်ခဲ့တယ်။ ကျွန်တော့်စိတ်ထဲမှာ ကျွန်တော်လည်း သူတို့လို အဲဒီကားကိုကြည့်ပြီး ပြန်လာရတာလို့ သတ်မှတ်ခဲ့ဖူးတယ်"

"မင်း ဘာကိုဆိုလိုတာလဲ"

သိလျက်မေးမြန်းသည်ဟု ထင်၏။

"မမနဲ့ကျွန်တော် မဆုံးဆည်းနိုင်ဘူးဆိုတာ ကျွန်တော် သိနေပြီပဲ။ ကျွန်တော် ရှေ့မတိုးပါဘူး။ ရုပ်ကြည့်နေရတဲ့ အခွင့်အရေးကိုပဲ ကျွန်တော် တောင်းတာပါ မမ"

ခေါင်းခါသည်။

"မမ တရားဝင်ခွင့်မပြုဘူး။ တွေ့ကြုံတဲ့အခါ ပြုံးပြနှုတ်ဆက် ရုံလောက်တော့ မမ ခွင့်ပြုနိုင်ပါတယ်။ အဲဒါဟာ မြို့မပြည်က ဘောလုံးသမားလေးတစ်ယောက်ကို စိတ်အနှောင့်အယှက် မဖြစ်စေ ချင်လို့ လိုက်လျောလိုက်တာပဲ"

"မမက ဘောလုံးအားကစားကို အရမ်းချစ်ကက်တာပဲလား ဟင်"





"ဘောလုံးသမားတွေကို မမ အရမ်းလေးစားတယ်။ ဘောလုံးအားကစားကို ချစ်တယ်။ ဘောလုံးပြိုင်ပွဲတွေကို ကြည့်နေရတာဟာ လောကဓံကို ရင်ဆိုင်ယှဉ်ပြိုင်နေတဲ့သူတွေကို ကြည့်နေရသလိုပဲ"

ပလက်ဖောင်းအတိုင်း ယှဉ်တွဲလျှောက်လှမ်းခဲ့ကြသည်။

"ဘောလုံးသမားတိုင်းဟာ မရှုံးအောင်လည်း ကာကွယ်ရတယ်။ အနိုင်ရအောင်လည်း ကြိုးပမ်းရတယ်။ 'သေသေချာချာ ခံစား ကြည့်မယ်ဆိုရင် လောကဓံတရားနဲ့ စစ်ခင်းနေရတာနဲ့တူတယ်"

"ကျွန်တော် မမလို တွေးမကြည့်မိခဲ့ဘူး။ မမ တွေးခေါ် သလို ပြောပါ။ ကျွန်တော် ကြားချင်တယ်"

မမ၏ထမင်းဘူးလေးကို ကျွန်တော် ကိုင်ပေးလိုက်သည်။

"လူတွေဟာ လောကဓံတရားရဲ့ အရိုက်အပုတ်ကြောင့် ချွေယိုင်လဲသွားတတ်ကြတယ်။

ဘောလုံးသမားတိုင်းဟာ တစ်ဘက်အသင်းရဲ့ အဟန့်အတား အတိုက်အခိုက်ကြောင့် ချွေကျ လဲကျသွားဖူးကြတယ်။ ဒါပေမယ့် သူတို့ ပြန်ထတယ်၊ ပြန်ကန်တယ်၊ အနိုင်မခံ အရှုံးမပေးစိတ်တွေ ရှိကြတယ်။

ဘောလုံးကွင်းထဲမှာ တစ်ဖက်အသင်းက သိပ်ကြမ်းတဲ့အခါ မကြောက်မလန့်ဘဲ ဖွဲ့မလျှော့ဘဲ ကြိုးစားနေရင် ပိုင်နယ်တိုတို့ အရှုံး



www.burmeseclassic.com

www.burmeseclassic.com



ကန်ဘောတို့ ပြစ်ဒဏ်ဘောတို့ စတဲ့အခွင့်အရေးမျိုးလည်း ရနိုင်ကြတယ်။

အဲဒါကိုကြည့်ပြီး လူ့လောကထဲမှာလည်း ကိုယ်ဘယ်လောက် ဆင်းရဲဆင်းရဲ ဘယ်လောက်နိမ့်ကျနိမ့်ကျ ကြိုးစားမှုကို လျှော့မပြစ်ရင်...

တစ်ချိန်ချိန်မှာ ဘောလုံးသမားတွေ ပိုင်နယ်တီရသလိုမျိုး အခွင့်ကောင်းတို့ ပန်းတိုင်တို့ကို တွေ့ကြုံရမှာပဲလို့ မမ တွေးမိတယ်။ အဲဒါကြောင့် မမက ဘောလုံးအားကစားကိုချစ်တာ"

"မမ သိပ်တော်တာပဲ"

"မင်းလည်း တော်ပါတယ်၊ မင်းက ဒိုင်ဗင်ထိုးဖမ်းတာတို့ သူများခြေထောက်ထဲကနေ ဘောလုံးကို ကျွမ်းပစ်ပြီး ကောက်လိုက်တာတို့မှာ သိပ်ကြည့်လို့ကောင်းတယ်"

"မမ မြင်ဖူးလို့လား"

"မြင်ဖူးတာပေါ့၊ မနက်မနက် ဘောလုံးကွင်းဘေးကဖြတ်ပြီး ကျောင်းလာရတာ ဘောလုံးပွဲကြည့်ပြီး လာရသလိုပဲ"

"မမရပ်ကြည့်တာ ကျွန်တော် တစ်ခါမှ မမြင်ဖူးဘူး"

"သိသိသာသာကြီးတော့ ဘယ်ရပ်ကြည့်ပါ့မလဲ။ ရထားလမ်းဘက်က တက်လိုက်တာနဲ့ ဘောလုံးကွင်းထဲကို မြင်နေရတာပဲ။





အဲဒီနေရာကနေ အနည်းဆုံး ငါးမိနစ်လောက်တော့ မမ ရပ်ကြည့်ဖြစ်တယ်။ မမရပ်ကြည့်တဲ့အခါတိုင်း မင်းကို တွေ့တယ်။

ထမင်းဘူး လွှင့်ကျသွားတဲ့နေ့က မင်းတို့ကစားတာကို ကြည့်ရင်း လျှောက်လာတာ။ ဂိုးရှေ့ကိုချပေးလိုက်တဲ့သူရော ချပေးတဲ့ဘောလုံးကို ပြေးကန်တဲ့လူရော ကွက်တိပဲ။

ဂိုးပြီးလို့ထင်ပြီး ဂိုးတိုင်ဘက်ငေ့ကြည့်မိရုံရှိသေးတယ်။ မင်းက ဘောလုံးကို ပုတ်ထုတ်ပြီးသွားပြီ၊ မမ ထမင်းဘူးလည်း လွှင့်ထွက်သွားရောလေ"

မမ ရယ်မောရင်းပြော၏။

အဲဒီလို ရယ်မောတာလေးကို အခုလိုပဲ နီးနီးကပ်ကပ် ကျွန်တော် မြင်နေချင်သည်။

"မောင်လေး"

"ဗျာ"

"မင်းကို ဖြူဖြူက အရမ်းခင်နေပုံရတယ်နော်"

"ကျွန်တော်လည်း ခင်သားပဲ"

"မမ ပြောတာက မင်းအပေါ်ကို သူ သံယောဇဉ်ဖြစ်နေပုံရတယ်လို့ ဆိုလိုတာ"

ကျွန်တော် မမကို ငုံ့ကြည့်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မမ ပြုံးနေ၏။ ကျွန်တော် ပြန်မပြုံးဖြစ်။

"မမက ဘောလီဘော်ပုတ်တာကိုပါ ဝါသနာပါတယ်ထင်တယ်"ဟု ပြောလိုက်၏။ ခေါင်းငုံ့လျက် မမ ရယ်သည်။

●●●



၂၃။

ဘောလုံးကွင်းထဲမှာ နှင်းတွေ ဝေလာပြန်သည်။ ဘောလုံးကွင်းထဲတွင် နှင်းဝေသည့်မနက်တိုင်း ဘောလုံးကွင်းထဲသို့ ကျွန်တော် ရောက်ဖြစ်သည့်အခါ ရောက်သည်။ မရောက်ဖြစ်ခဲ့သည်လည်း ရှိသည်။

ကျွန်တော် ဘောလုံးကစားဖြစ်သည့် မနက်ခင်း ညနေခင်းများတွင် မမနှင့်တွေ့သည့်အခါ တွေ့သည်။ မတွေ့သည့်အခါတွေလည်း ရှိခဲ့၏။ ယခင်ကကဲ့သို့ မမနောက်မှ တကူးတက အပြေးအလွှားလိုက်ပါကာ စကားပြောဖို့ ကြိုးပမ်းစရာ မလိုတော့။

ကျွန်တော် ဘောလုံးကစားသည်ကို မမ ရပ်ကြည့်နေသည်

www.burmeseclassic.com

www.burmeseclassic.com



လည်း ရှိသည်။ ဘောလုံးကစားနေရင်းမှ ကျွန်တော့်နေရာတွင် တစ်ယောက်ယောက်ကို အစားထိုးပြီး မမနှင့်စကားပြောဖြစ်ခဲ့သည် များလည်း ရှိသည်။

တစ်ခါတစ်ရံ မမနှင့်အတူ ဖြူဖြူထွန်းလည်း ပါလာတတ်၏။ တစ်ခါတစ်ရံ ဖြူဖြူထွန်းနှင့်အတူ မမလည်း လိုက်ပါတတ်၏။ ကျွန်တော့်ကို မြင်လျှင်၊ ဖြူဖြူထွန်း ကြည်နူးပေမည်။ မမကိုမြင်လျှင် ကျွန်တော် ကြည်နူးပေသည်။

ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ကျွန်တော်ပါဝင် ကစားဖြစ်ခဲ့သေးသည်။ ထို့နောက် ဖေဖေ့ဌာန၊ ဘောလုံးအသင်း လူရွေးပွဲမှာ ကျွန်တော် ဝင်ရောက်အရွေးခံခဲ့သည်။

ဖေဖေ့သားအဖြစ် အသိမပေးဘဲ ဝင်ရောက်အရွေးချယ်ခံခဲ့ ရာ ဖေဖေ ကျွန်တော့်ကိုချီးကျူး၏။ သန်းဦးက မူလအသင်းဌာနမှနေ၍ အခြားဌာနသို့ ပြောင်းလဲခြင်းမရှိ။ ၎င်းအသင်းဌာနသည် (ဖေဖေတို့ အသင်းကဲ့သို့) ပထမတန်းပွဲစဉ်များတွင် ပါဝင်ယှဉ်ပြိုင်နိုင်ခွင့် ရှိနေ ပေပြီ။

●





၁၉၉၇ နွေရာသီတွင် တတိယနှစ်စာမေးပွဲကို မမ ဝင်ရောက် ဖြေဆိုနေမည်ဖြစ်ကြောင်း ကျွန်တော် ခန့်မှန်းသည်။

စာမေးပွဲနောက်ဆုံးနှစ်က ဖြူဖြူထွန်းထံသို့ ကျွန်တော် ဖုန်းဆက်သည်။ မမ စာမေးပွဲ ပြီးမပြီးကို ဥပါယ်တစ်မျိုးဖြင့် ကျွန်တော် မေးသည်။ "မမနှင်းကို သွားကြိုရအောင်။ ဒီနေ့နောက်ဆုံးနေ့"ဟု ဖြူဖြူထွန်း စကားစသည်။ ကျွန်တော် အားရဝမ်းသာ လေသံမျိုးမဖြစ် စေဘဲ "သွားချင်သွားလေ၊ ငါလိုက်ခဲ့ပေးမယ်"ဟု ပြောလိုက်၏။ ကျွန်တော့် ဝမ်းသာသွားသလို ဖြူဖြူထွန်း ဝမ်းသာသွားပေလိမ့်မည်။ ဝမ်းသာခြင်းသာတူညီပြီး ဝမ်းသာရခြင်းအကြောင်းတွေ မတူညီသဖြင့် စိတ်ထဲမှာတော့ မကောင်းပါ။

မေမေ့ကို ဆေးတိုက်ပြီး၊ ညနေစောင်းခါစတွင် ဘောလုံး ဝတ်စုံဖြင့်သာ ဖြူဖြူထွန်းရှိရာသို့ ထွက်ခဲ့သည်။

●

"ဒီနှစ်ယောက် ဘယ်မှာတွေ့လာကြတာလဲ"

"သူ ဖုန်းဆက်တာ။ ဖြူလည်းအိမ်မှာပျင်းတာနဲ့ မမနှင်း

www.burmeseclassic.com



လာကြိုမယ်ဆိုပြီး ထွက်လာကြတာ"

"မမ ဖြေနိုင်လား" ဟု ကျွန်တော် မေးသည်။

"ဖြေနိုင်တာပေါ့"

"မမ နည်းနည်းပိန်သွားတယ်"

"ဟုတ်မယ်၊ စာတွေက အရမ်းများတယ်။ မောင်လေးလည်း ပိန်သွားတယ်"

"ပြိုင်ပွဲရှိတယ် မမ။ ရှေ့လထဲမှာ၊ အဲဒါ ထရိန်နင်ပိနေလို့"

တခြားစကားတွေကိုသာ ပြောနေချင်ပါသည်။ ဖြူဖြူထွန်းက မမ၏ထမင်းဘူးလေးကို ကိုင်၏။ ကျွန်တော်နှင့်ဖြူဖြူထွန်း၏အကြားတွင် မမရှိနေသည်။ မမ၏လက်ျာဘက်သို့ နေရာရွှေ့ပေးသော ဖြူဖြူထွန်းကို ကျေးဇူးတင်ဖြစ်၏။

စကားသံပြတ်လျက် လမ်းလျှောက်နေခဲ့ကြရင်းမှ ကျွန်တော်က...

"ဒါဆို မမက သင်္ကြန်ပြီး အောင်စာရင်းထွက်တာနဲ့ ဖိုင်နယ်ရောက်ပြီပေါ့နော်"

"အင်းပေါ့"

"မမက နပ်(စ)ကို ဝါသနာပါလို့လားဟင်"

မမပြုံးသည်။





"မှန်းတုန်းကတော့ ဆေးတက္ကသိုလ်ကို မှန်းတာ။ အမှတ်မမီလို့ ဝိုင်အိုင်တီကို မယူတော့ဘဲ နပ်ဖင်းယူလိုက်တာ"

"ဆယ်တန်းအောင်တုန်းက ဝင်ခွင့်ဖြေတာ မဟုတ်ဘူးလား"

"အန်းထရန့်နဲ့ ဝင်ဖြေတာက ဒီပလိုမာတွေ။ မမတို့နဲ့ မတူဘူး။ မမတို့က တက္ကသိုလ်က မေဂျာတစ်ခုလိုမျိုး တက်ရတာ။ ဝင်ခွင့်ဖြေစရာမလိုဘူး။ ဆယ်တန်းအမှတ်နဲ့မီရင် တက်လို့ရတာပဲ။ အင်စတီကျူထဲမှာ ဆေးပြီးရင် စက်မှု၊ စက်မှုပြီးရင် နပ်ဖင်းက အမှတ်အများဆုံးလို့ ထင်တာပဲ"

"ဒါဆို ဆယ်တန်းအမှတ် တော်ရုံတန်ရုံနဲ့ ဘယ်ရမလဲနော်"

"ဟုတ်တယ်၊ ဆယ်တန်းအောင်လို့ ဝင်ခွင့်ဖြေပြီး တက်ရတဲ့သူတွေက ဒီပလိုမာပေါ့။ သင်တန်းဆင်းအောင်လက်မှတ်လိုဟာမျိုး ရမှာ"

"မမတို့ကျတော့ ဘွဲ့တစ်ခုအနေနဲ့ ရမှာ"

"ဖိုင်နယ်ပြီးရင် ဘွဲ့ရမှာပေါ့"

မမ ခေါင်းညိတ်သည်။

"ဘာဘွဲ့လဲဟင်"

"ဘီအက်(စ)စီ နာ့စ်ဖင်းပေါ့" ဟု ဖြူဖြူထွန်း ဝင်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



မမက...

“အဲဒီလိုတော့ ခေါ်ကြတယ်။ အမှန်က ဘီ-အင်န်-အက်(စ်)စီ၊ ဘက်ချလာအော့(ဖ်) နားဇင်း ဆိုင်းရင့်(စ်)ပေါ့”

“မာစတာတက်ချင်ရင်ကော”ဟု ကျွန်တော် မေးသည်။

“တက်လို့ရတယ်လေ၊ ဘီ-အင်န်- အက်(စ်)စီ ပြီးရင်၊ မာစတာတက်ပေါ့။ အမ်(မ်)- အင်န်- အက်(စ်)စီ ပေါ့”

“အင်း၊ အဲဒါကြောင့် မမတို့တွေနဲ့ ဒီပလိုမာတွေက ယူနီဖောင်း မတူတာကိုး”

“မင်းက နပ်(စ်)လုပ်မလို့လား”

ကျွန်တော် ပြုံးလျက် ခေါင်းခါ၏။ ပြီးနောက် ကျွန်တော်က

“ဒါဆို ယူနီဗာစတီမှာ အင်စတီကျူတစ်ခု တိုးလာတာပေါ့နော်”

“ဟုတ်တယ်၊ နိုင်တီဖိုးက စတာ”

“ကျောင်းပြီးရင် မမက ဂျူတီဝင်ရမှာလား”

“ထင်တာပဲ၊ သေသေချာချာတော့ မသိသေးဘူး။ တီးချင်းထဲ ရောက်မလား၊ ဝပ်ဒ်ထဲရောက်မလား။ မပြောတတ်သေးဘူး”

“နင် အင်တာဗျူးလုပ်နေတာလား၊ ကျော်ခန့်ဇော်”

“မသိလို့မေးတာပါဟ၊ ဘာလဲ နင် နားငြီးလို့လား”





“နားတော့ မငြီးပါဘူး၊ နင်က စိတ်ဝင်တစားမေးနေလို့”

မမ ပတ်သက်သမျှ အရာရာတိုင်းကို စိတ်ဝင်စားချင်သည်။ ဖြူဖြူဖွေးဖွေးသော အနားမှာမရှိဘူးဆိုလျှင်တော့ ကျွန်တော်တို့မေးခွန်းတွေ မေးမြန်းမိမည် မဟုတ်ပါ။

“ကျောင်းပိတ်ရက် မမ ပုသိမ်မပြန်ရင် ကောင်းမယ်”

“ဘာဖြစ်လို့လဲ”

“ရန်ကုန်သကြန်က ပိုပြီး ပျော်ဖို့ကောင်းတာပေါ့”

“ဟုတ်တယ် မမနှင်း။ မမနှင်းရဲ့အမေကို ရန်ကုန်လာဖို့ ခေါ်လိုက်မယ်လေ။ ဖြူနဲ့မမနှင်းနဲ့ သွားခေါ်မယ်လေ”

“ခေါ်ကြည့်တာပေါ့”ဟု မမ ဖြေသည်။ မမနှင့်ကျွန်တော် အတူတကွ ရေကစားကြရလိမ့်မည်ဟု မျှော်လင့်ခဲ့မိသည်။

●

ကျွန်တော် ကံဆိုးပါသည်။ ၁၉၉၇ အတာသင်္ကြန်ရက်ပိုင်းအတွင်း ကျွန်တော် စခန်းသွင်းလေ့ကျင့်ခန်း ဝင်နေရ၏။ မမကို ရေလောင်းခွင့်ပင်မရ။ ဖုန်းပြောခွင့်သာရသည်။ ကျေးဇူးတင်ဖို့ကောင်းတာက သည်နှစ်သင်္ကြန်မှာ မမ ဥပုသ်သီလ စောင့်နေခြင်းပဲဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



၁၉၉၇ ခု မိုးရာသီမှာတော့ မမြမြနှင်းတစ်ယောက် သူနာပြု တက္ကသိုလ် စတုတ္ထနှစ်တွင် တက်ရောက် ပညာသင်ကြားနေပြီဖြစ်ကြောင်း ကျွန်တော် ကြားသိရ၏။ မိုးရာသီတလျှောက်လုံး ကျွန်တော် ဘောလုံးပြိုင်ပွဲများသာ ရှိနေခဲ့သည်။

ထိုအတောအတွင်း ကျွန်တော့်ထံသို့ မမ တယ်လီဖုန်း နှစ်ကြိမ်ဆက်၏။ ဘောလုံးပွဲနှင့်ပတ်သက်သော အမေးအဖြေစကားတွေသာ သူပြောသည်။ မမနှင့်စကားပြောနေစဉ်မှာပဲ ဖြူဖြူထွန်း၏ အသံကို ဖုန်းထဲမှာ ကြားရသည်။ကျွန်တော့်ထံသို့ နှစ်ယောက်အတူ ဖုန်းဆက်ကြသည်ထင်၏။

●●●



၂၄။

စက်တင်ဘာလောက်တွင် မမ တက်ရောက်ပညာသင်ကြားနေသော သူနာပြုတက္ကသိုလ် စာသင်ဆောင်အသစ်ကြီးရှေ့သို့ ဖြူဖြူထွန်းနှင့်အတူ ကျွန်တော်ပါ ရောက်ဖူးခဲ့သည်။ မမကျောင်းအဆောင်းကို သွားကြိုခဲ့သည်။

●

"မင်းနဲ့ မမြမြနှင်းက ဘာလဲ ကျော်ခန့်ဇော်"

နှင်းများကို ဖြတ်သန်းလျက် သန်းဦးနှင့်ကျွန်တော် ပုံမှန်

www.burmeseclassic.com



အပြေးခြေလှမ်းဖြင့် ဘောလုံးကွင်းရှိရာသို့ လာခဲ့ကြသည်။

"ငါ ကိုယ်တိုင် ငါ့ကိုယ်ငါ မမေးတဲ့ မေးခွန်းကို မင်း ဘာဖြစ်လို့ မေးလိုက်တာလဲ သန်းဦး"

"အနော်ရထာရဲ့ မိဘုရားလောင်းမှန်းသိလျက်နဲ့ မဏိစန္ဒာကို ချစ်မိခဲ့တဲ့ ကျန်စစ်သားကို အပြစ်မရှိဘူးလို့ မင်း ပြောရဲသလား"

"ချစ်တာအပြစ်လား သန်းဦး"

"ချစ်တာ အပြစ်မဟုတ်ဘူး၊ မချစ်သင့်တာကို ချစ်တာ အပြစ်။ မမြမြနှင်း လက်ထပ်ချိန်မတိုင်ခင်အထိ မင်း သူ့အနားမှာ ရှိနေချင်တဲ့ မင်းရဲ့သံယောဇဉ်စိတ်ကို ငါ မစော်ကားလိုပါဘူး။

ဒါပေမယ့်ကွာ၊ ရတဲ့အခြေအနေအတွင်း တစ်ထွာလောက် ကပ်ရကပ်ရ၊ တစ်တောင်လောက် ကပ်ရကပ်ရ ကပ်နေတဲ့ကောင်လို့ မင်းကို တစ်စုံတစ်ယောက်က စွတ်စွဲရင်၊ မင်း ဘယ်လိုရင်ဆိုင်မလဲ"

ဘောလုံးကွင်းရှိရာ လမ်းကြားသို့အဝင်တွင် အပြေးခြေလှမ်းတွေကို နှေးစေပစ်လိုက်ကြ၏။

"မမရဲ့ ကျက်သရေရှိတဲ့မျက်နှာလေးကို ငါ့နောက်ဆုံး ထွက်သက်အထိ မြင်သွားချင်တာ အမှန်ပဲ သန်းဦး။ ခွဲခွာချိန်တန်ရင် ငါ ပြတ်ပြတ်သားသား ကျန်ရစ်ရဲမှာပါ"

"သူတစ်ပါးရဲ့ မြေနေရာပေါ်မှာ အခွင့်ရသလောက် နှစ် အကာန့်အသတ်အတွင်း သစ်ပင်စိုက်တဲ့သူလို ဖြစ်လိမ့်မယ်။

စိုက်ခွင့်မရတော့တဲ့အခါကျမှ စိုက်ပြီးသားသစ်ပင်ကို နုတ်ရမယ်ဆိုရင် မြေကြီးလည်းနာမည်၊ သစ်ပင်လည်းနာမယ်၊ စိုက်ရ နုတ်ရမယ့်သူလည်း ရင်နင့်မယ်။

မင်း ဖြူဖြူထွန်းကိုပဲ ကြိုက်လိုက်ပါလား"

ကျွန်တော် ခေါင်းခါ၏။

"ငါ့အမြင်တော့ မင်းက ဖြူဖြူထွန်းကိုပါ အနိုင်ကျင့်နေသလိုပဲ။ မမြမြနှင်းကို တွေ့ချင်ရင် မင်း ဖြူဖြူထွန်းဆီသွားတယ်။ မမြမြနှင်းနဲ့ စကားပြောချင်ရင် ဖြူဖြူထွန်းဆီကို ဖုန်းဆက်တယ်။

ဖြူဖြူထွန်း ရင်ထဲကိုလည်း ကြည့်ပါအုံးကွာ။ ဒီဇာတ်လမ်းမှာ ဖြူဖြူထွန်းကိုပဲ ငါ သနားမိတယ်။ ဖြူဖြူထွန်းရဲ့ ခံနိုင်ရည်ကိုပဲ ငါ ချီးကျူးချင်တယ်"

ဘောလုံးကွင်းထဲမှာ နှင်းတွေဝေနေပြန်သည်။ ကွင်းထဲသို့ ရောက်သည်နှင့် နှုန်းထားမြင့်မားသော ခြေလှမ်းများဖြင့် ကွင်းကိုပတ်၍ ကျွန်တော် ပြေးလွှားပစ်လိုက်၏။ ချွေးစို့မောပမ်းလာသည်အထိ နှင်း၏အေးစိမ့်ခြင်းက မကုန်ခမ်းသေး။ အချစ်ရှိနေသမျှ မည်မျှပင် ပူလောင်စေကာမူ အရာရာသည် အေးချမ်းလျက်ရှိလေ၏။







www.burmeseclassic.com

www.burmeseclassic.com



*ငါ့ကို မှလောင်စေတဲ့*

*မင်းရဲ့ မျက်နှာလေးကိုမှ*

*အိုအေစစ်လို့၊ ထင်မိတယ်။*

ဆိုတဲ့ ကဗျာလေးလိုပါပဲ။

"အိုအေစစ်"ကို တွေ့ချင်လို့ ကန္တာရထဲ ကျွန်တော် ဖြတ်ခဲ့သည်။

●

သန်းဦး၏ သတိပေးစကားသည် သူငယ်ချင်းကောင်းပီသသူတစ်ဦး၏ အသိပေးစကားဟု ကျွန်တော် လေးစားမြတ်နိုးစွာ နားထောင်ဆင်ခြင်ဖြစ်ပါသည်။

သို့သော်...

မမအပေါ်ထားရှိမိသည့် သံယောဇဉ်ကို အလွယ်တကူ ဖြတ်တောက်ပစ်၍ ရရှိနိုင်မည်မဟုတ်ကြောင်း ကိုယ့်ကိုကို သိနေသည်။

မမသည် ကျွန်တော့်၏ဆောင်း၊ မမသည် ကျွန်တော့်၏နှင်း၊ မမသည် ကျွန်တော့်၏အိုအေစစ်။





မမ မရှိတော့မည့်ဘဝ၊ မမကို စွန့်ခွာစွန့်လွှတ်ရမည့် အခြေအနေ၏ ရိုက်ခိုက်မှုနှုန်းထားကို ကျွန်တော် ကြိုတင်၍ တွေးတောဖြစ်သည်။ သန်းဦး ပြောသကဲ့သို့ နှုတ်ရခက်မည့် နွယ်၊ ဖြတ်ရခက်မည့် ကြိုး၊ ဖယ်ရခက်မည့် အစိုင်အခဲတစ်ခု ဖြစ်နေပေပြီ။

သေလွန်တော့မည်ဟု ကိုယ့်ကိုယ်ကို သိနေရသော ပုထုဇဉ်လူသားတစ်ဦးသည် သူ့နောက်ဆုံး ထွက်သက်အထိ တွယ်ငင်လိုသောအရာမှာ သူ၏ အသက်ပင်ဖြစ်သည်။ မမကို ကျွန်တော် အသက်တမျှ ချစ်ပါသည်။ တစ်သက်မက ချစ်ချင်သည်။ သေခါမှသေ၊ မသေခင်ကာလတလျှောက်လုံး အသက်ကိုသာ ခင်တွယ်သွားချင်၏။

●●●



www.burmeseclassic.com

www.burmeseclassic.com

၂၅။

"ဟဲလို" ဟူသောအသံသည် မမ၏အသံမဟုတ်မှန်းကျွန်တော် သိလိုက်၏။ ဖြူဖြူထွန်း၏ အသံ။

""ဖြူဖြူထွန်း၊ မမရော""

""ဘယ်သူ""

""မမြမြင့်နှင်းကောလို့""

""မမနှင်းလား၊ ဟို..နေမကောင်းဘူးဟ""

""ငါ မမနဲ့ စကားပြောချင်လို့""

""ဘာပြောမှာမို့လို့လဲ ဟာ။ ငါ့ကိုပြော၊ ငါပြောပေးမယ်""

မတွေ့မမြင်ရသည်မှာ ကြာမြင့်လွန်းပြီဖြစ်သဖြင့် သတိရ၍ ဖုန်းဆက်ကြောင်း ကျွန်တော် မည်သို့စကား ပါးရမည်မသိ။



၁၉၉၇ ခုနှစ် စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း မမနှင့် တစ်ကြိမ်သာ တွေ့ခွင့်ရခဲ့သည်။ သည့်နောက်ပိုင်း ကျွန်တော် မအား လပ်ခဲ့။

အားလပ်သည့်အချိန်တိုင်း မမထံသို့ ကျွန်တော် ဖုန်းဆက် သည်။ မမနှင့်စကားတွေ ဖောင်ဖွဲ့ဖြစ်ခဲ့သည်။ မမလည်း တစ်ခါတစ်ရံ ကျွန်တော့်ထံသို့ ဖုန်းဆက်သည်။ ဘောလုံးပွဲများအကြောင်း၊ ကျွန်တော့် မိသားစုအကြောင်း၊ သူ့ ပညာရေးအကြောင်းတွေ ပြောဖြစ်ခဲ့ကြသည်။ သတိတရစကား၊ ရင်တွင်းစကားတွေကို တစ်ခွန်းစ၊နှစ်ခွန်းစသာ ကျွန်တော် ထည့်ပြောဖြစ်ခဲ့၏။

"မမလည်း သတိရပါတယ်" ဟူသော တုန့်ပြန်စကားလောက် တော့ ကျွန်တော် ကြားခွင့်ရဖူးသည်။ "အချိန်တိုင်း သတိမရပါနဲ့၊ ဦးဖမ်းတဲ့အချိန် သတိရနေရင် ဂိုးဝင်သွားအုံးမယ်" ဆိုတဲ့ ကြည်သာရွှင်မြူးသော စကားလုံးလေးတွေ နားထဲမှာ ချိမြိန်ဖူးသည်။ လူချင်းမတွေ့ကြရသော်လည်း တွေ့နေမြင်နေရသကဲ့သို့ ကျွန်တော် ကြည်နူးစွာ စိတ်ချမ်း မြေ့ခဲ့၏။

ယခု ၁၉၉၈ခုနှစ်သို့အကူး၊ ကျွန်တော် ဘောလုံးပွဲစဉ်အသစ် တစ်ခုကို အစပျိုးရတော့မည့်အချိန်မှာ မမထံသို့ ဖုန်းဆက်၍မရ။ ဖုန်းဆက်၍မရဆိုတာက ဖုန်းဆက်သည့်အခါတိုင်း မမနှင့်မတွေ့မကြုံ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရခြင်းဖြစ်သည်။

"မမ ဘာဖြစ်နေလို့လဲဟာ"

"စာမေးပွဲနီးပြီတဲ့ဟာ၊ အဲဒါ နေမကောင်းဖြစ်နေလို့ အိပ်နေတယ်"

"ကျောင်းမတက်ဘူးလား"

"အေး၊ မတက်ဘူး"

"နင် ဘာဖြစ်လို့ လိမ်တာလဲ ဖြူဖြူထွန်း။ ညနေက မမ ကျောင်းဆင်းလာတာကို ဖယ်ရီကားပေါ်ကနေ ငါ မြင်လိုက်တယ်။ ဖြူဖြူထွန်း၊ ငါ မမနဲ့စကားပြောတာကို နင် မလိုလားတော့ဘူးလား"

"... ..."

"ဖြေလေဟာ"

"သြော်...၊ ငါ နင့်ကိုမေးစရာရှိတယ် ကျော်ခန့်ဇော်"

"ဘာမေးမှာလဲ"

"ငါနဲ့ မမနှင်းနဲ့ ငြင်းခုန်ထားတဲ့ကိစ္စဟ"

"ဘာကိုလဲ"

"ဘောလုံးအားကစားက၊ ဘယ်က စတာလဲ"

"အီတလီက"

"အာ... အဲဒါမေးတာမဟုတ်ဘူး။ ဘယ်လိုကနေ ဘယ်လို





စပြီးပေါ်လာတာလဲလို့ မေးတာ"

"ရောမခေတ်က စတာ"

"ဘယ်လို စတာလဲ"

"ရောမစစ်သားတွေက ရန်သူ့အလောင်းတွေရဲ့ ဦးခေါင်းတွေကို ခြေထောက်နဲ့ကန်ပြီး ကစားကြတယ်။

နောက်တော့ အဲဒီခေါင်းတွေ မရှိကြတော့တဲ့အခါကျတော့ တခြားအရာဝတ္ထုတွေကို အစားထိုးပြီး ကန်ကျောက်ကစားကြတာ။ အဲဒါ ဘောလုံးကစားခြင်းရဲ့ အစပဲ"

"နင် ဘယ်လိုလုပ်သိလဲ"

"ဖေဖေ ပြောပြတာ"

"လေးနှစ်လေး ကစားတာနဲ့ တူးသရီးဖိုက်ကစားတာ ဘယ်ဟာ ပိုကောင်းသလဲဟင်"

"ဖြူဖြူထွန်း"

ကျွန်တော် အသံမာစွာ ခေါ်လိုက်သည်။

"ဘာကြောင့် စကားလမ်းကြောင်းတွေ လွှဲနေရတာလဲ ဖြူဖြူထွန်းရယ်။ ငါ မမအခြေအနေကို သိပါတယ်ဟာ။ ငါ တစ္စတ်ထိုး လုပ်မယ့်ကောင် မဟုတ်ပါဘူး။ ငါ သူနဲ့စကားပြောချင်ရုံ သက်သက်ပါဟာ"



www.burmeseclassic.com

www.burmeseclassic.com



ငိုသံမကင်းသော တုန်ရင်သံကို ဖြူဖြူထွန်း ကြားပေလိမ့်မည်။

"ကျော်ခန့်ဇော်"

လေသံသုံ့သုံ့မျှ တုန်ရင်နေသော ဖြူဖြူထွန်း၏အသံ...။

"မမနှင်းရှိတယ်၊ မမနှင်းဘေးမှာ ငါ့အမေလည်း ရှိနေတယ်။ ဖုန်းထဲကနေ ငါ ဘာမှ ပြောလို့ရမှာမဟုတ်ဘူး။ ငါ ဖုန်းချလိုက်တော့မယ်။ မနက်ဖြန်မနက်ကျရင် ဘောလုံးကွင်းထဲမှာ နင်စောင့်နေပါ။ ငါ လာခဲ့မယ်"

"... ..."

လှျပ်စစ်လိုင်း ပြတ်တောက်သွား၏။

မနက်ဖြန်ဆိုတာ ဘာလဲဟင်။

●●●



၂၆။

*နှင်းတွေ ဝေ*
*မပြေသာ နှိုင်ဘီ။*
*နှင်းတွေ ကြွေ*
*ဝေဒနာသာ ပြည့်။*
*ပစ်ပယ်သူ ဝေးနေဆဲ*
*ဆောင်းလည်း မရှိ။ ။*

နှင်းတွေ ဝေနေပြန်ပါသည်။ ဘောလုံးကွင်းထဲသို့ သန်းဦးနှင့် ကျွန်တော် အစောဆုံးရောက်သည်။ ကွင်းလည်တွင် သန်းဦးက သွေးပူ

www.burmeseclassic.com

လှေကျင့်ခန်းလုပ်နေ၏။ ကျွန်တော်က မမ လာနေကျလမ်းကို ဂိုးတိုင်မှာမှီလျက် စောင့်မျှော်နေ၏။

နှင်းထဲမှာ အရိပ်တစ်ခုတွေ့သည်။ အရိပ်တစ်ခုတည်းသာ တွေ့လိုက်ရသဖြင့် မမ မဟုတ်မှန်း အလိုလိုသိလိုက်သည်။ နှင်းတောထဲကို ကျွန်တော် ဖြတ်လျှောက်ခဲ့သည်။ မြေနီလမ်း၏အစွန်တွင် ဖြူဖြူထွန်းနှင့် တွေ့၏။ အမွေးပွအင်္ကျီဖြူဖြူလေးကို သူ ဝတ်ဆင်ထားသည်။

"မနက်ဖြန် ငါ့အစ်ကို ပြန်လာတော့မယ်"

လျှင်လှိုင်းတွေ၊ မှန်တိုင်းတွေ ကျွန်တော့်ရင်ကို ဗဟိုပြုလျက် ခန္ဓာအနှံ့သို့ ရက်စက်စွာ တိုက်ခိုက်သွားပြီ။

"သြော် ..."

ရင်တွင်းလိုက်သံတစ်ခုတည်းသာ စကြာဝဠာတံတိုင်းတမျှ ရှည်လျားစွာ မြည်သွား၏။

"ကျော်ခန့်ဇော်"

မျက်ရည်စေ့မျက်ဝန်းများဖြင့် ဖြူဖြူထွန်း ကျွန်တော့်ကို မော်ကြည့်သည်။

"နှင် မမနှင်းအပေါ် သံယောဇဉ် ဘယ်လောက်ကြီးနေပြီဆိုတာ ငါ သိထားပါတယ်။ မမနှင်း နှင့်အပေါ်မှာ သံယောဇဉ်ရှိတယ်ဆိုတာလဲ ငါ ရိပ်မိပါတယ်။ ငါ ဘာမှ မနှောက်ယှက်ခဲ့ပါဘူး





ကျော်ခန့်ဇော်ရယ်။ ငါ နှင့်ကို အတတ်နိုင်ဆုံး ကူညီခဲ့ပါတယ်။ မမနှင်းကျောင်းကို နှင် သွားချင်မှန်းသိလို့ အခွင့်ရတိုင်း ငါ နှင့်ကို ဖုန်းဆက်ပြီး ခေါ်တယ်။ မမနှင်း နှင့်ကိုစကားပြောချင်နေမှန်း ငါသိရင် ငါ နှင့်ဆီကို ဖုန်းဆက်တယ်။ နှင့်အသံကိုကြားမှ မမနှင်းကို ငါ ဖုန်းပေးခဲ့တာပါ။

နှင်ကန်တဲ့ ဘောလုံးပွဲတွေကို မမနှင်း ကြည့်ချင်မှန်းသိလို့ ငါ တမင်ခေါ်ခဲ့တာ။ မနေ့က နှင်ဖုန်းဆက်တော့ မမနှင်းကို ငါ မခေါ်ပေးတာ နှင့် ငါ့ကို အထင်မလွဲပါနဲ့နော်"

"မလွဲတော့ပါဘူး"

နှင်းတွေအေးမြပါလျက် မျက်ဝန်းမှာ စပ်ဖျဉ်းနေ၏။

"နှင်နဲ့ မတွေ့သင့်တော့ဘူးလို့ မမနှင်း ငါ့ကို ပြောတယ်။ နှင် မမနှင်းကို နားလည်ပေးလိုက်ပါနော်"

ကျွန်တော် ခေါင်းညိတ်သည်။

"နှင့်အစ်ကိုက ဘယ်တော့ ပြန်လာမှာလဲ"

"မနက်ဖြန်၊ ည ကိုးနာရီ"

"သူကရော၊ မမကို ချစ်ရဲ့လားဟင်"

ဖြူဖြူထွန်း ခေါင်းညိတ်၏။

"လူကြီးသူမတွေက မမကို တစ်မျိုးတစ်မည်များ ထင်နေ

www.burmeseclassic.com



ကြသေးလား"

"မထင်ပါဘူး"

"နင်သိအောင် ငါတစ်ခုပြောမယ် ဖြူဖြူထွန်း...။ မမနဲ့ငါနဲ့ ချစ်သူတွေ မဟုတ်ကြဘူး။ ပွင့်ပွင့်လင်းလင်းပြောရရင် မမကို ငါ ချစ်တယ်လို့ ပြောခဲ့ဖူးတယ်။ ဒါပေမယ့် မမ ငါ့ကို ချစ်တယ်လို့ မတုန့်ပြန်ခဲ့ဖူးဘူး။ အဲဒါကြောင့် နင့်အစ်ကိုအတွက် မမအပေါ်မှာ ဘာသံသရမှ မရှိစေချင်ဘူး"

"ငါ ယုံပါတယ်၊ ငါ မြင်ပါတယ်၊ ငါ သိပါတယ်"

မျက်ရည်များ စီးကျသည်။ ကျွန်တော် မငိုဖြစ်အောင် ထိန်းထားရ၏။

"ဘာဖြစ်လို့ ငိုတာလဲဟာ"

"နင်တို့နှစ်ယောက်ကို သနားလို့"

"ဘာ"

"ချစ်တယ်လို့ ပြောမှ၊ ချစ်သူတွေဖြစ်ကြတာ မဟုတ်ဘူး ကျော်ခန့်ဇော်။ နင်တို့နှစ်ယောက်ရဲ့ သံယောဇဉ်က အရမ်းကို ဖြူစင် ပါတယ်ဟာ။ အထူးသဖြင့် မမနှင်းရဲ့ ခံနိုင်ရည်ကို အံ့သြတယ်။ သူ ကြိတ်ခံစားနေတယ်ဆိုတာ ငါသိတယ်"

ကျွန်တော့်ရင်ထဲ နင့်လာသည်။





"နင့်ကို မတွေ့တော့ဘူးလို့ ဆုံးဖြတ်လိုက်တဲ့ နေ့ကစပြီး မနေ့ညကအထိ သူ အိပ်ဆေးတွေသောက်ပြီးမှ အိပ်ရာဝင်တယ်။ လူမမြင်အောင် သောက်ပေမယ့်၊ ငါတွေ့တယ် ကျော်ခန့်ဇော်"

စီးကျလာသော မျက်ရည်စတွေကို ဖြူဖြူထွန်းဖယ်သုတ်သည်။ ကျွန်တော် မျက်တောင်တွေကို ပုတ်ခတ်ပစ်လိုက်၏။

"ပြန်လာပြီဆိုတော့ လက်ထပ်ကြတော့မှာပေါ့နော်"

"စီစဉ်နေကြပြီ"

"ဘယ်တော့များလဲ"

"မမနှင်းစာမေးပွဲက မတ်(ချ)လမှာ ပြီးမှာ၊ ဧပြီလ( )ရက် နေ့မှာ မင်္ဂလာပွဲလုပ်လိမ့်မယ်"

"ငါ လာဖြစ်မှာ မဟုတ်ဘူး"

"ငါလည်း နင့်ကို မလာစေချင်ဘူး"

"ခံနိုင်ရည်နည်းလို့ မလာတာမဟုတ်ဘူး။ အဲဒီနေ့က ငါ အခုကာန်ရမယ့် ဘောလုံးပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲနေ့ပဲ...။ ငါတို့အသင်းက မနှစ်က ဒုတိယဆုပဲ ရထားတာ။ ဒီနှစ် ပထမဒိုင်းဆုရအောင် ကန်မယ်။ အဲဒါကြောင့် မင်္ဂလာပွဲကို ရောက်မှာ မဟုတ်ဘူး"

"နင် ဘာပြောချင်သေးလဲ ကျော်ခန့်ဇော်"



www.burmeseclassic.com

www.burmeseclassic.com



"မရှိဘူး၊ မပြောတော့ဘူး။ ဒါပေမယ့် မမြမြနှင်းကို မေးချင်တယ်။ အခြေအနေ အဖြစ်မှန်ကို အသိပေးပြီး အဆက်အသွယ်မလုပ်နဲ့တော့လို့ ပြောရင်လည်း ငါ ခံနိုင်စွမ်း မနည်းပါဘူး။

ဘာမှမပြောဘဲ ဖြတ်တောက်ပစ်လိုက်တာဟာ အနာဖေးကို ဆတ်ခနဲခွာတာ ခံလိုက်ရသလိုပဲ။ ဘာကြောင့် အဲဒီလို လုပ်ရတာလဲ၊ ငါ သိချင်တယ်"

"သူ မပြောရက်လို့ နေမှာပေါ့၊ ပြောမထွက်လို့နေမှာပေါ့"

"ဖြူဖြူထွန်း၊ နှင် ငါ့ကို ဘယ်လိုမြင်လဲဟင်။ သိလျက်နဲ့ ဖွတ်တိုးခဲ့တဲ့သူလို့ မမြင်ဘူးလား။ မစောင့်စည်းတဲ့သူလို့ မထင်ဘူးလားဟင်"

"ငါ နှင့်ကို ဆိုးဆိုးရွားရွား မြင်လည်းမမြင်ဘူး၊ ထင်လည်း မထင်ပါဘူး၊ နှင် စောင့်စည်းခဲ့သားပဲ"

"မနက်ဖြန် မမနှင်း ကျောင်းတက်အုံးမှာလားဟင်"

"တက်မှာပေါ့၊ နှင် ကျောင်းကို သွားချင်လို့လား"

"မသွားတော့ပါဘူး၊ မသွားရဲဘူး၊ အော်ငေါက်လွှတ်လိုက်တာမျိုးကို ငါ မကြုံချင်ဘူး။ ဖြစ်နိုင်မယ်ဆိုရင်တော့ တွေ့ချင်တာပေါ့ဟာ။ ခရီးထွက်တော့မယ့်သူကို လာနှုတ်ဆက်သလိုမျိုးပေါ့"

"မမနှင်းကို ငါ ပြောပေးမယ်လေ"





"သူ လာမှာမဟုတ်ပါဘူး"

"နှင်ပြောသလို ငါပြောမှာပေါ့၊ လာနှုတ်ဆက်တာလို့ နော်"

ကလေးတစ်ယောက်အား ချေးသိပ်ချော့မော့သော မျက်နှာထားလေးကို ငေးကြည့်ကာ အားနာရသည်။

"နှင် ဝမ်းမနည်းဘူးဆိုတဲ့အကြောင်း၊ အခြေအနေကို နားလည်မှုရှိတယ်ဆိုတဲ့အကြောင်းကိုပါ ငါ ထည့်ပြောလိုက်မယ်နော်။ အဲဒါဆို မမနှင်း လာမှာပါ"

ကျွန်တော် ခေါင်းညိတ်လိုက်မိ၏။ နှင်းတွေဝေနေသေးသည်။

●●●



www.burmeseclassic.com

www.burmeseclassic.com

၂၇။

ဘုရားရှိခိုးကျောင်းအနီးရှိ အဆောက်အဦပျက်ကြီးအနီးသို့ မနက်စောစောလာပါရန် ဖြူဖြူထွန်း ဖုန်းဆက်မှာကြားသည်။

"ဘာသွားလုပ်မှာလဲကွာ၊ ငါသာဆို မသွားတော့ဘူး"

သန်းဦး၏စကားကို ကျွန်တော် လက်ခံချင်ပါသည်။

"နှုတ်ဆက်ရုံပါကွာ"

"နှုတ်ဆက်မယ်ဆိုပြီး ရထားဘူတာသွား၊ ရထားထွက်တော့ လက်ပြနှုတ်ဆက်၊ အဲဒီလို နှုတ်ဆက်နေရင်းက မခွဲနိုင်တော့ဘူးဆိုပြီး လက်မှတ်မပါဘဲ ရထားပေါ်ခုန်တက်လိုက်တဲ့အဖြစ်မျိုးတော့ ကြုံမလာစေချင်ဘူး သူငယ်ချင်း"



"စိတ်ချပါကွာ၊ ငါ ထိန်းနိုင်ပါတယ်"

ဝေးရတော့မည့်အသိကြောင့် ကမ္ဘာ့လည်ပတ်နှုန်းကိုပင် ရပ်တန့်ထားချင်သည်။ လက်ရှိအချိန်နာရီတွေ မရွေ့လျား၊ လက်ရှိအလင်းရောင်တွေ မကွယ်ပျောက်၊ လက်ရှိ နေ့ရက်တွေကို မကုန်ဆုံးစေသော ဟန့်တားရပ်တန့်နိုင်စွမ်းတွေ "အချစ်"မှာ မရှိတော့ပြီ။

သို့သော်...၊ အရာရာ၏ ပြောင်းလဲမှု၊ အရာရာ၏ ကွဲကွာမှု၊ အရာရာ၏ ထိုးနှက်မှုများကို ရင်ဆိုင်နိုင်စွမ်းသည့် ခံနိုင်ရည်စွမ်းအားဆုတော့ အချစ်မှာ ရှိနေနိုင်သေး၏။

●

မမ၏မျက်ခွံလေးတွေ မို့နေသည်။

"မမ နေကောင်းလား"

ခေါင်းညိတ်လျက်...

"ကောင်းပါတယ်"

"အိပ်ဆေးတွေ မသောက်နဲ့လေ မမရဲ့။ မမက သူနာပြုဆရာမပဲ၊ ကျွန်တော်က ပြန်ညွှန်ကြားရမှာလား။ ကျွန်တော်က အားကစားသမားဆိုတော့ တားမြစ်ဆေးတွေကို ပိတ်ပင်ရလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



မသောက်နဲ့တော့နော် မမ"

ကျွန်တော် ကြည်လင်စွာပြုံးလျက် ပြောသည်။

ထူထပ်သော နှင်းတောအကြား ဟိုးဘက် ဘောလုံးကွင်းစပ်ရှိ ကုက္ကိုလ်ပင်ကြီး၏အောက်တွင် ဖြူဖြူထွေး ထိုင်နေသည်ကို မှုံဝါးစွာ မြင်နေရ၏။

"ကျွန်တော်က အိပ်မပျော်ရင် ဝင်သက်ထွက်သက်ကို စိတ်က မှတ်လိုက်တာ မမရဲ့။ နောက်တော့ အိပ်ပျော်သွားရော။ မမလည်း ဝင်လေထွက်လေမှတ်ပေါ့၊ နော် မမ"

ခေါင်းညိတ်သည်။

မမကို ပြောသကဲ့သို့ ဝင်သက်ထွက်သက် ရှုမှတ်ခြင်းကို ကျွန်တော် မလုပ်ဖူးခဲ့ပါ။

"ဘောလုံးပွဲတွေ ရှိတယ်ဆို"

"ဟုတ်တယ်၊ ကျွန်တော် ဖိုင်လုပွဲကန်မယ့်နေ့နဲ့ မမ မင်္ဂလာဆောင်မယ့်နေ့နဲ့ တစ်နေ့တည်းပဲ"

အောက်မျက်ခမ်းသား အစ်အစ်လေးတွင်သာ ပြုံးယောင်သမ်းလျက်...

"မောင်လေးရဲ့အသင်း ဖိုင်လုပွဲရောက်မယ်လို့ ထင်ထားလို့လား"





"ထင်ထားတာမဟုတ်ဘူး မမရဲ့၊ ယုံကြည်တာ။ မနှစ်က ဒုတိယရထားတယ်။ ဒီနှစ်ရ‚ရမယ့်ဆုက ပထမဆုပဲ"

ကျွန်တော် နိုင်မတ်စွာ ပြောသည်။

"ဘယ်လို စိတ်ခံစားမှုကမှ မင်းရဲ့ ဖိုင်လုပွဲကို အနှောင့်အယှက် မဖြစ်စေနိုင်ဘူးလားဟင်"

"မဖြစ်နိုင်ဘူး မမ၊ အဲဒီ ဘောလုံးကန်မယ့်နေ့မှာ မေမေ သေသွားခဲ့ရင်တောင် အဲဒီဒိုင်းဆုကို ကျွန်တော် ရအောင်ယူလိုက်အုံးမှာပဲ"

"မင်း တကယ်ပြောနေတာလား မောင်လေး"

"တကယ်ပေါ့ မမရဲ့၊ ကျွန်တော်က ဘောလုံးသမားပဲ။ စိတ်လေလွင့်လို့ ဘယ်ရပါ့မလဲ၊ ပြီးတော့ ဘောလုံးကို ရှိုးတွင်းချဉ်ဆီထဲက ချစ်တာ၊ ကန်တဲ့ပွဲတိုင်း နိုင်ရမယ်"

မမ၏မျက်ဝန်းလေး ဝိုင်းနေသည်။

မလွှမ်း၊ မဆွေး၊ မငိုကြွေးသော ကြည်လင်နေသည့် ကျွန်တော့်မျက်နှာ၊ ကျွန်တော့် လေယူလေသိမ်းတွေကို နားထောင်ကြည့်မြင်ပြီး မမ အံ့သြနေပေလိမ့်မည်။

"မင်း ဖိုင်လုပွဲကန်မယ့်နေ့မှာ မမက၊ မမက မင်္ဂလာဆောင်နေမှာလေ"



www.burmeseclassic.com

"ဆောင်ပေါ့ မမရဲ့၊ ဘောလုံးပွဲက ညနေလေးနာရီဆိုတော့ မမ မင်္ဂလာဆောင်ကို မနက်ပိုင်းဖြစ်ဖြစ်၊ နေ့ခင်းဖြစ်ဖြစ်၊ ကျင်းပရင် ကောင်းမယ်။

မင်္ဂလာဆောင်ပြီးပြီးချင်း ဘောလုံးပွဲလာကြည့်ပေါ့ မမရဲ့၊ ကျွန်တော်ကတော့ လာကြည့်စေချင်တယ်။ ကျွန်တော် နိုင်အောင် ကန်မှာ"

"ကျော်ခန့်ဇော်"

မမ၏ခေါ်သံ သေးသေးသဲ့သဲ့လေး တုန်ရင်လှိုက်ခပ်နေ၏။ မျက်ဝန်းမှာ မျက်ရည်တွေကို မြင်သည်။

"လိမ်လိမ်မာမာနေနော်"

ယခုမှ ကျွန်တော် မျက်ရည်ဝဲသည်။

"ကျွန်တော် လိမ္မာပြီးသားပါ မမရဲ့၊ ကျွန်တော် ဘယ်တော့မှ မမိုက်ဘူး။ ကျွန်တော်က ဘောလုံးသမားလေ၊ ဘောလုံးကန်နေတာ ဟာ လောကဓံကို ရင်ဆိုင်နေတာပဲပေါ့"

မမနှင့်ဆန့်ကျင်ရာသို့ မျက်နှာကိုတစ်ချက်လွှဲကာ မျက်တောင် တွေကို မသိမသာ ပုတ်ခပ်ပစ်လိုက်သည်။

ကျွန်တော်ငိုနေတာ ဘယ်သူမြင်လို့လဲ။

"မင်းကို မမ စိတ်ချမယ်နော်"





"ဘာကိုလဲ မမရဲ့"

"မမကြောင့် မင်းကို စိတ်ထိခိုက်မှာစိုးရိမ်လို့"

"ဟား၊ မမကလည်း ဘာလို့ စိတ်ထိခိုက်ရမှာလဲ။ မမကို စတွေ့ကတည်းက မမ အခြေအနေကို မမ ပြောထားသားပဲ။ မမက အမေ့စကား နားထောင်တဲ့ သမီး။ ကျွန်တော်က မေမေ့စကား နားထောင်ချင်တဲ့ သား။ သားလိမ္မာနဲ့ သမီးလိမ္မာ၊ မောင်နှမ နှစ်ယောက်အကြားမှာ ဘာစိတ်ထိခိုက်စရာ ရှိရမှာလဲ။ တစ်ယောက်နဲ့ တစ်ယောက် နားလည်မှုမရှိတဲ့အခါ တစ်ယောက်က တစ်ယောက်ကို ရက်စက်တဲ့အခါမျိုးမှ စိတ်ထိခိုက်ရတာပါ။

မမနဲ့ ကျွန်တော့်အကြားမှာ ဘယ်သူကမှ ဘယ်သူ့ကို မရက်စက်ဘူးလေ၊ နားလည်မှုလည်း ကိုယ်စီရှိသားပဲ။ ဘောလုံးဗိုလ်လုပွဲ ရှုံးမှ ကျွန်တော် စိတ်ထိခိုက်မှာပါ"

ကြည့်စမ်း၊ ကျွန်တော့်မှာ ခံနိုင်ရည်တွေ တကယ်ရှိနေတာ သား၊ မမ မခံစားရအောင် ကျွန်တော် ခံနိုင်စွမ်းတွေ ထုတ်ပြနေတာ သား၊ ချစ်ခြင်းရဲ့ ခံနိုင်ရည်စွမ်းအားတွေဟာ ချစ်သူ့စိတ်နှလုံးကို ငြိမ်းအေးဖြည်ဆည်နိုင်ဖို့ ချွေးသိပ်မှုတွေ ပေးနိုင်စွမ်းပြီပဲ။ ကျွန်တော် ကျေနပ်ပါသည်။

"ဘာဖြစ်လို့ ငိုတာလဲ မမ"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"မင်း လိမ္မာတာကိုတွေ့လို့၊ မမ ဝမ်းသာလို့ ငိုမိတာပါ"

"ကျွန်တော် တစ်သက်လုံး လိမ္မာမှာပါ"

"မောင်"

အပ်နဖားပေါက်ကဲ့သို့ သေးငယ်သော ရေခဲမြစ်တစ်စင်း ရင်တွင်းသို့ စူးနစ်စိမ့်ဝင်သည်။ ကျွန်တော့်လက်ကို မမ ဆုတ်ကိုင်သည်။

"မောင်လေး"

"ပြောပါ မမ"

"မမကို ခွင့်လွှတ်နော်၊ မေမေ့စကားကို နားထောင်တဲ့ သမီး လိမ္မာတစ်ယောက်အဖြစ် မမကို နားလည်ပေးနော်"

ကျွန်တော် ခေါင်းညိတ်သည်။

"မိဘကျေးဇူးကို အထွေအထူး မဆပ်နိုင်တဲ့ သားသမီးတိုင်းဟာ မိဘစကားကို တသွေမတိမ်း လိုက်နာတာတစ်ခုတည်းနဲ့ပဲ ကျေးဇူး ဆပ်ခွင့်ရတယ် မောင်လေး"

"ကျွန်တော် နားလည်ပါတယ် မမ၊ ကျွန်တော့်အတွက် စိတ်ချပါ။ မမလည်း အိပ်ဆေးတွေဘာတွေ မသောက်နဲ့တော့နော်"

ခေါင်းအညိတ်၌ စိုစွတ်နေသောမြေပြင်ပေါ်သို့ မျက်ရည် တစ်စ ပြုတ်ကျသွားသည်။ စိုစွတ်သော နှင်းရည်များနှင့် ရောနှော





သွားသည့် မျက်ရည်စက်များ ငြိမ်းအေးပါစေသတည်း။

"မမကို မင်း ဘာမေးအုံးမလဲဟင်။ မမ ရင်ထဲမှာ ဘာရှိ တယ်ဆိုတာ မင်း သိချင်သေးသလား၊ မေးချင်သေးသလား"

"သိလည်း သိချင်ပါတယ်၊ မေးလည်း မေးချင်ပါတယ် မမ။ ဒါပေမယ့် မသိချင်တော့ပါဘူး၊ မမေးချင်တော့ပါဘူး။ ဘာဖြစ် လို့လဲဆိုတော့ မမရင်ထဲကို ကျွန်တော် မြင်လိုက်ရလို့ပါပဲ။ အဲဒီအတွက် မမကို ကျွန်တော် ကျေးဇူးတင်ပါတယ်"

မမ၏မျက်ရည်စက်များကို ကျွန်တော် မျက်နှာသုတ်ပုဝါဖြင့် ဖယ်သုတ်ပေးလိုက်သည်။ မျက်ရည်ကင်းစင်သွားသော မျက်ဝန်းသည် ဖန်ပြာခွက်အတွင်းရှိ ရတနာကျောက်မျက်တစ်ပါးကဲ့သို့ ကြည်လဲ့ ရွှန်းစိုနေလေ၏။

"ပန်းပွင့်ကို မရပေမယ့် ပန်းကိုယ်တိုင် ပေးကမ်းတဲ့ ပန်း ရနံ့လေး ခဏကို၊ ကျွန်တော် ရပြီးပါပြီ။

အဲဒီရနံ့လေးနဲ့ပဲ ကျွန်တော်တစ်သက်လုံး နေပျော်သွားမှာ ပါ။ နွေလို ပူပြင်းတဲ့အချိန်မှာ အဲဒီရနံ့ဟာ ကျွန်တော့်အတွက် ဆောင်း တစ်ခုပဲ။

ကန္တာရကိုဖြတ်သန်းရမယ့်အချိန်မှာ အဲဒီရနံ့လေးဟာ ကျွန်တော့်အတွက် အိုအေစစ်ပဲ။ အရာရာကို ရင်ဆိုင်ယှဉ်ပြိုင်ရမယ့်



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ အဲဒီ ရင်ခုန်လေးဟာ ကျွန်တော့်ရဲ့အင်အားပဲ။

အဲဒီအင်အားကို မဖန်တီးဘဲ ပေးခဲ့တဲ့ မမကို ကျွန်တော် အမြဲတမ်း ကျေးဇူးတင်နေပါ့မယ်"

ကျွန်တော့် လည်ပင်းတွင် ရွှေဆွဲကြိုးနှစ်ကုံး ရှိသည့်အနက် မေမေ ဝယ်ပေးထားသော ဆွဲကြိုးလေးကို ခြန်လှပ်လျက်၊ ကျန်သော တစ်ကုံးကို ကျွန်တော် ဖြုတ်ယူလိုက်သည်။ မမ၏လည်ပင်းတွင် ဝတ်ဆင်ပေးလိုက်သည်။

"မမ မလိုချင်ဘူး"

"မင်္ဂလာဆောင်မယ့်အချိန်မှာ ဘောလုံးပွဲရှိနေမှာမို့လို့ လက်ဖွဲ့ ပစ္စည်း ကြိုပေးတာလေ။ မမ မယူရင် ကျွန်တော် မကျေနပ်ဘူး"

မမ ငြိမ်သက်သွား၏။ ကျွန်တော်ချစ်သော ရွှေဘောလုံးလေး မမလည်တိုင်မှာ ခိုတွယ်လျက် ရင်ခွင်တွင် ခိုဝင်သွား၏။

ဘောလုံးကွင်းစပ်မှ ဖြူဖြူထွန်း လျှောက်လာသည်ကို မြင်၏။

"မမ သွားတော့မယ်"

ကျွန်တော် ခေါင်းညိတ်သည်။

"ဖြူဖြူထွန်းကို ကျေးဇူးတင်တယ်လို့ ပြောပေးပါ မမ"

မမ ခေါင်းညိတ်သည်၊ ခြေလှမ်းသည်၊ ကျောခိုင်းသည်။

ခြေလှမ်းရွှေ့စ ကျောခိုင်းစတွင်…





"မမ"

မမ လှည့်ကြည့်၏။

"ညဘက် လေယာဉ်ကွင်းသွားရင် နွေးနွေးထွေးထွေး ဝတ် သွားနော်၊ ညဘက် အရမ်းအေးတယ်"

ခေါင်းညိတ်၏၊ မျက်တောင်တွေ ပုတ်ခပ်သွားရှာသည်။

●

*ရှစ်ခွင်တိုင်းမှာ*
*မှိုင်းမှိုင်းမှုံဝေ*
*ရွှေရည်အဆင်း*
*ငွေရည် နှင်း။*
*နှင်းရဲ့ မနက်ခင်းထဲ*
*သင်းဖွဲ့ ပျော်ပိုက်*
*အဖော်လိုက်ခဲ့။*
*ပျော်လိုက်တာလေ*
*မနက်ခင်းပေါင်းများစွာ…*



www.burmeseclassic.com

ကြင်ကြင်နာနာဝိုက်ထွေး
နွေးနွေးထွေးထွေး ပွေ့ဖက်
ချစ်ရတဲ့မင်း
သက်ဝေ နှင်း။
ဟော...
ဥသြရဲ့ ခြေသံ
နွေရဲ့ တံလျှပ်
ဖျက်ခနဲ ဖျက်ခနဲ
လက်ရဲ့ ခက်ရဲ့နဲ့
နှင်း တောထဲကို အလာ၊
အို..
ကြင်နာသူ နှင်း
ရင်မှာ ပွပြင်း
နို့ရဲ့ မနက်ခင်း
ပုံစံ ဖျက်ယွင်းခဲ့ပေါ့ကွယ်...။ ။

၂၈။

ည ကိုးနာရီတိတိတွင် ကျွန်တော် သန်းဦးနှင့် ရုပ်ရှင်သွားကြည့်သည်။

ညည့်ဦးပိုင်းတွင် စားသောက်ဆိုင်တွေမှာ ထိုင်သည်။

"ဒီတစ်ညလုံး မမအကြောင်း မမေးကြး၊ မပြောကြး"ဟု သန်းဦးကို ကျွန်တော် နှုတ်ပိတ်သည်။

ဘောလုံးပွဲစဉ် တလျှောက်တွင် ကျွန်တော်တို့ အသင်းသည် ရှုံးပွဲ မရှိခဲ့။

ပွဲစဉ်တလျှောက်တွင် ပွဲစဉ်အလိုက် အကောင်းဆုံးကစားသမားဆုများ ချီးမြှင့်ရာ ကျွန်တော်တို့အသင်းမှ နောက်တန်းလူ ဘိုဘို

www.burmeseclassic.com



မြင့် (နံပါတ်လေး)က နှစ်ကြိမ်။ ရွှေတန်းကစားသမား ရဲမင်းထွန်း (နံပါတ်ဆယ့်တစ်)က တစ်ကြိမ်။ ကျွန်တော်က နှစ်ကြိမ် ရရှိထားသည်။

သန်းဦးတို့အသင်းနှင့် တစ်ကြိမ်သာ တွေ့ခဲ့သည်။ ကျွန်တော်တို့ အသင်းက ဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။ သန်းဦးတို့အသင်းသည် ပတ်လည်ကန်နေစဉ်မှာပဲ နှစ်ပွဲရှုံးတစ်ပွဲသရေဖြင့် အုပ်စုမှာ ကျန်ရစ်ခဲ့၏။

ကျွန်တော်တို့အသင်းက အုပ်စုပထမဖြစ်သည်။ တဖြေးဖြေးနှင့် အကြိုဗိုလ်လုပွဲ နီးကပ်လာသည်။

ကျွန်တော်တို့အသင်းအပါအဝင် အသင်းလေးသင်းသာ ဆန်ကာတင် ကျန်ရစ်ခဲ့၏။

မနက်ဖြန် ကျွန်တော်တို့ ပွဲတစ်ပွဲ၊ သန်ဘက်ခါ ကျန်အသင်းနှစ်သင်းတစ်ပွဲ။ ထိုနှစ်ပွဲမှ အနိုင်ရသည့် အသင်းနှစ်သင်းသည် နောက်ဆုံးဗိုလ်လုပွဲတွင် တွေ့ရမည်။

မှုင့်မှုင့်လင်းလင်း ဝန်ခံရမည်ဆိုလျှင် အကြိုဗိုလ်လုပွဲ မကန်ခင်တစ်ရက်က ကျွန်တော် ရင်နည်းနည်း ထိတ်မိသေးသည်။ အနိုင်စိတ်ကို မွေးထားသော်လည်း မနိုင်မှာတော့ စိုးရိမ်မိသေး၏။

●●●



# ကန္တာရ

www.burmeseclassic.com

www.burmeseclassic.com

## ၂၉။

မျက်လုံးဖွင့်မိလျှင် ဖွင့်မိချင်း၊ "ငါ ဘယ်ရောက်နေတာပါလိမ့်" ဟု ကျွန်တော် တွေးမိသည်။ မျက်နှာမူထားရာ မျက်နှာကျက်သည် စိမ်းဖန့်ဖန့်အရောင်။ ပြတင်းပေါက်ရှိ လေတွင်လွင့်နေသော လိုက်ကာ စသည်လည်း အစိမ်းရင့်ရောင်။

"ဆေးရုံရောက်နေတာပဲ" ဟု တွေးမိလျှင် တွေးမိချင်း ကုတင်နံဘေးရှိ ရပ်နေကြသူတွေကို ကျွန်တော် ငဲ့ကြည့်လိုက်၏။

"ဟင် မမ"

ကျွန်တော့်၏လက်ျာဘက်တွင် မမြမြနှင်းနှင့် ဖြူဖြူထွန်း။ ပြီးတော့ ဖြူဖြူထွန်း၏အစ်ကိုဟု ထင်ရသော လူတစ်ယောက်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်လက်ဝဲဘက်မှာတော့ သန်းဦးနှင့်ဖေဖေ။

ကျွန်တော် ကုတင်ပေါ်တွင် ငုတ်တုတ်ထထိုင်လိုက်သည်။ ကုတင်ခြေရင်း၌ ကျွန်တော့် အသင်းသားတွေကို တွေ့၏။

"အရမ်း မထနဲ့လေ၊ ဖြေးဖြေး"

မမ၏ အသံ။

"သတိရပြီးလား…သား"

ဖေဖေ့၏ အမေး။

"သား၊ ဘာဖြစ်တာလဲ ဖေဖေ။ သန်းဦး၊ ငါ ဘာဖြစ်တာလဲ။ အာ ဒီနေ့ဘောလုံးပွဲ ပြီးသွားပြီလား"

အကြိုဗိုလ်လုပွဲ ကန်ရမယ့်နေ့၏ ညဦးပိုင်းအချိန်ဟု ကျွန်တော် အသိဝင်သည်။ ဒါဆို အကြိုဗိုလ်လုပွဲ ကန်ပြီးသွားကြပြီပေါ့။ ကန်ပြီးသွားကြပြီလား၊ ဇဝေဇဝါ။

"မောင်လေး၊ ဘောလုံးကန်ပြီးသွားပြီလေ။ အဲဒါကို သတိရလား"

အားလုံး၏မျက်နှာတွေမှာ စိုးရိမ်ရိပ်တွေ ရှိနေကြ၏။ ဖေဖေ့မျက်နှာ ပို၍အုံ့မှိုင်းနေသည်။

ဖြူဖြူထွန်းက…

"ပွဲပြီးခါနီး ဂိုးတော့မယ့်ဘောလုံးကို နင်ထွက်ဖမ်းလိုက်တာ





လေ။ နင် မမှတ်မိဘူးလား၊ အခု နင် ဘောလုံးကွင်းထဲကနေ ဒီကို ရောက်လာတာ…"

"ငါ ဘာဖြစ်လို့လဲ၊ ငါ ဘာဖြစ်တာလဲ"

"ညီလေးဘာသာ ညီလေး စဉ်းစားကြည့်လေ။ စဉ်းစားလို့ရရင် ပိုကောင်းမယ်"

မမ၏နံဘေးရှိအမျိုးသားက ပြော၏။ မမ၏လည်ပင်းတွင် ရွှေဘောလုံးလေးကို တစ်ပိုင်းတစ်စ မြင်ရသည်။

"ဘိုဘိုမြင့်၊ ငါ ဘောလုံးကွင်းထဲမှာ ထိနိုက်မိတာလား"

"မင်းဘာသာ ပြန်စဉ်းစားကြည့်ပါကွာ။ မင်းဘာသာ သတိရအောင် စဉ်းစားခိုင်းတဲ့။ စဉ်းစားလို့ရရင် အခြေအနေကောင်းတယ် တဲ့"

"မောင်လေး၊ ပြန်လှဲနေလိုက်ပါလား"

ကျွန်တော် နောက်ကို လှန်ချမည်အပြု မမက…

"ဖြေးဖြေး၊ ဖြေးဖြေး၊ ခေါင်းကို သိပ်မလှုပ်နဲ့"

"ခေါင်းကို သိပ်မလှုပ်နဲ့"တဲ့။ ကျွန်တော် ဦးခေါင်းကို ထိထားတာလား။ အား… ကျွန်တော့် နောက်ကျောတွေ ကိုက်ခဲလာသည်။ ဒါဆို ကျွန်တော် နောက်စေ့ထိခိုက်တာ ဖြစ်မယ်။

မျက်လုံးတွေကို ကျွန်တော် မှေးစင်းပစ်လိုက်သည်။ ဘောလုံး



www.burmeseclassic.com

www.burmeseclassic.com



ပွဲ၏ ပွဲစဉ်တွေကို အစမှအဆုံး၊ အစမှ....အဆုံး၊ တစ်ခုချင်း ကျွန်တော် ပြန်စဉ်းစား၏။

ဒီနေ့ ဘောလုံးပွဲမစမီ ပွဲကြည့်စင်ပေါ်မှာ ဖေဖေနှင့်အတူ မေမေ့ကို တွေ့သည်။ မမြမြနှင်းတို့ လာ မလာကိုတော့ မမှတ်မိ။ "မေမေ့ကို ဖေဖေခေါ်လာတာလား"ဟု ပထမပိုင်းအပြီး၊ အနားယူချိန်တွင် ကွင်းထဲမှနေ၍ ဖေဖေ့ကို ကျွန်တော် လှမ်းမေးသည်။

ဖေဖေက...

"ဖေဖေ ခေါ်လာတာမဟုတ်ဘူး၊ သူ့ဘာသာလိုက်လာတာ၊ သားဖမ်းတာ တစ်ခါမှ မကြည့်ဘူးလို့တဲ့"

မေမေ အနားသို့ရောက်လာသောအခါ "မေမေ၊ စိတ်မလှုပ်ရှားစေနဲ့နော်၊ ပွဲက အရမ်းမြန်တယ်မေမေရဲ့။ သားအတွက် ဘာမှ မစိုးရိမ်နဲ့ သိလား"ဟု မေမေ့ကို ကျွန်တော် မှာကြားခဲ့သည်။ "ဖေဖေ၊ မေမေ့ကို ပြန်ပို့လိုက်ရင် ကောင်းမယ်။ ပွဲက အရမ်းကြမ်းတယ်"ဟု ဖေဖေ့ကို ပြောခဲ့သေးသည်။ ထိုအချိန်အထိ နှစ်ဘက် အသင်းနှစ်သင်းစလုံး ဂိုးမရှိသရေဖြင့် ရှိနေသေးကြောင်း၊ ကျွန်တော် တဖြေးဖြေး သတိရလာ၏။ တဖြေးဖြေး ပြိုင်ပွဲဖြစ်စဉ်တစ်ခုလုံးကို မြင်ယောင်နိုင်လာသည်။

●





ဒုတိယပိုင်း မိနစ်လေးဆယ်လောက်ကျမှ ကျွန်တော်တို့ဘက်က အနိုင်ဂိုး တစ်ဂိုးတည်း သွင်းနိုင်ခဲ့သည်။ အကြိုဗိုလ်ပွဲဖြစ်သဖြင့် နှစ်သင်းစလုံး အကြိတ်အနယ် ကစားနေရကြရသည်။

အထူးသဖြင့် ကျွန်တော်တို့အသင်း ရှုံး၍မဖြစ်။ အကြိုဗိုလ်လုပွဲမှာ နိုင်မှ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်ရမည်။ နောက်ဆုံးဗိုလ်လုပွဲမှာ တံခွန်စိုက်ဖလားကြီးကို ရရှိပေမည်။

ထိုအခါကျမှ ကျွန်တော် တာဝန်ကျေပေလိမ့်မည်။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က ပြိုင်ပွဲတွေ မစခင်ကတည်းက လက်မထောင်ပြီး ဒီနှစ်ပထမဆု ရ,ရမယ်ဟု ယုံကြည်နိုင်မာစွာ ကြွေးကြော်ခဲ့သူဖြစ်သည်။

ရင်းနီးခင်မင်သူတိုင်းကို ဒီနှစ် ဗိုလ်စွဲရမယ်ဟု ပိုင်ပိုင်နိုင်နိုင် ပြောဆိုခဲ့သူဖြစ်သည်။ ထို့ကြောင့် အားလုံးထက် ကျွန်တော် ပို၍ အားစိုက်ရပေမည်။

ပွဲပြီးခါနီး မိနစ်ဝက်လောက်အလိုတွင် ကျွန်တော့်ဂိုးစရိယာ၏ လက်ျာဘက်ခပ်လှမ်းလှမ်း၊ ကွင်း၏ ဘေးစီးအနီးမှ တစ်ဘက်အသင်း၏ တိုက်စစ်မှူးကန်တင်လိုက်သောဘောလုံးသည် ပိုင်နယ်တီစည်းရှိရာလောက်သို့ မြင့်မားစွာ မြောက်၍ကျလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့မကန်ခင်က ကျွန်တော်ဂိုးတိုင်၏ ညာဘက်နံဘေးတွင်သာ ရှိနေခဲ့သည်ဖြစ်ရာ ပိုင်နယ်တီစည်းအောက်သို့ ကျလာတော့မည့် ဘောလုံးကိုမီရန် ဂိုးရှေ့မှ အလျင်အမြန် ပြေးထွက်ရသည်။

ကျွန်တော်က ပြေးအထွက်၊ တစ်ဖက်အသင်း၏ ရှေ့တန်းလူတစ်ဦးကလည်း ထိုဘောလုံးကျမည့်နေရာသို့ အရှိန်ပြင်းစွာ ပြေးလာသည်ကို လှစ်ခနဲ မြင်လိုက်ရသည်။

မြောက်ကျလာသော ဘောလုံးကို တစ်ဘက်လူခေါင်းမတိုက်ခင် အလွန်မြင့်မားစွာ ကျွန်တော် ခုန်၍ ဖမ်းလိုက်၏။ ခေါင်းတိုက်ဖို့ ပြေးလာသူ၏အရှိန်ကို ကာကွယ်ရန် ဘယ်ခြေထောက်ကားထုတ်ဖို့ လျှပ်တပြက်အတွင်း ကျွန်တော် စဉ်းစားသေးသည်။ ခြေထောက်ထုတ်လိုက်ပါက သူ့ရင်ညွန့်နှင့် ကျွန်တော်ဖနောင့်နှင့် ဆောင့်မိမှာ သေချာ၏။

ငါ မီသားပဲ၊ သူ ရှောင်ထွက်သွားမှာပါဟု ထင်ပြီး၊ ဘောလုံးကိုသာ အာရုံပြု အမိဖမ်းလိုက်သည်။

ဘောလုံးပိုက်ပြီး အောက်သို့ ပြုတ်အကျ ပြေး၍ခေါင်းတိုက်သူ၏ဦးခေါင်းက ကျွန်တော့်ခါးသို့ ထိသွားပြီကို သိလိုက်သည်။ ကျွန်တော့်တစ်ကိုယ်လုံး ဟန်ချက်ပျက် မြောက်တက် ပြုတ်ကျသွားပြီကို သိလိုက်သည်။ ပိုက်ထားပြီးသော ဘောလုံး၊ လွှတ်ကျသွားခြင်း





မရှိသည်ကို သိလိုက်သည်။

ကျွန်တော့်နောက်စေ့နှင့် မြေကြီး ထိခိုက်မိပြီ ထင်လိုက်၏။

●

"ငါ ခေါင်းနဲ့မြေကြီးကို ရိုက်မိတာ မဟုတ်လား"

အသင်းသားများ ပြုံးလာကြသည်။

"နောက်ကော..."

ဘိုဘိုမြင့်က ဆက်မေးသည်။

"ငါ လေထဲမှာမြောက်ပြီး ပွန်းပျံသွားတာပဲ မှတ်မိတယ်။ ခေါင်းနဲ့ဘာနဲ့ ထိသလဲဆိုတာရယ်၊ ဒီကို ဘယ်လိုရောက်လာသလဲဆိုတာရယ်၊ အဲဒါကိုတော့ မမှတ်မိဘူး"

ဘိုဘိုမြင့်က...

"မင်းလည်း အဲဒီအလုံးကို ဖမ်းပြီးရော၊ ပွဲလည်းပြီးတာပဲ။ ဒါပေမယ့် မင်း မထနိုင်တော့ဘူး။ ပြေးပြီးလာကြည့်ကြတော့ မင်းပါးစပ်က အမြှုပ်တွေထွက်နေပြီ။ နောက်စေ့နဲ့ မြေကြီးနဲ့ ရိုက်မိတာ"

"ငါ ခြေထောက်ထုတ်လိုက်ရင် ဒီကောင်သေမှာကွ။ ငါက ဒီကောင် ရှောင်ထွက်မယ်လို့ ထင်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက သူများကို သွားညှာ၊ ဟိုက မင်းကို မညှာဘူး။ အဲဒီကောင်ကို အနိုကပ်ပြလိုက်သေးတယ်"

"ရဲမင်းထွန်း၊ ငါတို့နိုင်တယ် မဟုတ်လား။ သန်ဘက်ခါ ငါတို့ ဗိုလ်လုပွဲတက်ရပြီ မဟုတ်လား"

"ဟုတ်တယ်၊ နိုင်တယ်၊ မင်း ဖမ်းမိတဲ့အလုံး လွတ်သွားရင်တော့ မပြောတတ်ဘူးပေါ့ကွာ"

အသင်းသားတွေ ရယ်ကြသည်။

"မင်း ဘယ်လို နေသေးလဲ"ဟု သန်းဦးမေးသည်။

"ခေါင်းနည်းနည်းကိုက်တယ်။ ဒါပေမယ့် ငါ ဗိုလ်လုပွဲ ဖမ်းနိုင်မှာပါ"

ဖေဖေ့မျက်နှာကို ကျွန်တော် လှမ်းကြည့်လိုက်သည်။ ကြည့်လျက် ကျွန်တော် ဝှမ်းခနဲ ထထိုင်လိုက်၏။

"ဖေဖေ၊ မေမေရော... မေမေရော။ မေမေ၊ မေမေ"

ကျွန်တော် ထိတ်လန့်တုန်လှုပ်စွာ မေးလိုက်သည်။ ကျွန်တော် အခုလို ထိခိုက်မိတာကို မေမေ မြင်မှာပေါ့။ မေမေ လန့်သွားသေးလား၊ စိုးရိမ်သွားသေးသလား။

"မေမေရော ဟင်၊ ဖေဖေ သားမေးနေတယ်လေ"

အားလုံးငြိမ်သက်သွားကြသည်။ "သား သက်သာအောင်





မေးနေလိုက်ပါအုံး"ဟု ဖေဖေ ပြောသည်။

"သန်းဦး၊ ငါ့ မေမေရော ဟင်။ မေမေ ဘောပွဲလာကြည့်တယ်ကွ။ မေမေ တစ်ခုခုဖြစ်နေပြီ မဟုတ်လား"

"ဘာမှမဖြစ်ပါဘူး။မင်းဘာသာနေကောင်းအောင် နေစမ်းပါ"

"ငါ နေကောင်းတယ်၊ ငါ ဘာမှ မဖြစ်ဘူး"

ကျွန်တော် ကုတင်ပေါ်မှ ဆင်းလိုက်၏။

ကျွန်တော့်ကို ဝိုင်းဆွဲထားကြသည်။

"ငါ့ကို မဆွဲကြနဲ့၊ ငါ ဘာမှ မဖြစ်ဘူး။ ငါ့မေမေကို ငါ သွားရှာရမယ်။ ငါ့မေမေက ငါ့ကို သိပ်စိုးရိမ်တာကွ"

"မောင်လေး၊ ခဏထိုင်နေပါအုံး"ဟု မမြမြနှင်း တားဆီးသည်။

ဆရာဝန်ကြီးတစ်ယောက် ဝင်လာ၏။

"ဩော်...၊ သတိရနေပြီပဲ၊ အန်သေးလား"

"မအန်ဘူးဒေါက်တာ"ဟု မမြမြနှင်း ဝင်ဖြေသည်။

"အားလုံးကို သတိရလား"ဟု ကျွန်တော့်ကို မေးသည်။

ကျွန်တော် ခေါင်းညိတ်၏။ ဖေဖေ့ကို ကြည့်လျက် ဆရာဝန်ကြီးက...

"ဘာမှ မဖြစ်ပါဘူး၊ စိုးရိမ်စရာမရှိဘူး။ ဓာတ်မှန်ထဲမှာလည်း အားလုံးကောင်းတယ်။ နှစ်ဆယ့်လေးနာရီအတွင်း ခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



တော့ သိပ်မလှုပ်ရှားစေချင်သေးဘူး။ လောလောဆယ် အိပ်ဆေး သောက်အိပ်ဖို့ လိုမယ်''

''ကျွန်တော် ဆေးရုံက ဆင်းလို့ရပြီလား၊ ဒေါက်တာ''

'မနက်ကျမှပဲ ဆင်းလိုက်ပါ'ဟု ပြောသွားသည်။

●●●



၃၀။

ဘယ်လောက်တောင် နာကျင်စရာကောင်းလိုက်သလဲ။ ဘယ်လောက်များ ကံဆိုးလိုက်သလဲ။

ဒီနေ့ နေ့လည် နှစ်နာရီမှာ မမရဲ့ မင်္ဂလာဆောင်။ အခု ညနေ သုံးနာရီမှာ မေမေ့ရျာပန။ (ကျွန်တော့်ကြောင့် မေမေ သေရတာပါ)

ညနေ လေးနာရီမှာ ကျွန်တော်တို့ ဘောလုံးအသင်း ဗိုလ်လုပွဲ။

အားလုံးကတော့ ဒီနေ့ ပြိုင်ပွဲမှာ ကျွန်တော့်ကို ဝင်မကန် စေချင်ကြဘူး။ ဒါပေမယ့် ကျွန်တော် ကန်မှဖြစ်မယ်။

●

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး၊ အုတ်ဂူကို မပိတ်ပါနဲ့အုံး"

မေမေ့အခေါင်းကို ဂူအတွင်းသို့ ထည့်ပြီးပြီးချင်း အုတ်ဂူစီမံသူအား ကျွန်တော် ပြော၏။

ဈာပနကို လိုက်လံပို့ဆောင်သူတွေက ကျွန်တော့်ကို ဝိုင်းကြည့်နေကြသည်။ ဖေဖေက...

"ဘာလုပ်မလို့လဲ သား။ သား ဘာလုပ်ချင်သေးလို့လဲ"

"ညနေကျရင် သား ဒီကို တစ်ခေါက်ပြန်လာခဲ့မယ်ဖေဖေ။ ဒီနေ့ ဗိုလ်လုပွဲမှာ ရမယ့် သားရဲ့ပထမဆုတံဆိပ်ကို မေမေ့နဲ့ထည့်ပေးလိုက်ချင်လို့"

အမှန်က ယခုအချိန်သည် ကျွန်တော် ငိုကြွေးရမည့်အချိန်ဖြစ်၏။ ဒါပေမယ့် ကျွန်တော့်မှာ ငိုချိန်မရ။

"ပထမဆုရလိမ့်မယ်လို့ သားကိုယ်သား ယုံကြည်ထားလို့လား"

'ယုံကြည်တယ်' ဟူသော စကားလုံးတစ်လုံးတည်းကို ကျွန်တော် မပြောချင်တော့။

အခေါင်းတွင်းရှိ မေမေ့၏မျက်နှာကို ကျွန်တော် ငုံ့ကြည့်လိုက်သည်။





"ဒီနေ့ ဗိုလ်လုပွဲမှာ ပထမဆု မရခဲ့ရင်၊ ဒီတစ်သက်လုံး သား ဘောလုံးမကန်တော့ဘူး။ အခု သွားယူမယ့် ပထမဆုတံဆိပ်က မေမေ့အသက်နဲ့ တန်ဖိုးအတူတူပဲ"

ဖေဖေ့အမူအရာ တည်ငြိမ်လွန်းလှသည်။ ခပ်လှမ်းလှမ်းတွင် ကျွန်တော့်အသင်း၏ အုပ်ချုပ်သူများကို တွေ့မြင်ရ၏။

"ဒါဆို၊ သား သွားတော့လေ။ ဖေဖေ ဘောလုံးပွဲ လိုက်မကြည့်တော့ဘူး။ သားပြန်လာတဲ့အထိ ဒီနေရာကပဲ ထိုင်စောင့်မယ်"

"ဟုတ်ကဲ့"

ဖေဖေ့ကို ကျွန်တော် ကန်တော့သည်။

မေမေ့ကို ကျွန်တော် ကန်တော့လိုက်၏။

●

'မင်းတို့၊ ငါ့ကို လက်ဆောင်တစ်ခုပေးပါ။ အဲဒီလက်ဆောင်ကတော့ ဟိုဘက်အသင်းကို အနိုင်ဂိုးတစ်ဂိုး သွင်းပေးဖို့ပဲ' ဟု ပြိုင်ပွဲမစတင်မီ အသင်းသားများကို ကျွန်တော် ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အသင်းသားများအားလုံး ကျွန်တော့်ဝေဒနာကို သိကြသည်။

"စိတ်ချကျော်ခန့်ဇော်၊မင်းမေမေကို မင်းလက်ဆောင်ပေးလိုက်ဖို့ ငါတို့အားလုံးကြိုးပမ်းကြမယ်။ နိုင်ကိုနိုင်ရမယ် သူငယ်ချင်း"

ရဲမင်းထွန်းက လက်မထောင်ပြီး ပြော၏။ အသင်းသားများအားလုံး ကွင်းလယ်တွင် လက်ဝါးချင်း ရိုက်ပစ်လိုက်ကြသည်။ ကျွန်တော့်စိတ်တွေ ပိုမိုတက်ကြွလာ၏။

ကွင်း၏လေးဘက်လေးတန် ပွဲကြည့်စင်များအားလုံး ပရိသတ်တွေ ပြည့်လျှံ၏။ လက်ခုတ်သံများ၊ အားပေးသံများကို ဝေါခနဲ ဝေါခနဲ ကြားနေရသည်။

တစ်ဘက်အသင်း တစ်သင်းလုံး၏ အသင်းသားများသည် ကျွန်တော်တို့အသင်းထက် မညံ့ကြောင်း၊ ကျွန်တော် သတိပြုဆင်ခြင်၏။

ကျွန်တော့်ရှေ့ ကျွန်တော့်အနီးသို့ ဘောလုံးကျရောက်လာပြီး ကျွန်တော် ဖမ်းယူကာကွယ်စဉ်တိုင်း ဘောလုံးကန်နေသည်ဟု ကိုယ့်ကိုယ်ကို မယူဆတော့။ မေမေ့ကိုပေးရမည့် လက်ဆောင်ပစ္စည်းကို ဖမ်းယူကာကွယ်နေခြင်းဟု ကိုယ့်ကိုယ်ကို နှလုံးသွင်းသည်။

"ဂိုး"

"ဂိုး"





ရဲမင်းထွန်း ခြေစွမ်းပြလိုက်နိုင်ပြီဟု ကျွန်တော် သိလိုက်သည်။ ဒုတိယပိုင်း ဆယ်မိနစ်လောက်ကြာမှ သွင်းယူလိုက်သော အနိုင်ဂိုးဖြစ်၏။ လက်ဝဲဘက်လက်သီးကို ကျွန်တော် ကျစ်ကျစ်ဆုတ်ထားသည်။ ဂိုးတိုင်ကို ညာဘက်လက်ဖြင့် ကိုင်ပြီး၊ တင်းကျပ်စွာဆုပ်ကိုင်ထားမိသည်။ ကျွန်တော် ရဲမင်းထွန်းကို ကျေးဇူးတင်လိုက်တာ။

ကျွန်တော့်သူငယ်ချင်းတွေကို ကျေးဇူးတင်လိုက်တာ။

အနိုင်ဂိုးသွင်းယူလိုက်ပြီဖြစ်သဖြင့် သူတို့ တာဝန်ကျေပြွန်ပေပြီ။ ကျွန်တော့်တာဝန်သာ ကျန်တော့၏။

ကျားရဲတစ်ကောင်ဟု ကိုယ့်ကိုယ်ကို မာန်သွင်းသည်။ ခြင်္သေ့တစ်ကောင်ဟု ကိုယ့်ကိုယ်ကို ယူဆသည်။ ဘောလုံးသည် ကျွန်တော့်ဂိုးတိုင်ထဲသို့ ဝင်လာဖို့နေနေသာသာ ဂိုးရိယာရှေ့သို့ပင် ကျွန်တော်အကျမခံ။ ကျွန်တော် အပြတ်ရှင်းသည်။

ဘောလုံးဆွဲလာသူတိုင်းသည် ဘိုဘိုမြင့်၏ တံတိုင်းကိုလည်း ကျော်၍မရ။ ဂိုးအတွင်းသို့ ဦးတည်လာသော တစ်ဘက်အသင်း၏ ဘောလုံးများသည် ကျွန်တော့်ခြေ၊ ကျွန်တော့်လက်၊ ကျွန်တော့်မျက်လုံးထက် ပို၍ မမြန်ဆန်ခဲ့ကြပေ။

ဂိုးရှေ့သို့ တစ်ချက်ထောက်ပြီး မြောက်နေသောဘောလုံးကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပြေးတက်ခုန်ဖမ်းသည်။ တစ်ဖက်အသင်း၏ တိုက်စစ်မှူးကလည်း ပြေးလာသည်။ ဘောလုံးကျမည့်နေရာသို့ နှစ်ယောက်အတူရောက်သော်လည်း ကျွန်တော် လက်ဦးသည်။ ပြေးလာသူကို ဂရုမပြုဘဲ၊ ရှေ့သို့ ကျွန်တော့်ခြေထောက်ကိုထုတ်ပြီး ဘောလုံးကို ဖမ်းယူလိုက်၏။

ကျွန်တော့်ခြေဖနောင့်နှင့် ပြေးလာသူ၏အရိုက်တို့ မိတ်ဖွဲ့သွားသည်။ သူ ခွေကျသွားသည်။ ကျွန်တော် မတတ်နိုင်ပါ။ မေမေ့ကို လက်ဆောင်ပေးလိုက်ဖို့ ပို၍ အရေးကြီးသည်။

ကျွန်တော့်နောက်တန်းလူ ဘိုဘိုမြင့်နှင့် တစ်ဘက်အသင်း၏ တိုက်စစ်မှူးတစ်ဦး၊ ဘောလုံးကို ယှဉ်လုလာကြသည်။ ဘိုဘိုမြင့် ဘောလုံးကို လိုက်မမီနိုင်တော့ဟု ကျွန်တော် ခန့်မှန်းသည်။

"ကျော်ခန့်ဇော် တက်"

အော်ပြီး ဘိုဘိုမြင့် ဘေးအထွက်...

'လွှတ်ထား'ဟု အော်ပြီး၊ ဘောလုံးရှိရာသို့ ကျွန်တော် ခန္ဓာကိုယ်ကို ခင်းပစ်လိုက်သည်။ ဘောလုံးကို လက်ဝါးနှစ်ဘက်ဖြင့် ဖမ်းယူပြီး ဘယ်ခြေကို အပေါ်သို့ ထောင်တင်လိုက်သည်။ ထိုခြေထောက်၏အဟန့်အတားကြောင့် ဘိုဘိုမြင့်နှင့်ယှဉ်ပြေးလာသူ တိုက်စစ်မှူး ကျွန်တော့်အပေါ်မှ ပျံမ်းပစ်ခွေကျသွား၏။ ကျွန်တော် စိတ်





မကောင်းပါ။

လောလောဆယ် အနိုင်ရဖို့က ပို၍ အရေးကြီးနေသည်။

●

'တစ်ဂိုး ဂိုးမရှိဖြင့် ကျွန်တော်တို့ အနိုင်ရ၏။ ဆုပေးပွဲပြီးလျှင်ပြီးချင်း ကွင်းပြင်သို့ ကျွန်တော် အပြေးထွက်သည်။ သန်းဦး၏အကူအညီဖြင့် မေမေစောင့်နေရာသို့ အလျင်အမြန်ရောက်ခဲ့သည်။

အုတ်ဂူအတွင်းရှိ မေမေ့ရင်ခွင်ထဲသို့ ကျွန်တော့်၏ ပထမဆုတံဆိပ်ကို ရှိသေစွာ ကျွန်တော် ထည့်ပေးလိုက်၏။ မေမေ ကျွန်တော့်ပခုံးကို ကိုင်ထားသည်။ မေမေ့မျက်နှာကို ကျွန်တော် ငေးကြည့်နေမိသည်။

"သား၊ ငိုချင်ရင် ငိုပစ်လိုက်လေကွာ။ တင်းမထားနဲ့"

ကျွန်တော့်မျက်လုံးတွေ နီရဲစို့စွဲလာပြီထင်၏။

"မေမေ့အတွက် မျက်ရည်ကျတာပဲ။ မေမေအတွက် ငိုတာပဲ။ ငိုပစ်လိုက်ပါ၊ သား ငိုလေ၊ ငိုလိုက်လေ"

ကျွန်တော် ငို၍မရ၊ ရင်ထဲမှာ ဆို့လာသည်။

"မေမေ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ခေါ်သံကို မေမေ ကြားနိုင်လိမ့်မည်မဟုတ်တော့။

●

ကားတစ်စီး အနားတွင် လာရပ်သည်။ မမြမြနှင်းတို့ဇနီးမောင်နှံနှင့် ဖြူဖြူထွန်းကို တွေ့၏။

ကျွန်တော့်ကို လာရောက်တွဲခေါ်ကြသည်။

မမြမြနှင်းသည် ကျွန်တော့်အစ်မ။ ကိုနေထွန်းအောင်သည် ကျွန်တော့်အစ်ကို၊ ဖြူဖြူထွန်းသည် ကျွန်တော့် နှမဖြစ်သွား၏။

အမိမဲ့သားတစ်ယောက်ကို ညီအစ်ကို မောင်နှမများက လာရောက် ခေါ်ငင်သည်...ဟု ခံစားရ၏။ ဖြူဖြူထွန်း ကျွန်တော့်လက်ကို တွဲထားသည်။ ကိုနေထွန်းအောင် ကျွန်တော့်ပခုံးကို ကိုင်ထားသည်။ မမြမြနှင်း ကျွန်တော့်ကို ဆေးလိမ်းပေးသည်။

ထိုအခါကျမှ မေမေ့ကို ဝိုသတိရ၏။

ထိုအခါကျမှ ကျွန်တော် မျက်ရည်ကျသည်။ ထိုအခါကျမှ ကျွန်တော် ငိုသည်။

"မေမေ..."

မေမေ ကျွန်ရစ်ခဲ့ရာသို့ လှည့်ကြည့်အော်ခေါ်လိုက်မိသည်၊





မျက်ရည်တွေ ဖြိုကျလာသည်။ နွေညၡ ကန္တာရထဲတွင် ဆောင်း၏နှင်းတွေ မရှိတော့...။ ။

●●●

လေးစားခင်မင်လျက်....

**မောင်လှမျိုး** (ချင်းချောင်းခြံ)

၁၉၉၈



www.burmeseclassic.com